
www.burmeseclassic.com



# မင်းသိခ

ရွှေယမင်းဦး

သူတို့သားအဖ ပြောပြကြသည့်

## စိတ်ဝင်စားစရာအကြောင်းများ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်းသိခ်၊ရွှေယမင်းဦး
# သူတို့သားအဖပြောပြကြသည့်
# စိတ်ဝင်စားစရာအကြောင်းများ
စီစဉ်သူ-မောင်ယဉ်ကျော်

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၀၉၁၁၀၇
အဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၀၄၉၁၂၀၇

ပထမအကြိမ်
၂၀၀၈ခုနှစ်၊ဇန်နဝါရီလ
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၅၀၀ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ(၀၉၁၀)
တ် (၁၁၁)၊ ၃၁လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးဝင်းမြိုင်(၀၂၄၈၆)၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်
၁၁၃၊၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



မင်းသိခ်



ရွှေယမင်းဦး

သူတို့သားအဖပြောပြကြသည့် စိတ်ဝင်စားစရာအကြောင်းများ

သမီးနှင့်အဖေ
ရှောဂဟေအစီအစဉ်

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ဆရာကြီးမင်းသိခ်ရယ်

ဆရာမရွှေယမင်းဦးရယ်

ပြီးတော့ ကျွန်တော်ရယ် –

ကျွန်တော်နဲ့ သူတို့နှစ်ယောက်သည် သွေးမတော်သားမစပ်ပေမယ့် နေတဲ့နယ်မြေစပ်နေတာက တစ်ကြောင်း၊ ဝါသနာတူနေတာက တစ်ကြောင်းမို့ နှစ်ပေါင်းများစွာကပင် ရင်းနှီးခင်မင်အမျိုးတွေလိုဖြစ်ခဲ့ကြသည်။ ဆရာကြီး မင်းသိခ်က ကျောက်မြောင်းလမ်းမှာနေသလို၊ ဆရာမရွှေယမင်းဦးက ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းမှာနေပြီး၊ ကျွန်တော်က တာမွေ၊ မေတ္တာညွှန့်မှာနေသည်။ ကျွန်တော်တို့ သုံးယောက်စလုံးတာမွေသားတွေ။ ဆရာကြီးက စာရေးရင်းဗေဒင်ဟောသည်။ ကျွန်တော်က စာရေးရင်း တာဝန်ခံအယ်ဒီတာလုပ်သည်။ ကျွန်တော်အလုပ်လုပ်သည့် သစ်ဆန်းစာစောင်တိုက်သည် ကျောက်မြောင်းမလွှကုန်းလမ်းဆိုတော့ သူတို့နေတဲ့ လမ်းတွေနဲ့ နီးနီးလေး။ ဒီတုန်းက ရွှေယမင်းဦးက ဗေဒင်ဆရာမမလုပ်သေး။ စာမရေးသေး၊ စာရေးဆရာမ မဖြစ်သေး။ ကျောင်းဆရာမဒေါ်နွဲ့ဘဝနဲ့ပဲရှိသေး။ ဒီတော့ ကျွန်တော်အလုပ်အားတာနဲ့ ကျွန်တော့်သူငယ်ချင်းဖြစ်တဲ့ စာရေးဆရာ မောင်ရွှေစွန်နဲ့ ကိုအေးသိန်းတို့ညီအစ်ကိုရှိရာ ရုပ်ရှင်မှုက်မှန်တိုက်သွားရင်းက သူတို့မောင်နှမတွေဖြစ်တဲ့ ကျောင်းဆရာမမနွဲ့နဲ့ ခင်မင်ခဲ့ကြပြီး စကားတွေပြောဖြစ်လိုက်ကြ။ ဆရာကြီးအိမ်သွားလိုက်။ တစ်ခါတစ်ခါ ကျွန်တော်က အဖေကြီး

www.burmeseclassic.com

www.burmeseclassic.com

အမေကြီးလို့ခေါ်တဲ့ ဆရာကြီးမင်းသိခ်ရဲ့ အဖေနဲ့အမေဆီ ထမင်းစားတဲ့အခါစားလိုက်။ လက်ဖက်ရည်သောက်တဲ့အခါ သောက်လိုက်နဲ့။ အိမ်လည်တတ်တဲ့အကျင့် ကျွန်တော့်မှာသံသရာရှည်ခဲ့ရာက နောက်ဆုံး ဆရာကြီး ဂန္ဓာရီခရီးက အပြန်၊ မော်တီမရမ်းတလင်းမှာ ဗေဒင်သင်တန်းဖွင့်တော့ မနွဲ့လည်း ကျောင်းဆရာမဘဝကို တာ့တာ့ လုပ်ပြီး ဆရာကြီးဆီ ဗေဒင်သင်တန်းတက်ရာက ခုတော့ ဗေဒင်ဆရာမလုပ်ပြီး စာရေးဆရာမဖြစ်တဲ့အဆင့်ထိ ကျွန်တော်တို့တစ်တွေဟာ သားအဖတွေလို မောင်နှမတွေလို နေလာခဲ့ကြသူတွေပါ။ ဆရာကြီးဟာ ဒါတတ်ပညာရယူတာနဲ့ ပတ်သက်ပြီး လွန်စွာ လောဘကြီးသူတစ်ဦး ဖြစ်သလို ပညာအမွေဖြန့်ပေးတဲ့ နေရာမှာလည်းရက်ရောသူဖြစ်သည်။ သူ့ရဲ့ မရမ်းတလင်း အယူတော်မင်္ဂလာခြံထွက် သူတပည့်ဗေဒင်ဆရာတွေ၊ ဆရာမတွေကို သူ့လို စာရေးဆရာ၊ ဗေဒင်ဆရာဆိုတဲ့ ဘွဲ့ကိုရယူစေချင်တဲ့ ဆန္ဒပြင်းပြခဲ့သူတစ်ဦးလည်းဖြစ်တယ်။

ဒါကြောင့် ဗေဒင်တတ်သူတိုင်း စာရေးဝါသနာပါရင် စာရေးနိုင်း၊ တည်းဖြတ်မှုတွေပြုပြီး ဆရာကြီးအုပ်ချုပ်တဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ မြေတောင်မြှောက်ပေးခဲ့တယ်။

ခပ်ရှင်းရှင်းပြောရရင် သူ့တပည့်တွေကို လူတွေအတွက် မရှိမဖြစ် အဖိုးတန်မျက်မှန်တစ်လက်ဆိုရင်တောင် ရိုးရိုးမျက်မှန်မဖြစ်စေချင်ဘူး။ လိုအပ်ရင် နေကာအဖြစ် သုံးလို့ရတဲ့ ပိုပြီးတန်ဖိုးကြီးတဲ့ ပိုတိုဂရေးမျက်မှန်မှာဖြစ်စေချင်တာ။ ပိုတိုဂရေးမျက်မှန်ဆိုတာ ရိုးရိုးပြောရင် သာမန်မျက်မှန်၊ စာဖတ်လို့ရတယ် အဝေးအနီးကြည့်လို့ရတယ်။ တကယ်လို့ နေပူထဲသွားပြီဆိုရင် သူက နေကာမျက်မှန်ဖြစ်သွားရော။ နှစ်မျိုးသုံး အဖိုးတန်ကိရိယာသဘော။

ဒီလို ဆရာကြီးဖြစ်စေချင်တဲ့ ဆန္ဒတွေကို အချိန်တိုတို အတွင်းမှာ ထူးထူးခြားခြားအောင်မြင်မှု ရသွားကြသူနှစ်ယောက်ကတော့ ဆရာဇင်ယော်နီနဲ့ ဆရာမရွှေယမင်းဦးပဲ။

စာပေလောကမှာ လုံးချင်းစာအုပ်ထွက်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စ။ အဲဒီကိစ္စအတွက် စိတ်ချပြီးဆရာကြီးက သူတို့ကို လုံးချင်းထွက်ဖို့ ခွင့်ပြုလိုက်တာနဲ့ ဆရာကြီးကြိုတွက်ထားတဲ့အတိုင်းကွက်တိ။

သူတို့နှစ်ယောက်လုံးချင်းလိုင်းမှာ နာမည်ရပြီး ပရိသတ်စောင့်ဖတ်အဆင့်ကို ရရှိသွားကြပြီ။

ဆရာကြီးကျောင်းထွက်တွေထဲမှာ ဂုဏ်ထူးတန်းနဲ့ အောင်သွားကြသူတွေလို့လည်း ပြောလို့ရပါတယ်။

ကျွန်တော်က ဆရာကြီး အယ်ဒီတာချုပ်လုပ်တဲ့ မနောကြာဖြူမဂ္ဂဇင်းနဲ့ မနောမယဂျာနယ်တို့မှာ တာဝန်ယူရတဲ့သူတစ်ဦးဖြစ်ပြီး သူတို့ရေးသမျှတွေ မလွတ်တမ်းဖတ်ခဲ့ရသူဆိုတော့ သူတို့ရေးတဲ့ထဲက ကျွန်တော်အကြိုက်လေးတွေစုပြီး ဆရာကြီးနဲ့ ဆရာဇင်ယော်နီကို သားနဲ့အဖေရွှေဂဟေအစီအစဉ်၊ ဆရာကြီးနဲ့ ဆရာမရွှေယမင်းဦးကို သမီးနဲ့အဖေ ရွှေဂဟေအစီအစဉ်ဆိုပြီး စာပေလောကအတွက် မှတ်တမ်းတစ်မျိုးအဖြစ် သူ့အဖေပရိသတ်နဲ့ သူ

www.burmeseclassic.com

www.burmeseclassic.com

သားပရိသတ်၊ သူ့အဖေပရိသတ်နဲ့ သူ့သမီးပရိသတ်အားနှစ်ခုကို စာအုပ်တစ်ခုထဲ စုဖတ်လို့ရနိုင်တဲ့ နည်းလေး ဖန်တီးပေးလိုက်ရတာပါ။ (အမှတ်တရပေါ့)

ကျွန်တော်က ဆရာကြီးနဲ့ပတ်သက်ပြီး မိဘတစ်ယောက်လို ရှိသေပြီး၊ သူငယ်ချင်းတစ်ယောက်လို သံယောဇဉ်ကြီးသူဆိုတော့ ၁၈-၂-၂၀၀၇ ရက်နေ့က ခင်ပွန်းကြီး ၁၀ ပါးအတွက် ကျွန်တော်လည်း ခြံထဲရောက်နေချိန် ဖြူးဆို ဆရာကြီးဟာ ထိုင်နေရင်းက အသက်ရှူကြပ်ပြီး နှုတ်ခမ်းတွေပြာလာတယ်။ ခြေတွေဝါရာက ပြာလာတယ်။ နှုတ်ခမ်းတွေ ကိုယ်တွေ တုန်ခါလာတယ်။ နောက်ပြီး မျက်လုံးတွေပြာလာပြီဆိုတာနဲ့ မော်ဘီဆေးရုံကို သူ့တပည့်တွေက အရေးပေါ်အမြန်တင်ကြတယ်။ ဆေးရုံကလည်း အရမ်းဂရုစိုက်ပြီး အောက်ဆီဂျင်ပေးကြတယ်။ ဆရာကြီးတစ်ကိုယ်လုံး ကြိုးတွေက ရှုပ်နေတာပဲ။ အဲဒီအချိန်က ဆရာဝန်တွေရဲ့ ပြောစကားအရ ဆရာကြီးရဲ့အသက်ကို ကြိုးတစ်ချောင်းပေါ်တင်ပြီး ဆရာဝန်တွေက တဖက် သေမင်းကတဖက် အသက်ကို လွန်ဆွဲရတဲ့ ပွဲဆိုလို့ ကျွန်တော်အပါအဝင် ဆရာတပည့်တွေ အရမ်းစိုးရိမ်ပြီး မျက်ရည်တွေဝဲ အသည်းတွေတုန်၊ ရင်တွေခုန်နဲ့ ဆရာကြီးအတွက် မေတ္တာတွေ ပို့လိုက်ကြရတာ။ တော်ပါသေးရဲ့ အဲဒီ ဟိုဘက် ၅၀ ရာနိုင်နှုန်း၊ ဒီဘက် ၅၀ ရာနိုင်နှုန်း အသက်လွန်ဆွဲပွဲမှာ ဆရာဝန်တွေကနိုင်ပြီး ကျွန်တော်တို့တစ်တွေရဲ့ စိုးရိမ်မိုးတွေ အရှာရပ်သွားတော့တယ်။

BURMESE CLASSIC .com

ဒါပေမယ့် တာဝန်ရှိ ဆရာဝန်တွေ ဆရာမတွေက ရန်ကုန်ကို အမြန်ခေါ်သွားပြီး ဆက်လက်ဆေးဝါးကုသမှုခံယူဖို့ အကြံပေးသလို ကျန်းမာရေးစိတ်ချရပြီဆိုမှ မော်ဘီကို ပြန်ခေါ်လာကြဖို့ တိုက်တွန်းကြတယ်။

ဒီလိုနဲ့ ဆရာကြီးကို တာမွေ၊ ရွှေဂုံဆေးရုံကြီးကို သွားတင်လိုက်ကြတယ်။ ဒါလည်း ကျွန်တော်တို့မှာ တလမ်းလုံးစိုးရိမ်ရေအမှတ်နဲ့ သွားနေကြရပြီး ဆေးရုံရောက်မှပဲ စိတ်အေးကြရတော့တာ။

ဆရာကြီးလို သဘောကောင်း၊ စေတနာကောင်းတဲ့ ပညာရှင်မျိုးဟာ အရှေ့တောင်အာရှမှာ ရှားပါးပစ္စည်း။ ရှားပါးပုဂ္ဂိုလ် ခုချိန်ထိ ဆရာကြီးရဲ့ ကျန်းမာရေးရာသီဥတုက သာယာလိုက် မသာယာလိုက်နဲ့ ခုတော့ မြင်ရတဲ့ပုဂ္ဂိုလ် မမြင်ရတဲ့ပုဂ္ဂိုလ်တွေရဲ့ စောင့်ရှောက်မှုကြောင့် ကျန်းမာရေးရာသီဥတု သာယာနေသည်ဟု ဆိုပါရစေ။ ဆရာကြီးကျန်းမာရေးကောင်းနေတဲ့ကာလ၊ ဆရာကြီးတပည့်နှစ်ယောက်ဖြစ်တဲ့၊ ဆရာဇင်ယော်နီ၊ ဆရာမရွှေယမင်းဦးတို့၏ လုံးချင်းစာအုပ်တွေကလည်း အရှိန်ကောင်းနေတဲ့ကာလ။ စာပေလောကမှာ တစ်ခါမှ မထွက်ဖူးသေးတဲ့ စာအုပ်တစ်အုပ်ကို ကျွန်တော်သွားစိတ်ကူးမိလိုက်တယ်။

ပထမ သားနဲ့အဖေရွှေဂဟေအစီအစဉ်(ဆရာကြီးမင်းသိခ်နဲ့ ဇင်ယော်နီ)

ဒီလို အဖေနဲ့သား အစီအစဉ်ထုတ်ဝေပြီး အဖေနဲ့သမီး

www.burmeseclassic.com

www.burmeseclassic.com

မထုတ်ဘူးဆိုရင် ကျွန်တော်တရားရာ မရောက်၊ ဒါကြောင့် ခုတစ်ခါ သမီးနဲ့အဖေရွှေဂဟေအစီအစဉ်ကို ကျွန်တော်ဖတ်ပြီးသမျှတွေထဲက စိတ်ကြိုက်စာမူလေးတွေရွေးပြီး အဖေပရိသတ် သမီးပရိသတ်၊ ပရိသတ်နှစ်မျိုး အကျိုးရှိမယ့် စာမူလေးတွေ ရွေးဖော်ပြပေးလိုက်ရ ပါတယ်လို့

စိစဉ်သူ
မောင်ယဉ်ကျော်

BURMESE CLASSIC .com



# ကျွန်ုပ်ပြောပြချင်တဲ့

ငမိုးရိပ်ချောင်းဘေးက မင်းနုနုန်သူ

www.burmeseclassic.com

www.burmeseclassic.com



# ငမိုးရိပ်ချောင်းဘေးက မင်းနန်းသူ

တစ်ခါက ကျွန်ုပ်သည် ငမိုးရိပ်ချောင်းကမ်းပါးပေါ်ရှိ ရွာကြီးတစ်ရွာတွင် အလွတ်ပညာသင်ကျောင်းဆရာလုပ်ခဲ့ဖူးသည်။ အဓိကအားဖြင့် ကျွန်ုပ်သင်ပြပေးရသော ဘာသာရပ်မှာ အင်္ဂလိပ်စာပင်ဖြစ်သည်။ အစိုးရကျောင်းကို မတက်ဘဲ အပြင်မှ ၇ တန်း၊ ၁၀ တန်းဝင်ရောက်ဖြေဆိုလိုသော ကလေးများကို အများစု သင်ပြပေးရခြင်းဖြစ်သည်။

စာမေးပွဲမဖြေသော်လည်း အင်္ဂလိပ်စာတတ်ချင်သော လယ်သမား၊ ချောင်းသမားများလည်း ကျွန်ုပ်၏ ကျောင်းကိုတတ်ကြလေသည်။ ထိုသို့တက်သောသူများထဲတွင် ထိုရွာကိုအုပ်ချုပ်သော သူကြီး ဦးစိန်အုပ်လည်း ပါဝင်လေသည်။

ထိုကျောင်းကိုပိတ်၍ အခြားအလုပ်အကိုင်သို့ ပြောင်းလဲလုပ်ကိုင်သော်လည်း ထိုရွာသို့ မကြာခဏ အလည်အပတ်ရောက်ရှိသွား၏။ တစ်ရွာလုံးလိုလိုရှိ လူများသည် မိတ်ဆွေများဖြစ်သောကြောင့် သွားရောက်လည်ပတ်သောအခါ ဟိုအိမ်က ထမင်းစားဖိတ်





သည်အိမ်က ထမင်းစားဖိတ်နှင့် အားရသည်မရှိပေ။ နေ့လယ်နေ့ခင်းများတွင် ရွာရှိလူငယ်များနှင့် ငမိုးရိပ်ချောင်းအတွင်း လှေငယ်တစ်စီးဖြင့် အစုန်အဆန်လှော်ခတ်သွားရင်းပင် ချောင်းထဲတွင် မျော၍ပါလာသော ဒိုက်ပုံများကိုစီး၍ ပါလာသည့် ဘုတ်ငှက်များ၊ ရေကြက်များကို ဖမ်းဆီးလေသည်။

ရေဝမ်းဘဲများကိုလည်း လေသေနတ်ဖြင့် ပစ်ကာ ဖမ်းယူလေ၏။ ထို့ပြင် ကြွက်ထိုးခြင်း၊ ဖားရိုက်ခြင်း အလုပ်များကိုလည်း ထိုရွာသားများနှင့် အတူရော၍ လုပ်ကိုင်ခဲ့လေသည်။ ရှာဖွေ၍ ရရှိသော အကောင်ပလောင်များကို ရွာထိပ်ရှိဇရပ်ကြီးတွင် ကာလသားများနှင့် စုရုံးကာ ချက်ပြုတ်၍ စားသောက်လေ၏။

ထိုအလုပ်မှာ အကုသိုလ်များသော အလုပ်ဖြစ်သော်လည်း လွန်စွာမှ ပျော်စရာကောင်း၏။ ကျွန်ုပ်နှင့်ကာလသားများ ထိုသို့ချက်ပြုတ်စားသောက်သော ပျော်ပွဲရွှင်ပွဲတွင် ထိုရွာ၏ သူကြီး ဦးစိန်အုပ်လည်း ပါမြဲဖြစ်သည်။

တစ်ညတွင် ဦးစိန်အုပ်က –

"နေပါဦး ဆရာ၊ ခင်ဗျားက ဗေဒင်တတ်တယ်လို့ ပြောသံကြားတယ်၊ တတ်တာမှ အတော့်ကို တတ်တယ်ဆိုပဲ။ နာမည်ကြီးရုံနဲ့ အဟောထုတ်နိုင်တယ်လို့ ရွာက ကလေးတွေက ပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကြုံကြိုက်တုန်း ကျုပ်ကို ဟောစမ်းပါဗျာ'' ဟု ပူဆာလေ၏။

''ဒီမှာ သူကြီး၊ ခင်ဗျားနာမည်က ဦးစိန်အုပ်တဲ့၊ စိန်ဆိုတာ ပွင့်တဲ့အရာဗျ။ လင်းတဲ့အရာဗျ၊ အဲဒါကို ဆန့်ကျင်ဘက်လုပ်ပြီး အုပ်လို့ မှည့်ထားလေတော့ မပွင့်မလင်း၊ တိတ်တိတ်နိုးကြောင်နိုး ဂုဏ်လုပ်တဲ့အလုပ်တစ်ခု ခင်ဗျားမှာ ရှိနေတယ်။ ကျုပ်သိသလောက် ခင်ဗျားဟာ အရက်လည်း နိုးမသောက်ဘူး၊ ဘိန်းလည်းမရှုဘူး၊ လောင်းကစားလည်းမလုပ်ဘူး။ မဟုတ်မှလွဲရော့ တိတ်တိတ်ကျိတ်ပြီး မယားငယ်ယူထားတယ်နဲ့တူတယ်'' ဟု ကျွန်ုပ်က ပြောလိုက်ရာ အနီးအပါးရှိ ကာလသားများက ဝါးခနဲ ဝိုင်း၍ရယ်ကြလေသည်။ ထိုအထဲမှ ခပ်စွာစွာ လူငယ်တစ်ယောက်က -

''သူကြီး ဝန်ခံလိုက် ဝန်ခံလိုက်၊ ဒီထက်အခြေအနေထပ်ပြီး ဆိုးသွားမယ်နော်'' ဟု ပြောလိုက်ရာ သူကြီးက -

''ခက်တော့တာပဲ၊ ဆရာ့ဆီမှာ ဗေဒင်မေးမိကာမှ အရှက်ကတော့ ကွဲပါပြီ''

ဟု ပြောသဖြင့် ကျွန်ုပ်လည်းဆက်၍ မဟောတော့ဘဲ နှုတ်သိမ့်လိုက်ရလေသည်။ ထို့နောက် ကျွန်ုပ်က -

''ဒီမှာသူကြီး၊ ချောင်းကမ်းပါးထိပ်က ခြံဝင်းနဲ့အိမ်ကြီးဟာ လူလည်းမရှိပါလားဗျ'' ဟု ပြောလိုက်ရာ သူကြီး ဦးစိန်အုပ်က -





''အဲဒီအိမ်ကလူတွေ ရန်ကုန်ကိုပြောင်းသွားပြီဗျ။ ခြံနဲ့ အိမ်ကို ဒီအတိုင်းထားခဲ့ကြတာ၊ ဝယ်တဲ့လူရှိရင်တော့ ရောင်းမယ်ပေါ့ဗျာ၊ ဒါပေမယ့် ဒီအိမ်က နာမည်ပျက်နေတယ်ဗျ။

''သယ်နှုန်းကျွန်းက လူတစ်ယောက်ဝယ်မလို့ ဒီအိမ်မှာ တစ်ညလာပြီး အိပ်တယ်။ အဲဒီလူလည်း နောက်နေ့မနက်အစောကြီး ပြန်ပြေးတာပဲ၊ ဒီရွာသားတွေဆို မိုးချုပ်ရင် အဲဒီအိမ်နားတောင် မသွားရဲဘူး။

''သူရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေတဲ့အိမ်ပေါ့ဗျာ။ အဲဒီတော့ ပိုင်ရှင်က လာလည်းမပြင်တော့ အိမ်ကအတော်ပျက်စီးနေပြီဗျ'' ဟု ပြောလေသည်။

''သူကြီးရော အဲဒီအိမ်ကို သွားမကြည့်ဘူးလား'' ဟု ကျွန်ုပ်က ပြောလိုက်ရာ -

''မလုပ်နဲ့ဆရာ၊ ကျုပ်က သိပ်ပြီးကြောက်တတ်တာ၊ တခြားလူက ညမှမသွားရဲတာ၊ ကျုပ်က နေ့ခင်းတောင်မသွားရဲဘူး။ ဒီရွာမှာ ကျုပ်က အကြောက်တတ်ဆုံးပဲဗျ။ ဒါကြောင့် သူကြီးရာထူးမြဲနေတာပေါ့ဗျာ'' ဟု သူကြီး ဦးစိန်အုပ်က ပြောလေသည်။ ထို့နောက် ကျွန်ုပ်တို့လည်း ဟင်းကျက်ပြီဖြစ်သဖြင့် ညလယ်စာစားကြလေသည်။ ထိုအချိန်၌ ကာလသားတစ်ဦးရောက်လာပြီးလျှင် -



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး သူကြီး ချောင်းကမ်းပါးထိပ်က သရဲခြောက်တယ် ဆိုပြီး နာမည်ကြီးနေတဲ့ အိမ်ကြီးမှာ မီးလင်းနေတယ်ဗျ၊ လူလည်း မရှိဘဲ မီးလင်းနေတာ အဆန်းပဲဗျ" ဟုပြောသဖြင့် သူကြီးက –

"ကဲ ငါတို့အားလုံး သွားကြည့်မယ်ဟေ့၊ ဒီလောက်လူအုပ် ဆိုရင်တော့ ကြောက်စရာမလိုပါဘူး" ဟု ပြောသဖြင့် ဆယ်ဦး ကျော်ကျော်ခန့်ရှိ ကာလသားများသည် တုတ်၊ ဓား လက်နက်ပြည့် စုံစွာဖြင့် လိုက်ပါလာကြလေသည်။ ထိုခြံဝင်းရှေ့ရောက်သောအခါ ၌ ထိုအိမ်၏ အိမ်ခန်းအတွင်းမှ ထွန်းထားသော ဖယောင်းတိုင်၏ အရောင်ကို မြင်တွေ့ရလေသည်။

"ဟုတ်ပါရဲ့၊ အခန်းထဲမှာ ဖယောင်းတိုင် ထွန်းထားတယ်။ လူမရှိတဲ့အိမ်မှာ ဘယ်သူများလာထွန်းမှာလဲ၊ ကဲ ဒီတော့ မကြောက် တတ်တဲ့ ကုလားတို့လူစုက ရှေ့ကတတ်ကွာ၊ ငါနဲ့ ဒီဆရာနဲ့က အလယ်ကလိုက်မယ်" ဟုဆိုကာ တတ်ကြလေသည်။ အိမ်ပေါ်သို့ ရောက်၍ မီးရှိသော အခန်းတွင်းသို့ ဝင်လိုက်ရာ သစ်သားတုံးတစ် တုံးပေါ်တွင် ဝါဆိုဖယောင်းတိုင်ကြီးအရွယ် ဖယောင်းတိုင်ကြီး တစ် တိုင် ထွန်းညှိထားသည်ကို တွေ့ရလေသည်။

ကြမ်းပေါ်တွင် မွေးကင်းစလူငယ်တစ်ဦးအား နီဖြင့်ပတ်ထုတ် ချထားသည်ကိုလည်း အံ့သြဖွယ်ရာ တွေ့ရလေသည်။ ကျွန်ုပ်သည်





ရှေ့သို့တိုးသွားပြီးလျှင် ကလေးကို ကောက်၍ ချီလိုက်လေသည်။ ထိုသို့ကောက်၍ချီလိုက်ရာ အနှီးအတွင်းမှ စာရွက်ခေါက်နှစ်ခု ထွက် ကျလာသည်။ ကျွန်ုပ်လည်း ထိုစာရွက်ခေါက်နှစ်ခုကို ကောက်၍ ယူလိုက်လေသည်။

စာရွက်မှာ ရိုးရိုးစာရွက်မဟုတ်ဘဲ မှိုင်းခံစက္ကူဖြစ်သည်။ မီးရောင်တွင် ဖွင့်၍ ဖတ်ကြည့်ရာ ကလေး၏ မွေးခု၊ မွေးလ၊ မွေးရက်၊ မွေးချိန်နှင့်ဖွဲ့ထားသော ဇာတာတစ်စောင်ကို တွေ့ရလေသည်။ ရေး ထားသောစာနှင့် ဇာတာမှာလည်း မင်ဖြင့်မဟုတ်ပဲ ဟင်္သာပဒါးနှင့် ရေးထားခြင်းဖြစ်သည်။

ထို့နောက် တခြားသော စာတစ်စောင်ကို ဖတ်၍ကြည့်ရာ ထိုအတိုင်းပင် ဟင်္သာပဒါးနှင့် ရေးထားခြင်းဖြစ်သည်။ စာမှာ အောက် ပါအတိုင်း ဖြစ်လေသည်။

ကိုယ်တိုင်မွေးမှယူပါ

တစ်ဆင့်မပေးရ။ ကလေးသည် ကြားသားပတေး သမီးဖြစ်သည်။ အမည်ကို မင်းနန္ဒသူ ဟူ၍ မှည့်ခေါ်ပါ။ ပြောသည့် အတိုင်း မလုပ်ခဲ့သော် မြွေပွေး၊ မြွေဟောက်၊ ငန်းပြောက်၊ ငန်းကျား၊ ငန်းငါးပါးလည်း ကိုက်၍ မနေသေစေသော်ဟူလေ သေပါစေ သေပါစေ ။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ပါး ကြည်းဝယ်သွားလည်း ကြည်းသားအများ ပြားသည့်အနေ ကိုးကုဋေတွင် သစ်၊ ကျား၊ ဆင်ရိုင်း စိုင်ထီး၊ ငမြွေ၊ ဝက်ရိုင်းစား၍ ထွားထွားညက်ညက် ကိုယ်လုံးပျက်၍ သေစေသောဝ် ဟူလေ သေပါစေ _သေပါစေ _။

ထိုမှတစ်ပါး ငွမ်းတစ်လှည်းကို အကျွမ်းဖုတ်သော် တစ်ဆုပ် လောင်းမျှ စမ်းမရလို့ ဖြစ်စေသော်ဝ် ဟူလေ ဖြစ်ပါစေ ဖြစ်ပါစေ။

ထိုမှတစ်ပါး မင်းနန်သူ ကျိန်ခြင်း၊ ထုံနှယ်ဆင်းသည် ထင်းမီးစသို့ တစ်စတစ်စ တိုစေသော်ဝ် ဟူလေ တိုပါစေ တိုပါစေ။

ပုဂံခေတ် မင်းနန်သူ ကျိန်စာဖြင့် ကျိန်စာတိုက်ထားသည်။ ပြောသည့်အတိုင်းလုပ်ပါ။ အမှားမခံ ကျမ်းစူး၍ သေလိမ့်မည်။

ထိုကလေးအားအုပ်ထိန်းသူ

သူကြီးသည် ကျွန်ုပ်၏ နောက်ကျောမှနေ၍ ထိုစာကို ဖတ်မိသည်ဖြစ်ရာ –

"သူဟာကလည်း မလွယ်ပါလား။ ကျိန်စာတွေနဲ့ဆိုတော့ မွေးတဲ့လူကတော့ အခက်ပဲ" ဟု ပြောလိုက်ရာ ကျွန်ုပ်က –

"ဘာမှမခက်နဲ့၊ ကျုပ်မွေးမှာ၊ နို့ဘူးတိုက်ပြီး မွေးမယ်။ လောလောဆယ် ကျုပ်ခုဝတ်ထားတဲ့ သက္ကလပ်တိုက်ပုံအကျီကို ရောင်းပြီး နို့မှုန့်ဘူးဝယ်ရမှာပဲ၊ သူကြီးပဲ တာဝန်ယူပြီး ရောင်းပေး





စမ်းပါဗျာ" ဟု ကျွန်ုပ်က ပြောလိုက်ရာ သူကြီးက –

"တစ်နေ့က ကျေးရွာ အစည်းအဝေးပွဲသွားတာ တိုက်ပုံ အကျီမပါလို့ အပြောခံရတယ်။ ကျုပ်ပဲ ဝယ်မယ်ဗျာ၊ တစ်ရာ့ငါး ဆယ်ပေးမယ်" ဟု ဆိုကာ ကျွန်ုပ်၏ အကျီကိုယူပြီးလျှင် ငွေတစ် ရာ့ငါးဆယ် ထုတ်ပေးလေသည်။

"ဒီညကတော့ အချိန်မရှိဘူး၊ နို့မှုန့်ဘူးက မနက်မှ ဝယ်ရ မှာ။ ပြီးတော့ သူ့ကို တိုက်ဖို့ ဖန်နို့ဘူးလေးတစ်လုံးလည်း ဝယ်ရမယ်။ ဒီညအခက်ပဲ၊ သူကြီး ဒီညအတွက် နွားနို့ရှာပေးဗျာဟု ကျွန်ုပ်က ပြောလိုက်ရာ သူကြီးက –

"အဲဒါတော့ ရပါတယ်ဗျာ၊ ဒီရွာမှာလည်း နို့ဘူးတိုက်ပြီးမွေး ရတဲ့ ကလေးတွေရှိပါတယ်။ အဲဒီက နို့ဘူးတစ်လုံးသွားပြီး ငှားတာ ပေါ့။ ကလေးရဲ့ မူလပိုင်ရှင်ကတော့ မင်းနန်သူ လို့ ပေးခိုင်းတယ်ဗျ။ အမှန်ကတော့ ဒီကလေးဟာ ကောက်ရသူ ဗျ" ဟု ပြောလိုက်ရာ ကျွန်ုပ်က –

"သူကြီးကတော့ မင်းနန်သူ ကျိန်စာသင့်တော့မှာပဲ၊ မြွေ ပွေး၊ မြွေဟောက်၊ ငန်းပြောက်၊ ငန်းကျား ငန်းငါးပါးနဲ့ တွေ့သွားလိမ့် မယ်နော် သူကြီး" ဟု သတိပေးလိုက်ရလေသည်။

ကျွန်ုပ်သည် ရန်ကုန်သို့ မပြန်သေးဘဲ ထိုကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာတွင် နောက်တစ်ည ဆက်၍နေလေသည်။ ရွာသားတစ်ဦးကို လွှတ်ကာ သယ်န်းကျွန်းဈေးမှ နို့မှုန့်ဘူး၊ နို့သီးခေါင်း စသည်တို့ ဝယ်နိုင်းလိုက်ရလေသည်။ ရွာမှ သားသည်အမေများကလည်း ကလေးအတွက် အင်္ကျီများ၊ အနှီးများ၊ အုပ်ဆောင်းများ လာ၍ ပေးကြလေသည်။

ညပိုင်းသို့ ရောက်သောအခါ ကျွန်ုပ်သည် သူကြီးအိမ်တွင် ကာလသားများနှင့် စုဝေးကာ စကားပြောနေလေ၏။ ထိုအချိန်၌ ကာလသားတစ်ဦးရောက်လာပြီးလျှင် –

''သူကြီး . သူကြီး ဟိုအိမ်ကြီးမှာ မီးရောင်တွေပြန်မြင်ပြီဗျ'' ဟု ဆိုသဖြင့် ကာလသားတစ်အုပ် လက်နက်အစုံအလင်ဖြင့် လိုက်ပါစေကာ ကျွန်ုပ်နှင့် သူကြီးသည် ထိုအိမ်သို့ တက်ရပြန်လေသည်။

အခန်းတွင်းသို့ ဝင်လိုက်ရာ ယမန်နေ့က ထွန်းထားသော ဖယောင်းတိုင်ကိုပင်ပြန်၍ ထွန်းထားသည်ကို တွေ့ရလေသည်။ ကလေးရခဲ့သော နေရာကြမ်းပြင်ပေါ်တွင် အနီရောင်ကတ္တီပါရုံကြီး ကလေးတစ်အိတ်ကို တွေ့ရသဖြင့် အိတ်အတွင်းသို့ နိုက်ကြည့်ရာ ငွေတစ်သိန်းထုပ် တစ်ထုပ်ကို တွေ့ရလေသည်။ ထို့အတူ စာတစ်စောင်လည်း ပါလာလေသည်။

ကလေးအဖေလုပ်တဲ့လူ ကိုယ်ဝတ်တဲ့ တိုက်ပုံ





အင်္ကျီကို ရောင်းပြီး နို့မှုန့်ဘူးဝယ်ရတာကို သိလို့ ငွေတစ်သိန်းလာပြီး ပေးတာပါ။ ကလေးကို ကောင်းကောင်းမွေးပါ။

ကလေး၏ အုပ်ထိန်းသူ

သူကြီးသည် ကျွန်ုပ်၏ နောက်ကျောမှ စာကို ဖတ်ပြီးသည် ဖြစ်ရာ –

'ဆရာရေ ငွေတစ်သိန်းဆိုတော့ အဲဒီကလေးကို ကောင်းကောင်းမွေးနိုင်ပါပြီဗျာ'' ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က –

''တစ်ခုပဲ သိချင်တယ်ဗျ၊ ဒီကလေးရဲ့ အုပ်ထိန်းသူ ဆိုတာက ဘယ်သူလဲ၊ သူ့ရဲ့မိဘလား၊ ကလေးကို ဘာကြောင့် ဒီလိုပစ်ရတာလဲ၊ ပစ်ပြီးတော့လည်း ပြန်ကြည့်ထားသေးတယ်။ ဆန်းတော့အတော်ဆန်းတာပဲ၊ ပစ်ပြန်တော့လည်း သရဲခြောက်တယ်လို့ နာမည်ကြီးတဲ့ အိမ်ပျက်ကြီးမှာ လာပစ်ထားတယ်'' ဟုပြောလိုက်ရာ သူကြီးက –

''ကျုပ်ဖြင့် မစဉ်းစားတတ်ပေါင်ဗျာ။ ခင်ဗျားဘာသာခင်ဗျား စဉ်းစားပါ။ ပြီးတော့လည်း သူဟာလည်း ကျိန်စာတွေဘာတွေနဲ့ဗျ။ ကျိန်စာကလည်း အခုခေတ်ကျိန်စာမဟုတ်ဘူး။ ပုဂံခေတ်က ကျိန်စာဗျ'' ဟုပြောလေသည်။ ထိုအခါ ကျွန်ုပ်က –

''အဖြစ်အပျက်ကတော့ ခပ်ဆန်းဆန်းပဲဗျ။ ကလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇာတာကိုတောင် ဖွဲ့ပေးလိုက်သေးတယ်။ ဒီကလေးရဲ့ မိဘဟာ အထူးသဖြင့် အဖေပေါ့ဗျာ။ သူဟာ ဗေဒင်ကောင်းကောင်းတတ်ပုံရတယ်။ နောက်ပြီးတော့ မြန်မာစာပေနဲ့ မြန်မာ့သမိုင်းကို တီးမိခေါက်မိပုံရတယ်'' ဟုပြောလိုက်ရာ သူကြီးက -

''ဟုတ်မယ်ဗျို့'' ဟုပြောလေသည်။

ကျွန်ုပ်က မင်းနန်သူကလေးကို ခေါ်၍ ရန်ကုန်သို့ ပြန်လာပြီဖြစ်သည်။ ရန်ကုန်သို့ ရောက်လျှင်ရောက်ချင်း ကလေးထိန်းတစ်ယောက်ကို အသည်းအသန်ရှာဖွေရလေ၏။ ကလေးထိန်းရသောအခါ ကလေးကို သူ၏ လက်သို့အပ်၍ ထိန်းကျောင်းနိုင်းရလေသည်။

တစ်ပတ်ခန့်ကြာသောအခါ သူကြီးသည် အသက် ၃၀ အရွယ် မိန်းမတစ်ယောက်နှင့်အတူ ကျွန်ုပ်အိမ်သို့ ရောက်လာလေသည်။

''ဆရာရေ၊ ကလေးတစ်ယောက်နဲ့ ဆရာဒုက္ခရောက်နေပြီဆိုတာ သိလို့ကလေးထိန်းခေါ်လာတာ၊ ဒီမိန်းကလေးနာမည်က မခင်စိန်တဲ့၊ မုဆိုးမလေးပေါ့ဗျ။ သူက လခပေးဖို့မလိုဘူး၊ကလေးထိန်းပေးမယ်။ မိသားစုလို နေမယ်ပေါ့ဗျာ။ ထမင်းဟင်းတွေဘာတွေလည်း ချက်ပေးမယ်ပေါ့'' ဟုပြောလေသည်။

''သူကြီး ဖြစ်ပါ့မလားဗျ။ ကျုပ်ကလည်း အိမ်ထောင်ရှိတာမဟုတ်ဘူး။ လူလွတ်ဗျ၊ ဒီမိန်းကလေးနဲ့ အတူနေလို့ သင့်ပါ့မလား'' ဟု ပြောလိုက်ရာ သူကြီးက -





''ဆရာ့သိက္ခာကို ဆရာယုံရင် အတူနေပေါ့။ ပတ်ဝန်းကျင်က ပြောမယ့်စကားကို ဂရုမစိုက်ပါနဲ့။ မင်းနန်သူကလေးအတွက်ပဲ ကြည့်ရမယ်။ ခင်စိန်ဟာ မုဆိုးမဆိုပေမယ့် ကလေးရဖူးတယ်ဗျ။ သူ့ကလေးက တော်တော်ကလေးကြီးလာတော့မှ ဆုံးသွားတာဆိုတော့ ကလေးလည်း ထိန်းတတ်ပါဗျာ။ ဆရာ့အတွက် အများကြီးအထောက်အကူ ပြုမှာပါ'' ဟု ပြောပြန်လေသည်။

ထို့ကြောင့် ကျွန်ုပ်လည်း ပထမဝင်လာသော ကလေးထိန်းကို ဖြုတ်ပစ်လိုက်ပြီးလျှင် ၎င်းမခင်စိန်ကိုပင် ကလေးထိန်းရန်အတွက် အိမ်၌ ခေါ်ထားလိုက်လေသည်။

မခင်စိန်နှင့် ကလေးအတွက် အခန်းတစ်ခန်းပေးရလေသည်။ မခင်စိန်ကို လခမပေးရပါဟု ဆိုသော်လည်း တစ်လလျှင် တစ်ရာသတ်မှတ်ကာ စာတိုက်၌ မခင်စိန်အတွက် ငွေစုပေးခဲ့လေသည်။

ကျွန်ုပ်သည် နံနက် မိုးလင်းသည်နှင့် ကားလမ်းရှိ ကျွန်ုပ်၏ ဗေဒင်ဟောခန်းသို့ သွားရလေသည်။ နံနက်စာကို ဆိုင်တွင်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



စား၏။ ညနေစာကိုမူ ချေးဖိုးပေးခဲ့သောကြောင့် မခင်စိန်က ချက်ပြုတ်ထားလေသည်။

မခင်စိန်သည် ဟင်းချက်ကောင်းသော မိန်းမတစ်ဦးဖြစ်သည်။ ကျွန်ုပ်၏ အဝတ်အစားများကိုလည်း လျှော်ဖွပ်၍ မီးပူတိုက်ပေးထားတတ်၏။ တစ်အိမ်လုံးလည်း ပြောင်စင်အောင် လှည်းကျင်းထားတတ်သည်။ ဘုရားစင်မှလည်း အစဉ်သဖြင့် ပန်းများ၊ သောက်တော်ရေချမ်းများဖြင့် စည်ကားသိုက်မြိုက်လှသည်။

ကျွန်ုပ်သည် မခင်စိန်အတွက် လုံချည်အဝတ်အစားများ မကြာခဏ ဝယ်ပေးလေ့ရှိသည်။ မခင်စိန်သည် အရပ်မြင့်မြင့် ဒေါင်ကောင်းကောင်း လုံးကြီးပေါက်လှ အမျိုးသမီးဖြစ်သည်။ အဝတ်အစားကို အဆင်ပြေအောင် ဝတ်တတ်၏။ ကလေးကိုလည်း လွန်စွာမှ ဂရုစိုက်၏။ သူသည် ကလေးကို နာမည်ပင် မခေါ် သမီး ဟုသာ ကြင်နာစွာ ခေါ်တတ်လေသည်။

ကျွန်ုပ်ပြန်လာသောအခါ၌ သမီးလေး ဘာလုပ်ပြသည်ကို တကျူးတက ပြောပြတတ်လေသည်။

"ဆရာရေ ဆရာ့သမီး ဒီနေ့ အူမြူးလိုက်တာ မပြောပါနဲ့တော့။ တစ်နေ့လုံး တခစ်ခစ် ရယ်နေတယ်။ ဒီနေ့တော့ တစ်နေ့လုံး





ကျီတိုက်နေတယ်။ ကလေး လေဆေးတိုက်လိုက်မှ ဝမ်းရောလေရော သွားပြီး အိပ်သွားရှာတယ်။ လေဆန်နာရှိတယ် တူပါရဲ့" ဟူသော စကားမျိုးကို ပြောတတ်လေသည်။

ဤသို့နှင့်ပင် မင်းနန့်သူလေးသည်စကားတွတ်တီးတွတ်တာ ပြောတတ်သော အရွယ်သို့ ရောက်လာလေသည်။ ကျွန်ုပ်ကိုလည်း–

'ဖေဖေကြီး '' ဟု ခေါ် တတ်နေပြီဖြစ်သည်။ မခင်စိန်ကိုမူ

''အမေစိန် '' ဟု ခေါ်လေသည်။ ကျွန်ုပ်မှာ လွန်စွာနိုင်၍ လွန်စွာတင်းသော သံယောဇဉ်ကြိုးတစ်ချောင်း ငိုးရိုပ်ချောင်းအနီး ရွာကြီးတစ်ရွာမှ ရရှိခဲ့ပြီဖြစ်သည်။ ဤသို့နှင့်ပင် ကလေးကို ကျောင်းအပ်သော အရွယ်သို့ ရောက်လာလေတော့သည်။

ထို့ကြောင့် မူကြိုကျောင်းကို အပ်ရလေသည်။ ထိုမှတစ်ဖန် မူလတန်းကျောင်းသို့ အပ်ရသော အရွယ်သို့ ရောက်လာပြန်သည်။ ထိုအခါ မူလတန်းကျောင်းသို့ အပ်ရပြန်၏။

တစ်နေ့တွင် ကျွန်ုပ်၏ အံဆွဲ၌ ထည့်ထားသော ရာတန်နှစ်ရွက်၊ ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် သမီးကိုခေါ်၍ –

"သမီး ဖေကြီးအံဆွဲထဲက ငွေနှစ်ရာပျောက်နေတယ် သမီးယူသလား" ဟုမေးရာ ၎င်းက –

"ဘုရားသခင်ဟောတော်မူသော ဝိနည်း ၅ ကျမ်း၊ သုတ်



www.burmeseclassic.com

www.burmeseclassic.com



၃ ကျပ်၊ အဘိဓမ္မာ ၇ ကျပ်၊ ဓမ္မဇလ္လာပေါင်းချုပ်သောင်းလေးထောင် ကုန်အောင်ကို စောင့်သောနတ်လည်း သတ်၍မနေ သေစေသော်ဝ် ဟူလေ သေပါစေ ၊ သေပါစေ''

''မေမေကြီး ပိုက်ဆံကို သိမ်းမထိုးခဲ့ပါ၊ နိုးခဲ့ပါလျှင် မင်းနန်းသူ ကျိန်ခြင်းထုံးနှယ်ဆင်းသည်၊ ထင်းမီးစသို့ တစ်စတစ်စ တိုစေသော်ဝ် တိုပါစေ ၊ တိုပါစေ'' ဟုကျိန်ပြလေတော့သည်။

ကျွန်ုပ်လည်း ထိတ်လန့်သွားလေ၏။ ကလေးငယ်တစ်ဦး က ဤသို့လျှင် ခမ်းခမ်းနားနား ကျိန်လိုက်သောကြောင့်

''ကြည့်စမ်းကြည့်စမ်း ကလေးလေးက အတတ်ကောင်း တွေ တတ်နေလိုက်တာ၊ ခင်စိန်လာစမ်း၊ ဒါ နင်သင်ပေးတာမဟုတ် လား၊ အဲဒီလို မဟုတ်တာတွေကို မသင်နဲ့နော်၊ ငါမကြိုက်ဘူး'' ဟု ပြစ်တင်ကြိမ်းမောင်းရလေ၏။ ခင်စိန်သည် အသားများတဆတ် ဆတ်တုန်သည်အထိ ကြောက်လန့်ကာ နောက်နောင်မလုပ်တော့ ကြောင်း ဝန်ခံကတိပေးလေသည်။

ပျောက်ဆုံးသွားသော ငွေနှစ်ရာမှလည်း ခင်စိန်က ၎င်း ပင်ယူ၍ ကနကမာ ဆံညှပ်တစ်ခု ဝယ်မိကြောင်း ဝန်ခံလေသည်။

ကျွန်ုပ်လည်း မင်းနန်းသူလေးကို အပြင်သို့ခေါ်သွားပြီးလျှင် ချော့မော့ရလေသည်။ ၎င်းအလိုရှိသော ပစ္စည်းများကိုဝယ်ပေး၍





ခင်စိန်က ကျိန်ဆိုခြင်းကို မည်သို့မည်ပုံသင်ပေးကြောင်း သိလို၍ မေးမြန်းရာ ကလေးက ပြောပြသဖြင့် အကြောင်းစုံကိုသိရလေသည်။

ခင်စိန်သည် ကလေးငယ်စဉ်ကပင် ကလေးမအိပ်၍ ချော့ သိပ်သောအခါ၌ သီချင်းဆို၍မသိပ်ဘဲ ကြားရသူတိုင်း ကြက်သီးမွေး ညင်းထဖွယ် အသံနေအသံထားဖြင့် ရွတ်၍ သိပ်ခဲ့ကြောင်း သိရလေ တော့သည်။

ကျွန်ုပ်ချစ်သော သမီးကလေးသည် ကြောက်မက်ဖွယ် ကောင်း၍ လွန်စွာမှရှည်လျားသော မင်းနန်းသူကျိန်စာကို အလွတ် ရွတ်ဆိုနိုင်လေသည်။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုကျိန်စာကိုမေ့ပစ် ရန် နောက်နောင်မကျိန်ရန် ချော့မော့ဆုံးမရလေ၏။ သမီးကလေး ကလည်း နောက်နောင် ဤသို့ပြုလုပ်မည်မဟုတ်ကြောင်း ဝန်ခံကတိ ပေးလေတော့သည်။

တစ်နေ့တွင် ကျွန်ုပ်နှင့်သမီးကလေးသည်စာအုပ်အဟောင်း ရောင်းသော ဆိုင်တစ်ဆိုင်သို့ ရောက်သွားလေသည်။ ထိုဆိုင်တွင် စာအုပ်အဟောင်းသာမက ပစ္စည်းအဟောင်းများကိုပါ ရောင်းလေ့ရှိ သော ခင်ကျော် ဆိုသော လူတစ်ဦးနှင့် တွေ့ဆုံလေသည်။

ကျွန်ုပ်က ၎င်းခင်ကျော်အား -

''ကိုခင်ကျော်တစ်ယောက် မတွေ့တာ ကြာမင့်ပဲ'' ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ ၎င်းက –

''ခရီးထွက်နေရတယ်ဆရာရဲ့၊ မြင်းခြံဟိုဘက် ဆင်တဲဝနား ကို သွားနေရတယ်။ အဲဒီအနားမှာက ရှေးဟောင်းရွာကြီးတွေရှိတယ်။ မင်းရင်၊ ဇျမ်းကန့်မြဲ၊ တမိုက်သာ ဆိုတဲ့ ရွာကြီးတွေပေါ့''

''အဲဒီရွာကြီးတွေမှာ ရေတွင်းတူးရင်းဘာရင်း ရှေးဟောင်း ပစ္စည်းတွေ ရလေ့ရှိတယ်။ ဒါကြောင့် ဟိုဘက်ကိုလိုက်ပြီးရှာနေတာ၊ အလောင်းဘုရား ကိုင်တော်မူခဲ့တဲ့ တိုက်ပွဲဝင်ဓားတစ်လက်ရခဲ့တယ်။ ဆရာ ပိုက်ဆံပေးလိုက် ကျွန်တော်ယူခဲ့မယ်။ ဒါမှမဟုတ် ကျွန်တော် နဲ့လိုက်ခဲ့ အိမ်မှာရှိတယ်'' ဟု အသံပျော့ပျော့ဖြင့် ပြောလေသည်။ ထိုအခါ သမီးလေး မင်းနန်းသူသည် ကျွန်ုပ်အား တံတောင်ဖြင့်အသာ အယာတို့လေသည်။

''ကျွန်တော့်ကိုယုံရင်တော့ ငွေပေးလိုက်ပါ။ ကျွန်တော်လာ ပို့ပါ့မယ်။ မယုံရင်တော့ လိုက်ခဲ့ပေါ့'' ဟု ကိုခင်ကျော်က ညင်သာ စွာ ပြောပြန်လေသည်။ ထို့ကြောင့် ကျွန်ုပ်က –

''မယုံလို့တော့ မဟုတ်ပါဘူးဗျာ၊ ကြည့်ချင်လို့ လိုက်ခဲ့ ချင်တာပါ'' ဟုဆိုကာ လေးဘီးကားငှား၍ ကျွန်ုပ်တို့သားအဖနှစ် ဦးလည်း ကိုခင်ကျော်နှင့်အတူ လိုက်၍သွားလေသည်။ ၎င်းကိုခင် ကျော်အိမ်သည် သဃ်န်းကျွန်းဘူတာအနီးမှ သွားရ၏။ လွန်စွာမှ





ချောင်ကျလေသည်။

၎င်းအိမ်သို့ရောက်သောအခါ၌ အလောင်းဘုရားကိုင်တော် မူခဲ့သည်ဆိုသော တိုက်ပွဲဝင်ဓားကို မတွေ့ရချေ။ ဟိုလူ့ကိုကြည့်ဖို့ ပေးလိုက်သည်၊ ဒီလူ့ကိုကြည့်ဖို့ပေးလိုက်သည်ဟူသော မရေရာ သော စကားများကိုသာ ကြားရလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သားအဖလည်း စိတ်ပျက်စွာဖြင့် ပြန် လာခဲ့ကြလေတော့၏။ လမ်းတွင် သမီးလေး မင်းနန်းသူက ကျွန်ုပ် အား–

''အဖေကြီးကလည်း သမီး တံတောင်နဲ့တွတ်နေတာပဲ၊ ဒီလူ မမှန်ဘူးဆိုတာ သမီးတောင်သိနေတယ်။ အဖေကြီးမသိဘူး လား'' ဟုပြောလေသည်။ ထို့ကြောင့် ကျွန်ုပ်က –

''သမီးဘယ်လိုသိတာလဲ'' ဟု မေးရာ သမီးလေးက –

''သူ့နှာမည်က ခင်ကျော်တဲ့၊ ခင်ဆိုတဲ့ စကားလုံးဟာ နေ့တဖျည်းနဲ့ မှည့်ထားတာ၊ စကားပြောရင် အသံမာမာ ဝေါက်ဆတ် ဆတ်နဲ့ ပြောရမှာ၊ အခု သူ့စကားသံက အလွန်ပျော့ပြီး အလွန်ချို နေတယ်။ ဒါကြောင့် မမှန်ဘူးလို့ သမီးက သိနေတာ။ ပြီးတော့ ကကြီးနောက်က ခကွေးလိုက်ရမှာ။ အခုတော့ ခင်ကျော်ဆိုတော့ ခခွေးနောက်က ကကြီးလိုက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သူနာမည်က ဝတ္တိပြန်နေတယ်၊ လောင်းကစား လုပ်ရင် လုပ်၊ အရက်သောက်ရင် သောက်၊ အပျော်အပါးလိုက်ရင် လိုက်၊ တစ်ခုခုမှာ အလွန်အကျွံဖြစ်တတ်တယ်" ဟု ပြောလိုက်ရာ ကျွန်ုပ်က –

"ဟုတ်တယ်သမီး၊ ဒီလူက ဖဲသမားပဲ၊ တစ်လောက အိမ်ကိုပေါင်ပြီး ဖဲရိုက်လိုက်လို့ နေစရာတောင်မရှိဖြစ်သွားသေးတယ်၊ နေစမ်းပါဦး သမီးက ဒါတွေကို ဘယ်လိုလုပ်ပြီး တတ်နေတာလဲ" ဟု သမီးကို မေးလိုက်ရာ သမီးက –

"ဒီဥစ္စာ ဆန်ကျမ်းဗေဒင်ပဲ အဖေကြီးရဲ့၊ သမီးကို အမေ စိန်က သင်ပေးတာ၊ သမီး ၇ တန်းကထဲက တတ်ပါတယ်" ဟုပြော လေသည်။

"နေစမ်းပါဦး ဒီခင်စိန်က ဒါတွေ တတ်သတဲ့လား" ဟု ကျွန်ုပ်က မေးလိုက်ရာ မင်းနန်းသူကလေးက –

"အမေစိန်ရဲ့ အဖေကြီးက ဗေဒင်အရမ်းတတ်တယ်ဆို ပဲ၊ နောက်ပြီးတော့ အဲဒီရွာမှာ မူလတန်းကျောင်းအုပ်ကြီးတဲ့။ အခု တော့ မရှိတော့ပါဘူး။ အမေစိန်က သမီးကို ဇာတာဖွဲ့နည်း၊ အာယု စန်းဟောနည်း ပါ သင်ပေးထားတယ်။ သမီးဇာတာဖွဲ့တတ်ပါတယ်။





ထန်းဖူးပေါ်မှာ ကညစ်နဲ့လည်း ရေးတတ်ပါတယ်။" ဟု ပြောရာ ကျွန်ုပ်လည်း မျက်လုံးပြူး၍ သွားရလေသည်။ ထို့နောက် မင်းနန်းသူ က အင်္ဂလိပ်စာအကြောင်း ပြောပြန်လေသည်။ သူပြောပြသော အင်္ဂလိပ်စာ မှာ ပုဂံခေတ်တွင် အသုံးပြုခဲ့သော အင်္ဂလိပ်စာ၊ မိတ္ထီလာပြည်ကြီးတွင် ဆရာကာလိဒါသက တိုစနြမင်းနှင့် အတိယျာမင်းသားတို့ကို သင် ပေးခဲ့သော အင်္ဂလိပ်စာဖြစ်သည်။ ကျွန်ုပ်လည်း အံ့ဩနေသည်။

"ဩော် ခင်စိန်က အဲသည်လောက်တောင် တတ်သကိုး။ ပြီးတော့ သမီးလေးကပါ အဲဒီလောက်အထိ တတ်ထားတာကိုး" ဟု ပြောလိုက်ရာ မင်းနန်းသူက –

"တတ်ပါတယ်အဖေကြီးရဲ့၊ သမီး ကျိန်ပြီး ပြောရမလား" ဟု ပြန်၍ မေးလေသည်။ ထိုအခါ ကျွန်ုပ်က –

"ယုံပါတယ် သမီးရယ်၊ မကျိန်ပါနဲ့တော့ သမီးဆိုတဲ့ ကျိန်စာကိုအဖေကြီး ကြက်သီးထလွန်းလို့ပါ" ဟု ပြောရလေသည်။

ဤသို့နှင့်ပင် သမီးကလေး မင်းနန်းသူသည် ၁၀ တန်းသို့ ပင် ရောက်ရှိလာ၏။ ထိုအချိန်၌ သမီးကလေးက စင်ကာပူတွင် ကျောင်းတတ်လိုသည်ဆိုသဖြင့် ကျွန်ုပ်လည်း ကြိုးစားရလေသည်။ သမီးကလေးက စင်ကာပူသို့ သွားမည့်နေ့တွင် ခင်စိန်သည် မခွဲနိုင် သဖြင့် လှုံ့လိုမ့်၍ ငိုလေသည်။ ကျွန်ုပ်လည်း မျက်ရည်သာမကျခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့ရာတွင် ငိုကြွေးနေ၏။ နေ့စဉ်နေ့တိုင်းလည်း ခင်စိန်နှင့် ကျွန်ုပ်သည် –

“ဒီအချိန် သမီးလေး ကျောင်းတတ်နေပြီ။ ဒီအချိန် သမီးကလေး ထမင်းစားနေပြီ။ ဒီနေ့ ကျောင်းပိတ်တယ်။ သမီးကလေး ဘယ်လျှောက်လည်နေမယ် မဆိုနိုင်ဘူး” ဟု ပြောဖြစ်ကြတော့သည်။

(၂)နှစ်ခန့်ကြာသောအခါ ကျွန်ုပ်လည်း သမီးကလေးကို လွန်စွာမှ လွမ်းဆွတ်မိလေသည်။ ထို့ကြောင့် သမီးကလေး ပြန်လာရန်အတွက် “အဖေကြီး အသည်းအသန်ဖြစ်နေသည်။ ဆေးရုံတတ်နေရသည်” ဟု လိမ်လည်၍ မှာကြားလိုက်ရာ ချစ်လှစွာသော သမီးကလေး မင်းနန်းသူသည်နေ့ချင်းညချင်း ရောက်ရှိလာလေ၏။

ကျွန်ုပ်ဘာမှမဖြစ်သည်ကို တွေ့လျှင် သမီးကလေးက–

“အဖေကြီးက လိမ်တာကို။ အဲဒီလို လိမ်တာကိုမကြိုက်လို့ ပုဂံခေတ်က လူတွေက ကျိတ်ဆိုတဲ့ မလေ့လုပ်ကြတာပဲ” ဟု ပြောလေသည်။

သမီးကလေး ရှိနေစဉ်အတွင်း စိတ်ပြေလက်ပျောက်သဘောဖြင့် သမီးကလေးကို ရခဲ့သော ငမိုးရိပ်ချောင်းဘေးမှ ရွာကြီးဆီသို့ အလည်အပတ်သွားကြလေသည်။ ခင်စိန်လည်း လိုက်ပါခဲ့လေသည်။ ကျွန်ုပ်တို့လာမည်ဆိုသောကြောင့် သူကြီးစိန်အုပ်က ကြက်သားဟင်း၊ဆီပြန်၊ ပုဇွန်ထုပ်အစိမ်းသုပ်၊ ငါးဖယ်ရိုးဟင်းချိုတို့ကို စီမံထားလေသည်။

‘မင်းနန်းသူကလေးကို ကောက်ရစဉ်က လိုက်ပါလာခဲ့သော ကာလသားများလည်း လူကြီးများဖြစ်ကုန်ကြပြီဖြစ်သည်။ အချို့မှာ ကျေးရွာကောင်စီအဖွဲ့ဝင်များ ဖြစ်သည်၊ အချို့မှာ ကုန်သည်ကြီးများ ဖြစ်နေကြပြီဖြစ်သည်၊ ၎င်းတို့အနက်မှ အချို့က ကျွန်ုပ်အား “ဆရာ၊ ဟိုအိမ်ကြီးပေါ်က ကျိန်စာနဲ့ရတဲ့ကလေးလား” ဟုမေးကြလေ၏။

ကျွန်ုပ်လည်း –

“ဟုတ်ပါတယ် တိုးတိုးပြောစမ်းပါ၊ သမီးကြားသွားပါဦးမယ်” ဟု ဟန့်တားရလေသည်။ အချို့ကလည်း –

“ကြည့်စမ်းပါဦး၊ တသွေးတမွေးကြီးနော်” ဟု ပြောကြကုန်၏။ ထမင်းစားပြီးသောအခါ၌ ငမိုးရိပ်ချောင်းဘေးတွင် လျှောက်၍ကြည့်လိုသည်ဟု သမီးက ပူဆာသောကြောင့် ကျွန်ုပ်နှင့်ခင်စိန်သည် သမီးကလေးကို လိုက်လံပြကြလေသည်။

တစ်နေရာသို့ ရောက်သောအခါ၌ ရှည်လျှားသော မြက်တောတစ်ခုကို ဖြတ်၍ လျှောက်ရလေသည်။ ထိုသို့လျှောက်စဉ် သမီးကလေးသည် “အား” ဟု ငယ်သံပါအောင်အော်၍ လဲကျသွား




www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျွန်ုပ်လည်း သမီးကလေးအား ပွေ့ထားရလေသည်။ ခင်စိန်ကမူ သမီး၏ ခြေထောက်အနီးသို့ ကြည့်လိုက်ပြီးလျှင် –

"မြွေ မြွေ မြွေ" ဟု အလန့်တကြား အော်လေသည်။ ထိုအခါ လှည်းလမ်းကြောင်းတွင် လျှောက်လာသော ရွာသားတစ်ဦးက တုတ်တစ်ချောင်းကောက်လာပြီးလျှင် ထိုမြွေကို ရိုက်၍ သတ်လိုက်လေသည်။

ကျွန်ုပ်လည်း မကြည့်ရဲကြည့်ရဲနှင့် ထိုမြွေကိုကြည့်လိုက်ရာ တစ်ကိုယ်လုံး အစက်အပြောက်များ ပြည့်နေသည့် မြွေမျိုးဖြစ်သည်ကို တွေ့ရလေသည်။ မြွေကို ရိုက်သတ်သောသူက –

"ငန်းပြောက် ငန်းပြောက်၊ မြွေဟောက်အုပ်စုထဲမှာ ပါတယ်။ သူတို့က ငါးမျိုးရှိတယ်။ ငန်းပြောက်၊ ငန်းကြား၊ ငန်းငါးပါးလို့ခေါ်တယ်။ အဆိပ်ပြင်းတယ်။ ကျွန်တော် ကျန်းမာရေးမှူးကို သွားခေါ်ပါဦးမယ်" ဟုဆိုကာ ပြေးထွက်သွားလေသည်။

ကျွန်ုပ်လည်း အားပေးစကားပြောကာ သမီးကလေးကို ပွေ့ထားရလေသည်။ ခင်စိန်မှာမူ ထဘီကိုဖြဲ၍ မြွေကိုက်သော ဒဏ်ရာအထက်မှာနေ၍ စည်းပေးထားလေသည်။

ကျန်းမာရေးမှူး ရောက်လာပြီးလျှင် စမ်းသပ်ကြည့်ကာ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်လေသည်။ သမီးလေးမှာ အသက်





ပျောက်နေပြီဖြစ်၏။ ခင်စိန်သည် မြေပြင်ပေါ်တွင် လူးလိမ့်၍ ငိုကြွေးနေ၏။ ငိုကြွေးရင်းတတ်သွားသဖြင့် အနီးအပါးမှ မိန်းမများက ခြေများ၊ လက်မများ ကိုချိုးပေးကြလေသည်။ ကျွန်ုပ်မှာလည်း ကမ္ဘာပျက်သကဲ့သို့ ခံစားရလေသည်။ သမီးကလေးသည် အသက်ထွက်ကာနီးတွင် –

"အဖေကြီး၊ ဘယ်တော့မှ မကျိန်နဲ့နော်" ဟု မပီကလာ ပီကလာ ပြောသွားလေသည်။ ကျွန်ုပ်သည် ခင်စိန်သတိရလာသောအခါ၌ ခင်စိန်အား ကြိမ်းမောင်းမိလေသည်။

"အပုတ်တမာမ၊ ကလေးကို ကျိန်နည်းတွေ နင်သင်တာ၊ မြို့မှာနေတဲ့ ကလေး မြွေကိုက်သေရတယ်လို့ဗျာ" ဟု ယောင် ယမ်း၍ အော်ဟစ်မိလေတော့၏။

ထို့နောက်တွင်ကား သူကြီး၏ အကူအညီနှင့်ပင်ထိုရွာ၏ သင်္ချိုင်း၌ သမီးကလေးကို ဂူသွင်း၍ သဂြိုဟ်လိုက်လေသည်။

ကျွန်ုပ်သည် ရန်ကုန်တွင်နေသည်ဆိုသော်လည်း တစ်ပတ်တစ်ခါ ထိုသင်္ချိုင်းသို့ သွားရောက်ကာ သမီးကလေး၏ အုတ်ဂူ၌ရှိသော ပန်းအိုးကလေးများကို ပန်းလဲ၍ ပေးတတ်လေသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် ရာသက်ပန် ဟိုးပါးသီလနှင့်သာ နေလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်နေ့တွင် ကျွန်ုပ်သည် သမီးကလေး၏ အုတ်ဂူတွင် ကပ်နေသော ရေညှိများကို အုန်းဆံဖတ်နှင့် တိုက်နေမိလေသည်။ ထိုအချိန်၌ မော်တော်ကားတစ်စီးသည် မလှမ်းမကမ်းတွင် လာ၍ ရပ်လေ၏။ ထို့နောက် ကားပေါ်မှ သမီးကလေးတို့အရွယ် ကောင်လေးတစ်ယောက် ဆင်းလာလေသည်။

ကောင်လေးမှာ ရုပ်ရည်ချောမော၍ ယောကျ်ားပီသပြီးလျှင် အရုပ်အမောင်းကောင်းလေ၏။ ထို့နောက် ထိုကောင်လေးက ကျွန်ုပ်အား အင်္ဂလိပ်ဘာသာဖြင့် နှုတ်ဆက်လေသည်။ ပြီးလျှင် ကောင်လေးသည် သူသည် မင်းနန္ဒာနှင့် စင်ကာပူတွင် ကျောင်းနေဖက် ဖြစ်ကြောင်း၊ ထို့ပြင် မင်းနန်၏ ချစ်သူလည်းဖြစ်ကြောင်း ရှင်းပြလေသည်။

မင်းနန္ဒာနှင့် ၎င်းသည် ခွဲ၍မပြန်ကြောင်း ကတိကဝတ် ထားကြလေသည်။ ထိုသို့ထားရာတွင် ၎င်းက မင်းနန္ဒာအား မယုံဘူး ဟု ပြောမိရာ –

"အန်ကယ်ရယ် မင်းနန္ဒာက ကျိန်လိုက်တာ မပြောပါနဲ့တော့၊ ခွဲပြီး ပြန်ခဲ့လို့ရှိရင် အဲဒီ ကျိန်စာရှုပါစေပေါ့။ ကျိန်စာကလည်း





အရှည်ကြီးပဲ၊ သူပဲတတ်တယ်။ သူ့ကျိန်စာကို နားထောင်ရတာ ကျွန်တော်ဖြင့် ကြောက်တောင်ကြောက်လာတယ်။ မီးစလို့ တိုပါစေ ဆိုတာလည်းပါတယ်။ မြွေကိုက်ပြီး သေပါစေဆိုတာလည်းပါတယ်။ မြွေနာမည်တွေတောင်ထည့်ပြီး ဆိုတယ်။ အန်ကယ်က လိမ်ပြီး ခေါ်လိုက်တော့ မင်းနန္ဒာ ကပေးထားတဲ့ ကတိကိုဖျက်ပြီး ပြန်လာရတော့ သူကျိန်ဆိုတဲ့ကျိန်စာဟာ သူ့ကို ရှုသွားပြီနဲ့တူတယ်" ဟု ပြောလိုက်ရာ ကျွန်ုပ်က –

'သိပြီ . သိပြီ မပြောနဲ့တော့" ဟု ပြောလိုက်ရလေ၏။ ခင်မိန့်မှာမူ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှာဘက်ဆီသို့ ထွက်ပြေးသွားလေတော့၏။

ကျွန်ုပ်သည် မင်းနန္ဒာ၏ အုတ်ဂူကို ခေါင်းဖြင့်ဆောင့်၍ ငိုကြွေးနေလေသည်။ ထိုအချိန်၌ မိန်းမကြီးတစ်ယောက် တောင်ဝှေး တစ်ချောင်းထောက်၍ ကျွန်ုပ်ထံရောက်လာလေ၏။ ထို့နောက် ကျွန်ုပ် အနီးတွင်ထိုင်ကာ –

"ကဲ ကျောင်းဆရာလေး၊ အဒေါ်က ဟိုဘက်ရွာကပါ၊ ကလေးမအတွက် စိတ်မကောင်းလို့ပါ၊ ကျောင်းဆရာလေး ကလေးမ အတွက် ဘယ်လောက်ပူဆွေးနေတယ်ဆိုတာလည်း အဒေါ်ကြား တယ်။ အဒေါ်ဟာ အခု အသက် ၈၀ ကျော်ပါပြီ၊ သွေးတိုးရောဂါ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိတယ်။ သိပ်ပြီး ကြာကြာနေရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကလေးမရဲ့ အဖြစ်မှန်ကို သိအောင် လှည့်ကြံနဲ့လိုက်လာပြီး ကျောင်းဆရာလေးကို လာတွေ့တာပါ။ ဒီကလေးမလေးဟာ ဘယ်သူ့သမီးလဲ''ဟု မိန်းမကြီးက မေးလေ၏။

''ဘယ်သူ့သမီးကမလဲ အဒေါ်ရယ်၊ မင်းနန္ဒသူကလေးဟာ ကျွန်တော့်သမီးပေါ့'' ဟု ပြောလိုက်လျှင် ထိုမိန်းမကြီးက –

''ဆရာလေး၊ သမီးဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် သမီးအရင်းတော့ မဟုတ်ဘူးလေ။ ဟိုချောင်းနဖူး သရဲခြောက်တယ်ဆိုတဲ့ အိမ်ကြီးက ဒီကလေးကို ရခဲ့တာမဟုတ်လား။ ဒီကလေးဟာ မင်းအိမ်ကိုရောက်နေတဲ့ ခင်စိန်နဲ့ သူကြီးစိန်အုပ်တို့ တိတ်တိတ်ပုန်းညားပြီးရတဲ့ ကလေးကွယ့်၊ ခင်စိန်ကိုယ်ဝန်ရှိလာတဲ့အခါမှာ ရွာကမသိအောင် သူကြီးစိန်အုပ်ကိုယ်တိုင် အဒေါ့်အိမ်မှာ လာပြီး ပို့ထားတာ။ ဒီကလေးကို အဒေါ့်အိမ်မှာပဲ မွေးသွားတာ။''

''ဒီကလေးကို မင်းလက်ထဲရောက်အောင် စီမံတာကခင်စိန့်ဉာဏ်ပဲ။ ခင်စိန်ဟာ အတော်ဉာဏ်ပြေးတဲ့မိန်းကလေး၊ မင်းဆီကိုလည်း ကလေးရောက်ရော သူကြီးက သူ့ကို ကလေးထိန်းအဖြစ်နဲ့ တစ်ဖက်လှည့်လာပို့တာ။ ခင်စိန်ဟာ တောသူဆိုပေမယ့် မခေဘူးကျောင်းဆရာရေ့။ မေဒင်လေးပုံကိုလည်း ဆူရာရွှေနှုတ်ပြီး မီးဖုတ်





စားထားတဲ့မိန်းမ။

''ရှေးဟောင်းရာဇဝင်တွေကိုလည်း ထုံးလိုချေ၊ ရေလိုနှောက်ထားတာ၊ အဲဒါလေးသိအောင်လာပြီးပြောတာ။ နောက်ပြီးတော့ သူကြီးနဲ့ခင်စိန်က ပေါင်းတော့တာမှမဟုတ်ဘဲ။ အရည်အချင်းရှိတဲ့မိန်းမတစ်ယောက်ကို ဒီအတိုင်း ပစ်မထားပါနဲ့ကွယ်။ မင်းပဲ ယူလိုက်ပါ'' ဟုပြောသဖြင့် ကျွန်ုပ်က –

''ကျွန်တော်က ကျိန်စာကိုကြောက်တယ် ခင်စိန့်ကို မယူရဲပေါင်'' ဟု ပြတ်ပြတ်သားသားပင် ငြင်းဆိုလိုက်ပြီးနောက် –

''သမီးလေး မင်းနန္ဒသူရေ အဖေကြီးပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေအားလုံး ရပါစေကွယ်၊ အမျှ အမျှ အမျှ'' ဟုအမျှပေးလိုက်ပြီးလျှင် ကျွန်ုပ်၏ မျက်လုံးအိမ်မှ စီးကျလာသော မျက်ရည်နှစ်ပေါက်ကို လက်ဖနောင့်နှင့်သုတ်ရင်း ထိုနေရာမှ ထွက်လာခဲ့လေ၏။

ထို့နောက် မင်းနန္ဒသူ၏ ချစ်သူဆိုသော ကောင်ကလေး၏ ကားနှင့်ပင် ကျွန်တော်ရော ခင်စိန်ပါ လိုက်ပါလာခဲ့လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com






ကျွန်မသည် - ဆရာကြီး၏ သမီး

ကျွန်မသည် - ဆရာကြီး၏ တပည့်

ကျွန်မသည် - ဆရာကြီး၏ လိုင်စင်ရ ဗေဒင်ဆရာမ

ကျွန်မသည် - ဆရာကြီး၏ကျောင်းဆင်း စာရေးဆရာမ

ကျွန်မသည် အဖေဆရာကိုချစ်သည်။ ထို့ကြောင့် အဖေ ဆရာဖြစ်ချင်တဲ့ စာရေးဆရာမ၊ ဗေဒင်ဆရာမ ဆိုတဲ့ ဘွဲ့နှစ်ခုရအောင် ကြိုးစားခဲ့သည်။

ထိုကျွန်မ ကြိုးစားခဲ့သည့် ရွေးချယ်ခံ စာမူအချို့ထဲမှ ကျွန်မတို့လို အမျိုးသမီးလောကအတွက် သောကမဖက်ဖို့ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ကြဖို့။ အိမ်ထောင်ရေးလောကမှာ ကျောချမှ စားပြမှန်းသိရတဲ့ ဘဝ မဖြစ်ရအောင် ဆရာကြီးပေးတဲ့နည်း။ ဆရာကြီးရေးတဲ့ ပုံစံနဲ့ ယတြာတစ်ချို့ လက္ခဏာတစ်မျိုး မရိုးမအီ တစ်မျိုးစီ အချစ်အစီအမံ များကို လက်ဆောင်အဖြစ် -

ကျွန်မတွေးမိတယ်။ ဆရာဝန်တွေ ဆရာမတွေ ဆေးခန်း ဖွင့်ထားတယ်ဆိုတာ လူသားတွေရဲ့ ခန္ဓာကိုယ်ကျန်းမာရေးအတွက် လိုအပ်တာညွှန်ကြားပေးဖို့ ကုသပေးဖို့ ဖြစ်သလို ဗေဒင်ဆရာတွေ ဆရာမတွေ ဟောခန်းဖွင့်ထားတယ်ဆိုတာလည်း လူသားတွေရဲ့ အနာဂတ် သုခ/ဒုက္ခ တွေအတွက် ဘာလုပ်ရမလဲ ဆိုတဲ့ ဆောင်ရန်/ ရှောင်ရန် တွေကို လမ်းညွှန်ပေးဖို့ ဖွင့်ထားတာပါလို့။

လူတွေက ကျန်းမာရေးမကောင်းလျှင် သမားတော်တွေ ဆရာဝန်တွေဆီ သွားပြသလို ဘဝမှာ စိတ်ညစ်စရာတွေ၊ အဆင်မပြေတာတွေ၊ စိုးရိမ်စရာတွေနဲ့ ကြုံလာရင် ဗေဒင်ဆရာတွေ ဆရာမတွေဆီ သွားရင်ဖွင့်ကြ၊ ပြောကြ၊ မေးကြ လမ်းညွှန်မှုခံယူကြ





တယ်လေ။

ဒါကြောင့် ဗေဒင်ဆရာတွေ ဆရာမတွေဆိုတာ ဘဝရဲ့ သမားတော်တွေပါလို့ ပြောရသလို ဘဝရဲ့ ဒေါက်တာလို့လည်း ခေါ်လို့ရပါတယ်။

ပြီးတော့ ဆေးလောကမှာ စာရေးဆရာသမားတော် ဒေါက်တာတွေရှိသလို ဗေဒင်လောကမှာလည်း စာရေးဆရာဗေဒင်ဆရာ ဆရာမဆိုတာ ရှိတာကြောင့် ဆရာဝန်တွေက သူ့တို့ဆီရောက်လာကြတဲ့ လူနာတွေရဲ့အကြောင်းကို စာနဲ့ရေးပြောပြသလို ကျွန်မရဲ့ အပေဆရာကြီး မင်းသိင်္ခအပါအဝင် ကျွန်မတို့ကလည်း ကျွန်မတို့ဆီကို အားကိုးတကြီးရောက်လာပြီး မေးကြတဲ့လူတွေကို အကြောင်းပြုပြီး ကောင်းမှုနဲ့ မကောင်းမှုဆိုတာ ခွဲခြားသိစေပြီး ကုသိုလ်ယူတဲ့အနေနဲ့ လူတွေရဲ့အကြောင်း ခုလို ပြန်လောင်းရေးသား ဖောက်သည်ချရင်း -

ဘယ်ခရီးကို ဘယ်ထီးနဲ့သွားရမယ်။

ဘယ်စခန်းကို ဘယ်လမ်းကလျှောက်ရမယ်။

ဘယ်အခါ ဘာစားရမယ်၊ ဘာဆောင်ရမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



(၇) ရက်သားသမီးအတွက် ဆောင်ရန်/ရှောင်ရန်တို့ကို ဆေးဘက်ဝင်လမ်းညွှန်အဖြစ် ရေးသားပြရလျှင် ။





## ဒါမြတ်ဆုံးအာဇပါ

ယနေ့ ဒေါ်ခင်မမ ဆေးကုသခံနေသော ဆေးခန်းတွင်း ဝယ် လူစည်ကားသော နေ့တစ်နေ့ဖြစ်သည်။ ဦးကိုလတ်တစ်ယောက် တည်း ဒေါ်ခင်မွှေးမွှေးနှင့်အတူ ရောက်ရှိနေခဲ့လေသည်။ ရှေးဟောင်း နှောင်းဖြစ်များကို ပြန်လည်ပြောပြရင်းဖြင့် ရယ်မောပျော်ရွှင်မှု စီစီညံ့ နေခဲ့ကြသည်။ ဒေါ်ခင်မမ၏ တူမလေး ဥမ္မာခင်ကလည်း သတင်းရ၍ ရောက်ရှိလာခဲ့ပြီး အနီးကပ်ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ရေပတ်သုတ် ပေးခြင်း၊ သနပ်ခါးလူးပေးခြင်း၊ အဝတ်အစား လဲပေးခြင်းတို့ကို ပြုလုပ် ပေးနေခဲ့သည်။ ဦးကိုကိုလတ်နှင့် ဒေါ်ခင်မွှေးမွှေးတို့ကတော့ စကား လက်ဆုံ ပြောမကုန်နိုင်ကြရအောင် ရှေးဟောင်းနှောင်းဖြစ်များ ပြော လိုက် ရယ်မောလိုက်ဖြင့် လူ့ပမာကို မေ့လျော့နေသယောင်ဖြစ် သည်။ ဦးကိုကိုလတ်မှာ ယခုအခါ ဒါရိုက်တာဦးကိုလေးအဖြစ် လူသိ ရှင်ကြား နာမည်ကျော်ကြားနေသော ဂုဏ်သရေရှိ လူကြီးမင်းတစ် ယောက်ဖြစ်နေခဲ့သည်။ ဦးကိုကိုလတ်ကိုမြင်ရသောအခါ ဒေါ်ခင်မမ



www.burmeseclassic.com

www.burmeseclassic.com



မှာ သူမ ဆယ်ကျော်သက်အရွယ်က နှလုံးသားခံစားချက်များကို ပြန်လည်တွေးမြင်ပြီး ပြုံးယောင်ယောင်ဖြစ်လာခဲ့သေးသည်။

ဆေးအရှိန်ကြောင့်လား အားနည်းချက်ကြောင့်လား မသိ။ ဒေါ်ခင်မမ မျက်ခွံများမှာ လူတွေကို ငေးကြည့်နေသည့်ကြားမှာ လေးလံစွာ ပိတ်၍ သွားနေခဲ့သည်။ လူများကိုလည်း မြင်ကွင်းအတွင်း မှုန်လိုက်ဝါးလိုက် ကြည်ကြည်လင်လင်မြင်ရလိုက်နှင့် မပီမသ ပိုး တဝါး လှုပ်ရှားနေကြသည်။ ဤသို့ဖြစ်နေစဉ်အတွင်း အိပ်မက်တစ်ခု ကိုမက်နေသလိုမျိုး ပုံရိပ်များကလည်း သူမ၏ မြင်ကွင်းအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

"ကြီးမေရေ .ကြီးမေ သမီးလေး ကြီးမေဆီ ပြန်လာ ချင်နေတာ ကြာပြီ သိလား။ ဘွားကြီးက ဘာဖြစ်နေမှန်းကိုမသိဘူး။ မပြန်ရဘူးဖြစ်နေတယ်။ ရန်ကုန်ပြန်ရောက်ရင် ကလေးက ဒီကို ပြန်လာချင်မှာမဟုတ်တော့ဘူး။ ဒီမှာပဲနေပါကလေးရယ်တဲ့။ ကလေး တွေ့ချင်တဲ့ ကြီးမေကို ဘွားကြီးလှမ်းခေါ်ပေးပါ့မယ်တဲ့။ သမီးကို ညာပြောနေတာလား မသိပါဘူး။ သမီးစိတ်ထဲက ဘွားကြီးစကားကို မယုံလို့မရဘူးကြီးမေရဲ့ သိလား"

လေယာဉ်ပျံနဲ့သာမဟုတ်ဘဲ ပြေးပြီးလာခဲ့လို့ရရင် သမီး





ကြီးမေဆီကို ပြေးလိုက်လာချင်တာ အရမ်းပဲ၊ ကြီးမေနေမကောင်း ဘူးလို့ သမီးအိပ်မက်မက်တယ်။ ကြီးမေ "သမီလေး သမီးလေးနဲ့" ခေါ်ခေါ်နေတာ တတနေတာကို သမီးမြင်နေ ကြားနေရတယ်။ သမီး ဘယ်လိုလုပ်ပြီးလာရမယ်ဆိုတာ မသိတော့ပါဘူး ကြီးမေရယ်။ ခုလည်းသမီးဟာ တိုက်အမြင့်ကြီးပေါ်မှာရောက်နေတာ။ အဲဒါ လေထဲကနေ ကြီးမေဆီကို ခုန်ချပြီး လာလိုက်ချင်တယ်။ကြီးမေ စောင့်နေမလားဟင်။ သမီးခုန်ချပြီး လာခဲ့မယ်လေ နော်"

သမီးလေး နှင်းအဥ္စလီ၏ စကားသံများကို ကြားယောင်ပြီး ဒေါ်ခင်မမ နှလုံးသွေးများ အခုန်မြန်သွားခဲ့သည်။ ကလေးငယ်၏ ပုံသဏ္ဍာန်ကိုလည်း (၈)ထပ်တိုက်ကြီး တစ်လုံး၏ လေသာဆောင် ပေါ်တွင် မြင်ယောင် တွေ့ယောင် ဖြစ်နေခဲ့သည်။ ကလေးငယ်က ခုန်ချမည် တကဲကဲ ဖြစ်နေသည်။ ဒေါ်ခင်မမ ယောင်ယမ်း၍ အလန့် တကြားအော်ဟစ်တားမြစ်လိုက်သည်။

"မခုန်ချပါနဲ့ သမီးလေးရယ်၊ မခုန်ချပါနဲ့ ၊ သမီးလေး ရှိတဲ့နေရာကို ကြီးမေလာခဲ့ပါ့မယ်။ သမီးလေး စောင့်နေနော် ဟုတ် လား"

"တကယ်လာမှာလားကြီးမေ ဒါဆို မီးစောင့်နေမယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်လာခဲ့ပါနော်၊ ကြီးမေ မလာရင်တော့ မီးခုန်ချလိုက်တော့မယ်နော် ...''

''ဟဲ့ . ဟဲ့ သမီးလေး မခုန်ချနဲ့၊ မခုန်ချနဲ့၊ နေဦး နေဦး၊ ကြီးမေ လာပြီ ကြီးမေ လာပြီ .''

ဒေါ်ခင်မမ ခန္ဓာကိုယ်ကြီးက လေထဲတွင် ပျံဝဲလျက် မြောက်တက်သွားခဲ့သည်။ သမီးလေး နှင်းအဥ္စလီရှိရာသို့ လေယာဉ်ပျံတစ်စီးကဲ့သို့ အရှိန်အဟုန်ပြင်းစွာဖြင့် ပျံသန်းသွားနေခဲ့သည်။ ထိုပုံစံကို သမီးလေးနှင်းအဥ္စလီက မြင်ပြီးဝမ်းသာပျော်ရွှင်စွာ ခုန်ပေါက်နေခဲ့သည်။ နွတ်မှလည်း အော်ဟစ်ခေါ်နေခဲ့လေသည်။

''ကြီးမေရေ . ကြီးမေရေ .၊ သမီးက ဒီမှာ .၊ မြန်မြန်လာပါ ကြီးမေရေ၊ ကြီး . မေ . အား . အမယ်လေး''

ခုန်ပေါက်အော်ဟစ်နေရင်းမှ သမီးလေး နှင်းအဥ္စလီ တိုက်အမြင့်ကြီးပေါ်မှ လွင့်ကျလာခဲ့လေသည်။ ဒေါ်ခင်မမလည်း အဝေးကြီးမှာ ရှိနေသေးသည်။ ဒေါ်ခင်မမစိတ်တို့ ထိန်းချုပ်မရနိုင်တော့။ မျက်လုံးစုံမှိတ်လျက် အသံကုန်ဟစ်အော်၍ နှင်းအဥ္စလီလေးကို ခေါ်လိုက်လေတော့သည်။

''သမီးလေး . သမီးလေး''





နွတ်မှလည်း အော်ဟစ်ရင်း လူကလည်း ရိုဝေမူးနောက်လျက် မျက်လုံးများ ပိန်းပိတ်အောင် မှောင်မဲသွားခဲ့ပြီး နှင်းအဥ္စလီလေးနှင့်အတူ အမြင့်ကြီးမှအောက်သို့ ရုတ်တရက် ထိုးစိုက်ဆင်းသွားနေခဲ့လေသည်။

ထိုးဆင်းနေသည်မှာ ခြေလွတ်လက်လွတ် ထိုးဆင်းနေခဲ့ခြင်းဖြစ်သည်။ ကလေး၏ ရုပ်ပျက်ဆင်းပျက် သွေးထွက်သံယိုမြင်ကွင်းကိုလည်း ရုတ်တရက် မြင်လိုက်ရပြီး အော်ဟစ်လျက် သတိလစ်မေ့မျောသွားခဲ့လေတော့သည်။

''ကြီးမေရေ . ကြီးမေ .''

''သမီးလေး . သမီးလေး . အမယ်လေး .''

ရုတ်တရက် အော်ဟစ်လိုက်သံနှင့်အတူ ဒေါ်ခင်မမတစ်ယောက် တုန်လှုပ်သွားသဖြင့် ဒေါက်တာတင်မောင်ဝင်းက လျင်မြန်စွာ နှလုံးခုန်စက်ကို ချိန်၍ ကြည့်နေခဲ့သည်။ နှလုံးခုန်စက်မှ ဗားဂရပ်များက မြင့်လိုက်နိမ့်လိုက် ဖြစ်နေခဲ့သည်။ အားလုံးက အံ့သြတကြီး ကြည့်နေစဉ်မှာပင် နှလုံးခုန်စက်မှ ဗားဂရပ်များ ရပ်တန့်ပြီး ငြိမ်သက်သွားခဲ့လေတောသတည်း။

စိတ်လက်မသက်မသာဖြင့် ဒေါက်တာတင်မောင်ဝင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမ၏ ရင်ခေါင်းနေရာကို လက်ဝါးနှစ်ဖက်ဖြင့် ဖိလျက် အသက် ရှူနှုန်းမြန်လာအောင် ကြိုးစားပမ်းစား လှုပ်ရှားဆောင်ရွက်နေခဲ့သေးသည်။ ထိုအချိန်တွင် ဆေးခန်းအတွင်းသို့ ဒေါ်အေမီလင်းနှင့် မြေးမလေးနှင်းအဥ္စလီတို့ ဝင်ရောက်ခဲ့ကြလေသည်။ ဒေါ်အေမီလင်းမှာ ရုတ်တရက်မြင်တွေ့လိုက်ရသော မြင်ကွင်းကိုကြည့်ပြီး အံ့ဩမှင်သက်နေစဉ် သမီးလေးနှင်းအဥ္စလီက အပြေးအလွှားနှုတ်မှ ဟစ်အော်ခေါ်လျက် လူနာခုတင်လေးသို့ ရောက်ရှိသွားခဲ့လေ၏။

"ကြီးမေ ကြီးမေ၊ မီး ကြီးမေဆီကို ပြန်လာခဲ့ပြီလေ။ ကြီးမေ .၊ မီးပြန်လာပြီ ကြီးမေ .၊ အိပ်မနေပါနဲ့ .၊ မီးကို ကြည့်ပါဦး၊ ကြီးမေ .၊ ထပါဦး ."

ကလေး၏ အော်ဟစ်လှုပ်နှိုးနေသံများကို ကြားနေရသူတို့၏ ရင်တွင်း၌ကား ဝမ်းနည်းကြေကွဲမှုများက ရစ်သိုင်းနေခဲ့ကြလေသည်။ အသီးသီးမျက်လုံးအိမ်များမှ မျက်ရည်ကြည်များ ရစ်သိုင်းစီးကျလာခဲ့ကြလေသည်။

ဒေါ်ခင်မမတစ်ယောက်ကတော့ ပြုံးယောင်ယောင်မျက်နှာလေးဖြင့် သမီးလေးနှင်းအဥ္စလီကို ငေးကြည့်နေခြင်းလား ကျေနပ်ကြည်နူးနေခြင်းလား မည်သို့မျှ ခွဲခြမ်းစိတ်ဖြာ၍ မရနိုင်အောင် အလင်း





ရောင်များ ဖြာထွက်နေသော ကြည်နူးခြင်း မျက်နှာသွင်ပြင်တို့ဖြင့် အပြီးတိုင်အိပ်မောကျနေခဲ့လေပြီတကား။

ဒေါ်ခင်မမတစ်ယောက် သူမလိုချင်သော အဖော်ဟူသည့် မေတ္တာတရားကို နောက်ဆုံးအချိန်တွင် ရှာဖွေတွေ့ရှိသွားလေပြီဖြစ်၏။

မေတ္တာတည်းဟူသောအဖော်မွန်ထက် ပို၍ ရင်းနှီးကျွမ်းဝင်နိုင်သော လူဟူသည် အဘယ်မှာရှိနိုင်ပါအံ့နည်း။

စိန် ရွှေ ငွေ ရတနာများကို စွန့်လျက် ပေးကမ်းသော အလှူထက် ရဟန်းကိုကပ်သော ဆွမ်းတစ်နပ်က ပို၍မြတ်သည်။ ရဟန်းကို ကပ်သော ဆွမ်းတစ်နပ်ထက် သီလစောင့်သောသူက ပို၍မြတ်သည်။ သီလစောင့်သောသူထက် တရားဘာဝနာပွားသူက ပို၍မြတ်သည်။ တရားဘာဝနာပွားများသူထက် မေတ္တာပို့သခြင်းကပို၍ အမြတ်ဆုံး ဖြစ်ပါလေတော့သတည်း။ မေတ္တာဟူသော အဖော်သဟာဖြင့် လူသားတိုင်း ထာဝရလက်တွဲနိုင်ကြပါစေသတည်း .။



www.burmeseclassic.com

www.burmeseclassic.com



# ချစ်အားငယ်ရသူ

တစ်နေ့ ကျွန်မဟောခန်းအတွင်းသို့ အမျိုးသမီးတစ် ယောက်ဝင်လာပြီး -

"ဆရာမရယ် ကျွန်မဘာဝအကြောင်း နည်းနည်းလောက် ပြောပြချင်ပါတယ်ရှင်"

"ဟုတ်ကဲ့ တိုတိုနဲ့ လိုရင်းရောက်အောင် ပြောပေါ့နော် ဟုတ်လား"

"ဟုတ်ကဲ့ ဆရာမမအားလပ်တဲ့ကြားက ကျွန်မကို ခုလို ပြောခွင့်ပြုတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ် ဆရာမရယ်"

"ကျွန်မဘာဝအကြောင်းကတော့ အိမ်ထောင်စကျပြီးက တည်းက အဆိုးတွေနဲ့ ရင်ဆိုင်ရတာပါပဲ။ အိမ်ထောင်ဘက်က အရေး တယူမဖေးမတာတွေအပေါ် သူ့ဘက်က ဆွေမျိုးတွေက အလိုမကျ ဖြစ်တင်ဝေဖန်ကျလို့ အိမ်ရှင်မတစ်ယောက်ရဲ့ခံစားခွင့်ဆိုတာ လုံး လုံးဆုံးရှုံးခဲ့ရတယ်။ ကိုယ့်အိမ်နဲ့ကိုယ် နေခွင့်ရပြန်တော့လည်း အရှယ်







(က) အိမ်ထောင်ရေးလမ်းကြောင်းပေါ်က ကြက်ခြေခတ်

ရောက်လာပြီဖြစ်တဲ့ သားလေးက တစ်မျိုးပြီးတစ်မျိုး ဒုက္ခပေးခဲ့ပြန် တယ်။ သားကိုမနိုင်ရကောင်းလားဆိုပြီး လင်ကမဲလိုက်၊ လင်ဘက် ကပါရမလားဆိုပြီး သားက ဆိုးလိုက်နဲ့ ကျွန်မ သူတို့သားအဖကြား မှာ စိတ်ပျက်ခြင်းကြီးစွာနဲ့ ဘဝကို စခန်းသွားခဲ့ရပါတယ်။

ဒီကြားထဲ မပြည့်စုံတဲ့ ကျွန်မဆွေမျိုးတွေက တစ်ယောက် တစ်မျိုး အကူအညီတွေတောင်းကြလို့ တတ်နိုင်သရွေ့ကူညီရတာတစ် မျိုး၊ အမျိုးမျိုးသော အပူသောကတွေ ဝေနေရပါတယ်ရှင်၊ ယောကျ်ား လုပ်တဲ့သူက သိတဲ့အခါ ကျွန်မအပေါ် အထင်သေးအမြင်သေးနဲ့ ဆက်ဆံရုံတင်မကပဲ ဆွေမျိုးတွေ အိမ်လာလည်တာကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်မနှစ်သက်တဲ့ စကားတွေ ပြောနေပြန်တော့ ကျွန်မလည်း လူ့ဘဝမှာ နေရတာ စိတ်ရှုပ်စရာတွေနဲ့ပဲပြည့်ကျပ်ပြီး မြန်မြန်သေမှ အေးမှာလို့ စိတ်ဓာတ်ကျတဲ့အထိ ခံစားနေရပါတယ် ဆရာမရယ်''

''ကဲ ဒါဆို ဟိုဘက်သည်ဘက်ဆွေမျိုးတွေနဲ့ ဝေးတဲ့ နေရာတစ်ခုမှာ အိမ်ထောင်ရေးအဆင်ပြေအောင် နေကြည့်ပါလား''

''ကျွန်မက ဒီလိုအခွင့်အလမ်းမျိုးကို မကြိုးစားပေမယ့် ကျွန်မယောကျ်ားက ကြိုးစားနေပါတယ်။ အဲသည်လို နေလိုက်ရင်ရော တကယ်ငြိမ်းချမ်းတဲ့ အိမ်ရှင်မဘဝကို ရနိုင်ပါမလားရှင်''

တစ်သီးတစ်ခြားထွက်လာတာဆိုတော့ အမိက မိသားစု စည်းလုံးညီညွတ်ဖို့တော့ ကြိုးစားရမှာပေါ့။

''ဒါနဲ့ ရှင့်သားအရွယ်ရောက်နေပြီလား''

''ဟုတ်ကဲ့ ဆရာမ၊ အရွယ်ရောက်နေပါပြီ။ ပညာလဲ ဆုံးခန်းတိုင်အောင် မသင်ဘဲ သူ့အဖေဘက်က ဆွေမျိုးတွေက တအားမြှောက်စားထားလို့ မင်းသားရုံးလောက်အောင် ဝတ်စားပြင်ဆင်ပြီး မိန်းကလေးတွေနဲ့ တတွဲတွဲလုပ်နေတယ်လေ။ ငွေကိုလည်း လစ်ရင်လစ်သလို လာယူနေတာပဲ။ ကျွန်မလည်း ပညာသင်တဲ့အတူတူ သူ့ကို အလုပ်တစ်ခုခုလုပ်နိုင်းဖို့ သူ့အဖေကို ပြောထားပါတယ်။





သူ့အဖေက သူ့သားပုံစံကိုကြည့်ပြီး ဘယ်အလုပ်အတွက်မှ အရင်းထုတ်မပေးရဲဘူးဖြစ်နေတယ်''

''အင်း ရှင့်ဘဝကလည်း မလွယ်ပါလားနော်''

''ဟုတ်ပါတယ် ဆရာမ၊ ကျွန်မဘဝ တစ်သက်တာလုံး ဒီလိုပဲ စခန်းသွားရမှာဆိုတာလည်း သိချင်ပါတယ်။ အပြောင်းအလဲဖြစ်နိုင်မယ့် ကံကောင်းလာမယ့်အချိန်လေးကိုလည်း ကြိုပြီး သိချင်ပါတယ်။ ဒါကြောင့် ဆရာမဆီမှာ လက္ခဏာကြည့်ဖို့ လာခဲ့တာပါ''

''ကဲ ဒါဆိုရင်လည်း ရှင့်ရဲ့လက်ဖဝါးနှစ်ဖက်ကို ဒီဖော့တုံးလေးတွေပေါ်တင်လိုက်ပါ။''

ကျွန်မသည် သူမကို ပြောလိုရာ ပြောအပြီးတွင် သူမ၏ လက္ခဏာကို အသေးစိပ်ဟောပြောပေးခဲ့သည်။ သူမလည်း စိတ်ဝင်စားစွာစွာ နားထောင်နေခဲ့သည်။ သူမ၏ လက်ဝါးပြင်ပေါ်ရှိ လမ်းကြောင်းအတော်များများက ကံကြမ္မာ အဆိုးတွေ မရှိသလောက်ကို အားကောင်းနေ၏။ ဂြိုဟ်ခုံများ၏ အနေအထားကလည်း ပြည့်ပြည့်ဖောင်းဖောင်းဖြစ်ပြီး လက်ပုံစံကလည်း မပင်မပန်း ဘဝခရီး မကြမ်းသော ပုံသဏ္ဍာန်အနေအထားနှင့် ပြည့်စုံနေခဲ့သည်၊ လက်ဝါးပြင်၏ အသားအရေတို့က နူးညံ့အိထွေးနေရုံမက သွေးရောင်လွှမ်းနေသေး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အသက်ကြီးလေ ပြည့်စုံချမ်းသာလေဖြစ်မည့် နိမိတ်ဟု ကျွန်မ စိတ်တွင်းမှ ယုံကြည်နေခဲ့မိသည်။

ရှာဖွေလေ တွေ့ရှိလေဆိုသော စကားအတိုင်း နောက်ဆုံးတွင်တော့ အဖျက်လမ်းကြောင်းလေးတစ်ခုကို ထင်ရှားစွာရှာဖွေ တွေ့ရှိခဲ့ပါ၏။

လက်သန်းအောက်ခြေမှ ဆင်းလာခဲ့သော ဒေါင်လိုက်လမ်းကြောင်းလေးတစ်ခုသည် အိမ်ထောင်ရေးလမ်းကြောင်း၏ အစွန်းပိုင်းလေးကို ဖြတ်ဆင်း၍ "ကြက်ခြေခတ်" ဖြစ်နေခြင်း ဖြစ်သည်။ ထိုအရာကို မြင်သည်နှင့် ကျွန်မလည်း ပင့်သက်ရှိုက်ထုတ်ရင်း သူမ၏ လက္ခဏာကို အဆုံးသတ်ဟောပြောလိုက်သည်။ "အင်း ရှင့်ရဲ့ အိမ်ထောင်ရေးဟာ အားလုံးပြီးပြည့်စုံနေပေလိမ့်မယ်။ ဒါပေမယ့် အိမ်ထောင်ရေးလမ်းကြောင်းပေါ်မှာ ပေါ်နေတဲ့ ဒီသင်္ကေတလေးကြောင့် ရှင်ဟာ ဘယ်တော့မဆို မျက်နှာငယ်ငယ် အားငယ်ငယ်နဲ့ ဘဝတစ်လျှောက်လုံး စခန်းသွားရမှာ သေချာတယ်။ ရှင်နဲ့ ပတ်သက်သမျှ ပတ်ဝန်းကျင်တိုင်းဟာ ရှင့်ရဲ့ ပြည့်စုံမှု၊ တည်ငြိမ်မှုကို မလိုလားပဲ ဝိုင်းဝန်းတိုက်ခိုက်နှောင့်ယှက်နေတာကို ရှင်တစ်သက်တာလုံးခံစားနေရမှာပဲ၊ "ငါးတကာယို့သမျှချေး ပုစွန်ဆိတ်ခေါင်းစပုံ"





ဆိုတဲ့ စကားပုံလေးအတိုင်းရှင် ရင်စည်းလို့သာ ကြံ့ကြံ့ခံလိုက်ပါ။ စိတ်ဓာတ်မကျပဲ ခံနိုင်ရည်ရှိအောင်ကြိုးစားပါ"

"ဩော် ကျွန်မဘဝဟာ ဒါကြောင့် မငြိမ်းချမ်းရတာ ပါလားနော်၊ ကျွန်မ သဘောပေါက်ပါပြီ ဆရာမ၊ ဒါဟာ ကျွန်မဘဝရဲ့ အကြောင်းကံပဲပေါ့၊ ကျွန်မ ခံနိုင်ရည်ရှိအောင် ကြိုးစားအားထုတ်ပါတော့မယ်"

"ကျေးဇူးပါပဲ ဆရာမရယ်" ဟုပြောပြီး ဂါရဝပြု ပြန်ထွက်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# နေဝင်ချိန်ဝါမြဲတောက်ခြင်း

တစ်နေ့သ၌ ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းရှိရာ ကျိုက်ဒေးယျံ(ရန်ကုန်အာနန္ဒာ) စေတီတော်သို့ ဆရာကြီးမင်းသိမ်၏ တပည့်တစ်ဦးဖြစ်သူ ရောက်ရှိလာခဲ့လေသည်။ ထိုသူမှာ သုဝဏ္ဏ ဈေးအနီးကောက်လျှင်လမ်းတွင် ဗေဒင်လက္ခဏာဟောပြောနေသူ ဆရာအောင်ကျော်မိုးဖြစ်၏။ ဆရာအောင်ကျော်မိုးမှာ ကျွန်မ၏ တူသားကဲ့သို့ အားကိုးအားထားပြုရသူတစ်ဦးလည်းဖြစ်သည်။ ကိစ္စကြီးငယ်ရှိက သူ့ကိုတာဝန်ပေး အကူအညီတောင်းခံရခြင်းမျိုးလည်း ရှိတတ်သေးသည်။ သူကစ၍ နှုတ်ဆက်ရင်း ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

"အန်တီနွဲ့..၊ ဒီနေ့ ကျွန်တော့် ဟောခန်းပိတ်ရက် ဥပုသ်နေ့ဖြစ်တယ်။ အဲဒါ အဘခြိကနေ ပြန်လာတာ။ အန်တီနွဲ့ဆီက အကူအညီတောင်းစရာ ကိစ္စတစ်ခုရှိနေလို့ပါ."

"အံမယ် ထူးထူးဆန်းဆန်းပါလား။ ဘာတွေများ ကူညီရမလဲ ပြောပြပါဦး."

"ကျွန်တော် တစ်နေ့က ဟောခန်းမှာ လူတစ်ယောက်နဲ့ ထူးထူးခြားခြား စကားတွေ ပြောဖြစ်ခဲ့တယ်။ အဲဒီလူရဲ့အဖြစ်က တခြားလူတွေနဲ့မတူဘူးဖြစ်နေတယ်။ သူ့ရဲ့အခက်အခဲကို ကူညီဖို့ ဆိုတာလည်း စဉ်းစားဆုံးဖြတ်ပေးလို့ မရဘူးဖြစ်နေတယ်။ အဲဒါ အန်တီနွဲ့ စဉ်းစားဆုံးဖြတ်ပေးနိုင်မလားဆိုတာ မေးကြည့်ချင်လို့ပါ"

"ပြောကြည့်ပါလား.၊ ဘယ်လို အကြောင်းအရာမျိုးလည်းဆိုတာ သိရတာပေါ့"

"ဟုတ်ကဲ့ ပြောရမယ်ဆိုရင်တော့ အချိန်ပေးရမယ်၊ ဒီလိုလုပ် အန်တီနွဲ့၊ ဟောခန်းပိတ်ချိန်ကျမှ ကျွန်တော်ပြန်လာခဲ့မယ်။ အခု အိမ်ပြန်ပြီး အနားယူလိုက်ဦးမယ်."

"အေးလေ ဒါဆိုရင်လည်း ပြီးတာပါပဲ၊ ညနေဘက် ဆက်ဆက်ပြန်လာနော်၊ သိပ်ပြီး အိပ်မနေနဲ့ဦး."

"ဟုတ်ကဲ့ စိတ်ချပါ အန်တီနွဲ့၊ ကျွန်တော် သုံးနာရီလောက်မှာ ပြန်လာခဲ့ပါ့မယ်။ နေ့လည်စာ မုန့်နဲ့လက်ဖက်ရည်လည်း ဝယ်လာခဲ့ပါမယ်."

ဆရာအောင်ကျော်မိုးပြန်သွားပြီး ကျွန်မလည်း အလုပ်များ ဆက်၍ လုပ်နေခဲ့၏။ ညနေသုံးနာရီတွင် အလုပ်များရပ်ခဲ့ပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



လက်တို့လျှော့လျက် အနားယူရင်း ရေအေးအေးလေးတစ်ခွက်ကို သောက်ချလိုက်မိသည်။ မကြာမီ ဆရာ အောင်ကျော်မိုး ပြန်လာခဲ့၏။

"အင်း. မင်း ကတိတည်သားပဲ။ ကဲ ပါလာတဲ့ စားစရာတွေစားပြီး မင်းပြောချင်တဲ့ ဇာတ်လမ်းတစ်ပုဒ် စိတ်ရှည်လက်ရှည်နဲ့ ပြောပြပေတော့"

ဆရာအောင်ကျော်မိုးလည်း စားစရာ သောက်စရာများကို ပန်းကန်များအတွင်းသို့ ပြောင်းထည့်လိုက်ပြီး ကျွန်မထံသို့ လက်ဖက်ရည်ပန်းကန်ကို လှမ်းပေးလိုက်သည်။

"ရော့. ဒါ အန်တီနွဲ့သောက်ဖို့၊ ဒါက အန်တီနွဲ့တပည့်မလေးတွေ သောက်ဖို့.."

ကျွန်မအား ကူညီလုပ်ကိုင်ပေးသော တပည့်မလေးနှစ်ဦးမှာ မုန့်နှင့် လက်ဖက်ရည်တို့ကိုသောက်ပြီး ဧည့်ခန်းအတွင်း၊ သန့်ရှင်းရေးလုပ်နေကြသည်။ ကျွန်မက ဟောခန်းစားပွဲဝိုင်းထိုင်လျက် ဧည့်သည်ထိုင်သောနေရာမှ ဆရာအောင်ကျော်မိုးက ထိုင်ရင်း စကားသံတို့ အစပျိုးထွက်လာခဲ့တော့သည်။

"အန်တီနွဲ့..၊ ဦးကိုလေးဆိုတဲ့ လူတစ်ယောက်မှာ မွေးစားထားတဲ့ သမီးလေးတစ်ယောက်ရှိတယ်။ အဲဒီ သမီးလေးကို





ဦးကိုလေးက အရမ်းချစ်ရှာတယ်။ အဲဒီ သမီးလေးက အခုမှ ၁၅ နှစ်ကျော်ရုံပဲရှိသေးတယ်။ ဆယ်တန်းကျောင်းသူပါ။ ဦးကိုလေးကတော့ လူပျိုကြီးပါ။ သူ့သမီးလေးနဲ့ သူနဲ့က အသက် ၂၇ နှစ်တိတိကွာပါတယ်။ ဦးကိုလေးက အနုပညာဘက်မှာ နာမည်ရနေတဲ့ ဒါရိုက်တာတစ်ယောက်ပါ။ သူ့သမီးက စာအရမ်းတော်ပါတယ်၊ သူ့သမီးလေးကို ဆရာဝန်တစ်ယောက်ဖြစ်ဖို့ သူက ဖိအားပေးထားပါတယ်။ ဆရာတွေနဲ့လည်း၊ ကြပ်ကြပ်မတ်မတ် စာကြိုးစားဖို့ လမ်းဖွင့်ပေးထားပါတယ်။

ဒါပေမယ့် မကြာခင်မှာပဲ သူ့သမီးလေးဘက်က ခြေလှမ်းပျက်လာခဲ့ပါတယ်။ စာကျက်ဖို့ စိတ်ဝင်စားမှုနည်းလာပြီး စိတ်လှုပ်ရှားမှုတွေ အိပ်ရာထဲ ခွေနေတာတွေများနေတာမို့ ဦးကိုလေးလည်း ပထမတော့ ကျန်းမာရေးကြောင့်လို့ထင်ပြီး စိတ်ပူပြီး ထိတ်လန့်တကြားဖြစ်ခဲ့ပါတယ်။ နောက်တော့မှ သူ့သမီးလေးက စိတ်ကစားနေတယ်ဆိုတာ သိရပြီး ဘယ်သူ့အပေါ်မှာ စိတ်ညွတ်နေသလဲဆိုတာ အကဲခတ်စောင့်ကြည့်လိုက်တော့ ဦးကိုလေးကားကိုမောင်း တဲ့ ဒါရိုင်ဘာကောင်လေးနဲ့ ပတ်သက်နေပါတော့တယ်။ အဲဒီ ကောင်လေးက အိမ်ထောင်သည်ကလေးနှစ်ယောက်အဖေဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနဲ့ လက်ပွန်းတတီး တရင်းတနှီးဖြစ်နေခဲ့ကြတာပါ''

ကောင်မလေးအခြေအနေက ထင်တာထက်ပိုပြီး ဆိုးနေပါတယ်။ ကောင်လေးကအိမ်ထောင်ရှိတာမို့ အတည်အလင်းလက်ထပ်ယူဖို့လည်း မဖြစ်နိုင်ပါဘူး။ ဦးကိုလေး ဂုဏ်သိက္ခာနဲ့လည်း ပေးစားဖို့ မဖြစ်နိုင်ပါဘူး။ နောက်ပြီး ကောင်မလေးက မွေးစားသမီးလည်း ဖြစ်နေပြန်တော့ သူ့မှာ သူ့ကို လူတွေအထင်လွဲခံရမှာလည်း ကြောက်နေပါတယ်။ ဒါရိုင်ဘာကောင်လေးကလည်း ဝန်မခံဘူးဖြစ်နေတယ်။ အဲဒါ ဘေးကြပ်နံကြပ်ဖြစ်ပြီး ဒီကိစ္စ ဘယ်လိုဖြေရှင်းရမလဲဆိုတာ မဆုံးဖြတ်နိုင်လို့ ကျွန်တော့်ဆီကို ရောက်လာပြီး တိုင်ပင်တာပဲ။ ကျွန်တော်လည်း ဘယ်လိုအကြံပေးရမှန်းမသိလို့ နောက်တစ်ပတ်ပြန်ချိန်းထားလိုက်တယ်''

''အင်း .မင်းဇာတ်လမ်းကလည်း စဉ်းစားဆုံးဖြတ်ဖို့ တော်တော်ခက်ခဲတာပဲ။ ဒီကိစ္စမျိုးက အမှန်အတိုင်းပြောပြရင်တောင် ဦးကိုလေးကို လူတွေက ယုံကြည်ကြမှာမဟုတ်ပါဘူး။ ဒရိုင်ဘာကောင်လေးကပါ ဝန်မခံတော့ အခြေအနေက ပိုဆိုးတာပေါ့။ ဦးကိုလေးနေရာကကြည့်ရင် တော်တော့်ကိုဝမ်းနည်းကြေကွဲစရာ ရင်နာစရာတွေ ဖြစ်မှာအမှန်ပါပဲ .''





''ဟုတ်ပါတယ် အန်တီနွဲ့၊ နောက်ပြီး ဦးကိုလေးက တစ်ခါတစ်ရံမှာ အရက်ကိုအလွန်အကျွံသောက်တတ်တဲ့လူလည်း ဖြစ်နေတာကြောင့် အရက်မူးပြီးမှားတာလားဆိုတဲ့ ပုံစံမျိုးနဲ့ အထင်လွဲစရာတွေ ဖြစ်နိုင်တာပေါ့။''

''ကောင်မလေးကရော ဘာမှဖွင့်မပြောဘူးလား .''

''ကောင်မလေးက မေးရင်တော့ ရှက်ရှက်နဲ့ ငိုနေတာပဲတဲ့။ ဘာမှမေးလို့မရဘူးတဲ့ .၊ ဦးကိုလေးက ကောင်မလေးကို ရိုက်လည်းမရိုက်ရက် မေးလည်း မမေးရက်ဖြစ်နေရှာတယ်ဗျာ .''

''ဒါဟာ ဝဋ်ကြွေးတစ်မျိုးပဲ ဖြစ်လိမ့်မယ် အောင်ကျော်မိုးရဲ့''

''ဗျာ ဝဋ်ကြွေး ဟုတ်လား''

''အေး .လူတွေမှာ ဖြေရှင်းရခက်ခဲတဲ့ ဆုံးဖြတ်ရခက်ခဲတဲ့ အဖြစ်သနစ်တွေ ရုတ်တရက်ကြီးဖြစ်ပေါ်လာပြီဆိုရင် ဒါဟာ ဝဋ်ဟောင်းတွေကို ပြန်လည်ပေးဆပ်ရခြင်းပါပဲ။ ဒါပေမယ့် လူတိုင်းမှာလည်း ဝန်ထုပ်ဝန်ပိုးကြီးတွေက ပိနေကြတာပါပဲ။ အဲဒါကြီးတွေကိုလည်း ဖြစ်တဲ့နည်းနဲ့ ဖြေရှင်းပစ်ကြရတာပါပဲ။ နောက်ဆုံးတော့လည်း ဖယ်ရှားနိုင်တဲ့ နည်းလမ်းတွေ ရသွားကြတာပါပဲ။ လူတွေမှာ အခက်အခဲတွေကို သူ့တို့နည်း သူ့တို့ဟန်နဲ့ မဖြေရှင်းနိုင်ကြပဲ တစ်သက်တာ



www.burmeseclassic.com

www.burmeseclassic.com



လုံး ဒုက္ခတွေပိနေတဲ့လူဆိုတာ မရှိနိုင်ပါဘူး. အောင်ကျော်မိုးရယ်''

''အခုခက်နေတာက ကျွန်တော့်ဆီက အကြံဉာဏ်ကို သူ့ကိုပေးရမှာ။ ကျွန်တော်ဘယ်လို ဆုံးဖြတ်ချက်ချပေးရမလဲဆိုတာကိုပဲ အန်တီနွဲ့ စဉ်းစားပေးပါဗျာ''

''ဦးကိုလေးမှာ တနယ်တကျေးက ဆွေမျိုးနီးစပ်တွေရှိမှာပေါ့။ ဒီကလေးမကို တနယ်တကျေးပို့ပြီး ကလေးမွေးဖွားတဲ့အထိ အစောင့်အရှောက်နဲ့ ထားပေးလိုက်ပေါ့။ မွေးပြီး ကလေးကို စောင့်ထိန်းနိုင်မယ့်သူရဲ့ လက်ထဲမှာအပ်နှံထားပြီး ကလေးမဘာဖြစ်ချင်လဲ၊ ပညာဆက်သင်ချင်သလား၊ ဒါမှမဟုတ် အလုပ်လုပ်ချင်လား၊ စိတ်ပြေလက်ပျောက် တစ်ခုခုဖြစ်အောင် လမ်းကြောင်းပြောင်းပေးလိုက်ရမှာပါပဲ။ ၁၅ နှစ်ဆိုတဲ့ အရွယ်ဟာ အသိဉာဏ်က နည်းသေးတော့ တစ်နေ့တစ်ချိန်မှာ လမ်းမှန်ရောက်ဖို့ သူ့ကို ဝိုင်းဝန်းပြုပြင်ပေးကြရမှာပဲ။ ကလေးအမေဖြစ်ခွင့်ပေးလိုက်လို့ကတော့ သူ့ဘဝဟာ တစ်ခါမှားခဲ့မှုတာနဲ့ တစ်သက်တာ အပြစ်ပေးခံလိုက်ရသလို ဖြစ်သွားနိုင်တယ်။ ဒီအချက်ကို သူ့ကို သိပ်ချစ်တဲ့ ဦးကိုလေးလည်း လိုက်နာနိုင်ပါလိမ့်မယ်။''

''ဟုတ်တယ် အန်တီနွဲ့၊ ဒီလိုလမ်းကြောင်းပေးလိုက်ရင် လူတစ်ယောက်မှာ တစ်နှစ်တာ အညံ့ခံလိုက်ပြီး ရှေ့ရှောက်ကောင်း





စားဖို့ နည်းလမ်းတွေနဲ့ ပြန်ပြီးတိုးတက်အောင်မြင်နိုင်သေးတာပဲနော်။ ဒီအကြံပဲကောင်းပါတယ် အန်တီနွဲ့..''

ဆရာအောင်ကျော်မိုးလည်း သိုလိုသောအဖြေကို ရသွားပြီမို့ ပြန်သွားခဲ့လေသည်။ ကျွန်မလည်း အိမ်သို့ ပြန်ခဲ့ရလေသည်။

ယနေ့ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ဒေါ်ခင်မမတစ်ယောက် ရောက်လာခဲ့ပြန်သည်။ စားစရာသောက်စရာများလည်း ပါလာခဲ့သေးသည်။ ဘိတ်ခေါက်ဆွဲပြုတ်လာသည်ဆိုပြီး ကျွန်မအား ထည့်၍ ကျွေးလေသည်။ ကျွန်မလည်း သူမကျေနပ်အောင် စားလိုက်ရသည်။ ပြီးမှ သူမနှင့် ကျွန်မ ဧည့်ခန်းတွင်ထိုင်လျက် စကားပြောဖြစ်ခဲ့ကြလေသည်။

''ဆရာမ.၊ ကျွန်မလေ ငယ်စဉ်ကာလက အကြောင်းလေးတွေကို သတိရပြီး အိပ်မက်တစ်ခုမက်တယ်၊ အဲဒီ အိပ်မက်ထဲမှာ ကျွန်မ ကလေးတစ်ယောက်ကို မွေးစားရတယ်တဲ့ ဆရာမရဲ့၊ အဲဒီနိမိတ်က အကောင်းလား အဆိုးလားမသိဘူးနော်.''

''အင်း.အိပ်မက်ထဲမှာ ကလေးတွေမြင်ရင် အင်မတန်ပျော်ရွှင်စရာကောင်းတဲ့ ဖြစ်ရပ်တွေနဲ့ ပျော်ရွှင်ခွင့်တွေ ရတတ်ပါတယ်။ ကလေးတွေက ပြုံးရွှင်ရယ်မောနေခဲ့ရင် ပိုပြီးတောင်မှ နိမိတ်ကောင်းပါသေးတယ်။''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ကျွန်မမှာ ပျော်ရွှင်မှုတစ်ခုခုရမှာ သေချာပြီပေါ့နော် ဆရာမ၊ ကျွန်မ အိပ်မက်ထဲက ကလေးလေးကလည်း ချစ်စရာ ဝဝကစ်ကစ်နဲ့ ရယ်နေပြုံးနေတာ မြင်ရတယ်ရှင့်"

"ရှင်ပျော်နိုင်ပါစေဆိုတာ ကျွန်မ အမြဲဆုတောင်းပေးနေကျပါရှင့်၊ ရှင့်မှာ အဖော်တစ်ယောက်တော့ တိုးတော့မှာ သေချာနေပြီရှင့် _"

"ဟုတ်တယ်နော် ဆရာမ၊ ကလေးလေး တစ်ယောက်ရှိရင် လူကြီးတွေဟာ ဒီကလေးရဲ့အလုပ်နဲ့ အချိန်ကုန်ပြီး ပျော်ရွှင်မှုတွေ ပင်ပန်းမှုတွေနဲ့ လှုပ်ရှားနေရပြီး ဘဝရဲ့ ပျင်းရိငြီးငွေ့ဖွယ်အချိန်တွေဟာ ကုန်မှန်းမသိ ကုန်ဆုံးသွားတတ်ကြပါတယ်နော် ."

"ဟုတ်ကဲ့ပါရှင်၊ ရှင့်ဘဝမှာလည်း ရှင်နဲ့အတူ ပျော်ရွှင်ဖို့ အဖော်ကလေးတစ်ယောက် အမြန်ဆုံးရှာဖွေ တွေ့ရှိနိုင်ပါစေရှင်"

"ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ ဆရာမရယ်"

လူသားမျိုးစေ့ကလေးများကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် ဘဝ၏ နေဝင်ချိန်များ တောက်ပနိုင်ကြပါစေသတည်း .။





## ချစ်ပါရှင်

ဆရာမရယ် ကျွန်တော်ရဲ့ အိမ်ရှင်မဟာ ကျွန်တော့်အပေါ်မှာ တော်တော်လေး နားလည်မှုလွဲမှားခဲ့ပါတယ် ခင်ဗျာ။ သူကိုယ်တိုင်ကလည်း ကျွန်တော့်ကို ရှင်လန်းတက်ကြွမှု ဖြစ်စေမယ့် ကြင်နာယုယမှုကိုလည်း ပေးစွမ်းနိုင်စွမ်းမရှိခဲ့ပါဘူး။ တစ်နေ့တစ်နေ့ အိမ်ထောင်စုတစ်စုအတွက် လိုအပ်နေတဲ့ အသုံးစရိတ်တွေကို စီးပွားရှာဖြည့်ဆည်းနေရတဲ့ တာဝန်ဟာ ကျွန်တော့်အပေါ်မှာ လုံးဝပုံချထားပါတယ်။ ကျွန်တော်ကလည်း အရှာအဖွေကောင်းတော့ သူတို့မိသားစုတွေ ဖောဖောသီသီ ချောင်ချောင်လည်လည် သုံးစွဲနိုင်ကြပါတယ်။ ဒါပေမယ့် ရလေလိုလေ အိုတစ္ဆေဆိုတာလို ဘယ်တော့မှ ပိုလျှံတယ်၊ လောက်ငတယ်၊ စုမိဆောင်းမိတယ်ဆိုတာ မရှိခဲ့ပါဘူး။ လွယ်လွယ်ရ လွယ်လွယ်သုံးနဲ့ တစ်နေ့ တစ်နေ့ ကျားကြီး ခြေရာကြီးဆိုတာလို ပေးလို့ဖြည့်လို့ မဖြည့်နိုင်အောင် ဖြစ်နေခဲ့ပါတယ်။

ဒါတွေထားပါတော့လေ. ငွေဆိုတာ လူမသေသမျှ မရှား



www.burmeseclassic.com

www.burmeseclassic.com





(ဏ) နှလုံးသားကြောင်းပေါ်က အစက်အပြောက်များ

နိုင်ပါဘူး။ ရှာဖွေပေးကမ်းနိုင်ပါတယ်။ ဒီတာဝန်ကြီးတစ်ရပ်ကို တပင်တပန်း သယ်ပိုးနေရတဲ့ ကျွန်တော့်ရဲ့ ဘဝအနေအထားကို နည်းနည်းလောက် ငဲ့ညှာမှု၊ ထောက်ထားစာနာမှုထားခဲ့မယ်ဆိုရင် ကျွန်တော်လှုပင်ပန်းပေမယ့် စိတ်လက်တွေ ရွှင်လန်းနိုင်မှာပါဗျာ။ ခုတော့ စေတနာကို စော်ကားမော်ကား ပြုလိုပြု ရန်စကားတွေ ပြောလိုပြော နဲ့ အမောအပန်းကြီးစွာ အိမ်ပြန်လာတဲ့ လင်ယောကျ်ားကို ရင်ဝဖနောင့်နဲ့ ဆီးကန်သလို နေ့စဉ် ကြိုဆိုနေခဲ့ပါတယ်။ မောလာတဲ့ ကျွန်တော်ဟာ အိမ်ရောက်တာနဲ့ကို အမောဆို့ပြီး သေသွားချင်လောက်အောင် စိတ်လက်လေးလံ ထိုင်းမှိုင်းခဲ့ပါတယ်။ ကြာတော့





ကျွန်တော်အိမ်မှာ ဘယ်လိုပျော်နိုင်ပါတော့မလဲ၊ အိမ်ပြန်ရမယ့်အရေး ဝန်လေးနေခဲ့တယ်။ စိတ်လက် မသက်မသာ ဖြစ်နေခဲ့တယ်။

အချိန်တန် အိမ်ပြန်ဖို့ ကြိုးစားနေတဲ့ ဒိုးတူဘောင်ဖက် လင်စုံမယားဖက်တွေကို မြင်ပြီး ကျွန်တော့်ရင်မှာ ပီတိတွေ ဖြစ်မိတယ်။ ကျွန်တော့်ဘဝကတော့ သူတို့လို အဖော်ကောင်းမရခဲ့တဲ့ ဘဝပဲဆိုပါတော့ ဆရာမရယ်။ ကျွန်တော် စိတ်ပင်ပန်း လူပင်ပန်းမှုတွေများပြီး နေထိုင်မကောင်း ဖျားနာလို့ အိမ်မှာ အနားယူတာတောင် ဝတ်ကျေတန်းကျေသဘောနဲ့ ဆက်ဆံနေကြတဲ့ ကျွန်တော့်မိသားစုကြောင့် ကျွန်တော် မေတ္တာငတ်ခြင်းများစွာနဲ့ ဝမ်းနည်းကြေကွဲခြင်းတွေ အကြိမ်ကြိမ် ခံစားဖူးပါတယ်။ အဲဒီအခါ ဘဝအကြောင်းမကောင်းလေခြင်းဆိုပြီး ကျွန်တော်ဘဝကိုပဲ ကျွန်တော်ကြဲဖန် အပြစ်တင်မိပါတယ်။ သူတို့တွေက ကံကောင်းသူတွေပဲလို့ သတ်မှတ်ပြီး စိတ်လက်ပြေပျောက်ခဲ့ရပါတယ် ခင်ဗျာ။

တစ်ဖက်မှာ အနစ်နာခံရခြင်းအတွက် တစ်ဖက်က သဘာဝအလျောက် ကျွန်တော့်မေတ္တာကို ငဲ့ညှာထောက်ထားတတ်သူ တစ်ယောက်ယောက် တစ်နေ့မှာ မုချပေါ်လာဦးမှာပဲလို့ ကံကောင်းလာမယ့် အချိန်ကို ကျွန်တော် မျှော်တတ်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ကျွန်တော်အုပ်ချုပ်လုပ်ကိုင်ရတဲ့ ကုမ္ပဏီမှာ အလုပ်ဝင်လာတဲ့ အလုပ်သမားအသစ်ကလေးတွေ ရောက်လာခဲ့ကြတယ်။ ကျွန်တော့်အခန်းမှာ ခွဲဝေတာဝန်ထမ်းဆောင်ဖို့ စာရေးမလေးတစ်ဦးရောက်လာခဲ့ပါတယ်။ ရိုးသားတည်ကြည်ပြတ်သားပြီး စေတနာကောင်းတဲ့ မိန်းကလေးပါပဲ။ ကျွန်တော့်ကို အထက်လူကြီးအနေနဲ့ ရိုသေလေးစားမှုရှိရုံမျှမကပဲ မိသားစုစိတ်ဓာတ်နဲ့ အလိုက်သိသိ ကူညီလုပ်ဆောင်ပေးတာမို့ သူရောက်ပြီး ရက်ပိုင်းအတွင်းမှာပဲ ကျွန်တော်လုပ်ရမယ့်တာဝန်တွေဟာပြီးပြတ်သွားခဲ့ပါတယ်။ လုပ်ငန်းကိုလည်း ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းတတ်ခဲ့ပါတယ်။ ကျွန်တော်ဖြေရှင်းရမယ့် ကိစ္စတွေတော်တော်များများဟာ သူမကြောင့် ချောမောစွာ ပြေလည် ပြီးဆုံးသွားခဲ့ပါတယ်။ သူမနဲ့ ကျွန်တော် လပိုင်းအတွင်းမှာပဲ မိသားစုပမာ ပွင့်လင်းစွာဆက်ဆံပြောဆိုခွင့်ရခဲ့ပါတယ်။ တစ်ယောက်ရဲ့အခက်အခဲဟာ တစ်ယောက်ရဲ့အကူအညီနဲ့ ပြေလည်ခဲ့ပါတယ်။ ကျွန်တော်ရဲ့ စိတ်တွေဟာ အလုပ်မှာပိုပြီး ပျော်မွေ့လာပါတယ်။ အလုပ်ကို လူကနိုင်ပြီမို့ အလုပ်နဲ့ပတ်သက်တဲ့ တိုးတက်မှုတွေလည်း ပိုမိုများပြားလာခဲ့ပါတယ်။ ဝင်ငွေကလည်း သုံးလေးဆတိုးလာခဲ့ပါတယ်။ ကျွန်တော် အူမြူး ပျော်ရွှင်ပီတိတွေ ဝင်ခဲ့ပါတယ်။





ငွေလောက်သာ တန်ဖိုးထားပြီး လူကိုတန်ဖိုးမထားတဲ့ မိသားစုကို အဆမတန်ငွေပေးပြီး ကျွန်တော်အလုပ်မှာပဲ အိပ်စက်အနားယူခဲ့ပါတယ်။ ကျွန်တော်စိတ်ဓာတ်မြင့်လာတဲ့အခါ လူပုံစံကလည်း တက်ကြွဖျတ်လတ်လာပါတယ်။ နုပျိုလန်းဆန်းလာပါတယ်။

မကြာမီကာလမှာပဲ ကျွန်တော့်အိမ်ရှင်မဟာ အလုပ်မှာ ပြဿနာလာရှာခဲ့ပါတယ်။ ကျွန်တော်ရဲ့ အလုပ်သမလေးကို အရှက်ကွဲအောင် လုပ်ခဲ့ပါတယ်။ မိန်းကလေးကလည်း ရှက်ရှက်နဲ့ အလုပ်က အပြီးထွက်သွားခဲ့ပါတယ်။ ကျွန်တော့်ဘဝဟာ ကျွန်တော့်အိမ်ရှင်မရဲ့ နှိပ်စက်လွှမ်းမိုးမှုအောက်မှာ ဘယ်အချိန် ဘယ်ကာလအထိ ဒုက္ခခံနေရဦးမလဲဆိုတာ ကျွန်တော်ကြိုပြီး သိချင်လာခဲ့ပါတယ်။ ဆရာမ ကျွန်တော့်လက္ခဏာကို ကြည့်ပေးပါခင်ဗျာ။

ထိုသူ၏ အိမ်ထောင်ရေးလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့တွင် အစက်အပျောက်များစွာ ထင်ထင်ရှားရှား ပေါ်လွင်နေ၏။ အချို့နေရာများတွင် အချိုင့်ကလေးများ ဖြစ်နေ၏။ ထို့ကြောင့် ထိုသူကို ကျွန်မ ဤသို့ ဟောပြောခဲ့ရသည်။

"ရှင်ဟာ ဘဝတစ်သက်တာလုံးမှာ သံယောဇဉ်ထားသူ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ပတ်သက်ပြီး မခံချိ မခံသာ အရှုံးပေးရတာတွေ၊ ဝမ်းနည်းကြေကွဲရတာတွေ လွတ်မြောက်အောင် ရှန်းထွက်နိုင်စွမ်းမရှိတာတွေ များလိမ့်မယ်။ နောက်ဆုံးမှာတော့ နှလုံးသားကြေကွဲခြင်း ဝေဒနာတွေနဲ့ နာတာရှည်နှလုံးရောဂါဝင်လာလိမ့်မယ်။ အကောင်းဆုံးသတိပေးချင်တာကတော့ ရှင့်စိတ်ကို သက်သာသလို ထွက်ပေါက်ရှာပြီး ဘာသာရေးလုပ်ငန်းတွေ ဦးစားပေးဆောင်ရွက်ပါလို့ ကျွန်မသတိပေးပြောကြားနိုင်မှာပါ။ သံယောဇဉ်ဆိုတာ မီးလိုပူတယ်မဟုတ်လား။ တရားရေနဲ့ ပက်ဖြန်းမှ အေးချမ်းမှာပါ"

"ဟုတ်ကဲ့ . ကျွန်တော် သဘောပေါက်ပါပြီ ဆရာမ၊ ကျွန်တော် ကျန်းမာအောင်၊ အသက်ရှည်အောင်၊ တရားအားထုတ်မှုဘက်မှာ အလေးအနက်ထားပြီး ဆောင်ရွက်ပါ့မယ် ခင်ဗျား"

"ရှင်အောင်မြင်မှာပါ၊ ရှင့်မှာ ဂမ္ဘီရကြက်ခြေလို့ ခေါ်တဲ့ ဒီလမ်းကြောင်းနှစ်ခုကြားက ကြက်ခြေခတ်လေးကြောင့် တရားရလွယ်ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ဆရာမ"





# ချစ်ကြမ္မာဆိုး

သူမ၏ လင်တော်မောင်သည် နာရှည်ရောဂါသည် ဖြစ်၏။ လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းက လေရောဂါဝင်ရောက်နှိပ်စက်ခြင်း ခံရသူဖြစ်သည်။ ချစ်လင်သည် ကျန်းမာရေးကောင်းစဉ်ကာလက လွန်စွာဆိုးသွမ်း၏။ လွန်စွာတာဝန်မဲ့၏။ အရက်၊ မိန်းမ၊ အလောင်းအစားမှန်သမျှ ပါဝင်လှုပ်ရှားတတ်၏။ အိုးပစ်အိမ်ပစ် အချိန်အခါမဲ့ သွားလာပျော်ပါးနေတတ်သည်။ လင်တောင်မောင်၏ အိမ်အပြန်ကို စောင့်မျှော်ရင်း သူမ ညပေါင်းများစွာ အိပ်ရေးမဝဖြစ်ခဲ့သည်။ သူမ၏ မျက်လုံးတို့သည် အိပ်ပျက်ဖန်များလာ၍ ကျင့်သားရသွားခဲ့သည်။ သူမ ညညအိပ်မပျော်တော့။ သူမကတော့ ကျန်းမာရေးကောင်းလွန်းပြီး လောကဓံတရားကို ခံနိုင်ရည်စွမ်းရှိလွန်းလှသည်။

သူမ မယားဝတ္တရား မှုတစ်စက်စာမျှ မပျက်မကွက် စေခဲ့၏။ သူမ တာဝန်ကျေ၏။ ကြင်နာတတ်၏။ ပြုစုယုယတတ်၏။ မညည်းမညူ စိတ်ရှည်လက်ရှည် ရှိလှသည်။ တာဝန်မဲ့သော လင်ယောက်ျားအပေါ် သူမ မေတ္တာမကွက် စိတ်မပျက်တတ်ခဲ့၊ လင်တော်မောင်ဘာ



www.burmeseclassic.com

www.burmeseclassic.com





(က) [illegible]

မှ ဆွေမျိုးသားချင်းများကိုယ်တိုင်ကပင် သူမအတွက် ကိုယ်ချင်းစာပြီး စိတ်နာတတ်သေးသည်။ သူမစိတ်မနာတတ်ခဲ့။

လင်တော်မောင် လေဖြစ်ကာစက သူမအလွန်အမင်း စိုးရိမ်ပူပန်ခြင်းတို့ မင်းမူနေခဲ့သည်။ တစ်စတစ်စ သက်သာလာချိန်ရောက်မှ သူမ စိတ်အေးခဲ့သည်။ သူမ၏ ချစ်လင်အပေါ် ပြုစုနေရခြင်းအပေါ် သူမကျေနပ်နေခဲ့သည်။ ပီတိဖြစ်နေခဲ့သည်။ နေကောင်းစဉ်ကာလများက သူမချစ်လင်ကို ပြုစုလိုသော်လည်း အခွင့်မသာခဲ့။ ယခုမှ သူမတိုးချ၍ ပြုစုခွင့်ရခြင်းဖြစ်၍ သူမ ပျော်ရွှင်ကြည်နူးခြင်းတို့ ဖြစ်ခွင့်ရခဲ့သည်။





လင်တောင်မောင် နိုးနေချိန်များတွင် အစားအသောက်ကို တယုတယခွံ့ကျွေးခွင့်ရခြင်းအတွက် သူမ ပျော်ရွှင်နေတတ်သည်။ အဝတ်အစားလဲလှယ်ပေးရခြင်း၊ ရေပတ်သုတ်ပေးရခြင်း၊ စသော အခက်အခဲကြီးစွာ ထူမ ပြုစုရခြင်းအပေါ်တွင်လည်း သူမ ပင်ပန်းသည်မထင်ခဲ့။ ဆေးလူးပေးရခြင်း၊ အချိန်မှန်ဆေးတိုက်ရခြင်းတို့အပေါ်တွင်လည်း မပျက်မကွက် စိတ်ရှည်လက်ရှည်ရှိခဲ့သည်။ လေရောဂါသည် လူပမာ၏ စိတ်လက်မရှည် အော်ဟစ်ငေါက်ငမ်းခြင်းအပေါ်တွင်လည်း သူမ ပျာပျာသလဲ အပြုံးမပျက် ခံယူတတ်ခဲ့သည်။

အပေါ့အလေးသွားခြင်း၊ အညစ်အကြေးသုတ်သင် သန့်ရှင်းခြင်းတို့အပေါ်တွင်လည်း မရွံ့မရှာ စိတ်ပါလက်ပါ သန့်ရှင်းစင်ကြယ်စေခဲ့သည်။ ချစ်လင်အပေါ်တွင် ခင်မင်တွယ်တာစိတ်၊ သံယောဇဉ်နှောင်ကြိုးတို့က တစ်နေ့တစ်နေ့ တိုးသထက်တိုး၍လာခဲ့သည်။ မျက်နှာမပျက် မမဲ့။ နှာခေါင်းမရှုံ့၊ အပြုံးမပျက် ဆောင်ရွက်စီမံပေးခဲ့၏။

သူမ၏ ပုံပန်းသဏ္ဍာန်မှာ မိန်းသားဖြောင့်မတ်၍ သန့်ရှင်းစင်ကြယ်သော အဆင်းရှိ၏။ မျက်နှာသွယ်သွယ်၊ နုတ်ခမ်းပါးပါး၊ မျက်လုံး မျက်ဖန်ကောင်းသူဖြစ်၏။ နုတ်ဖြောင့်စင်းလျက် မျက်တောင်ကော့ရှည်ရှည်နှင့် ရှုချင်စဖွယ် ရုပ်အဆင်းရှိသည်။ ထူထဲနက်မှောင်သော မျက်ခုံးနှင့်မျက်လုံးကောင်းသော ဆံပင်ရှည်ရှည်အဖျားကော့



www.burmeseclassic.com

www.burmeseclassic.com



ကော့လေးမှာ မြန်မာမိန်းကလေးတစ်ဦး ပီပီသသယဉ်ကျေးလှသည်။ မြန်မာဆန်ဆန် ဝတ်စားဆင်ယင်မှုဖြင့် ထာဝစဉ် သပ်ယပ်သန့်ရှင်းနေသည်။

သူမကိုယ်တိုင် ချက်ပြုတ်၏။ ကိုယ်တိုင်ပြင်ဆင်၏။ ကိုယ်တိုင် ကျွေးမွေး၏။ အိမ်မှ ဈေးသို့သာ မရောက်ခဲ့။ ဈေးဝယ်ထွက်သူကို သူမလိုအပ်သော အရာများ စာရင်းဖြေား ပြုလုပ်၍ မှာကြားဝယ်ချမ်းလေ့ရှိသည်။ လင်တော်မောင်အပါးမှ တစ်ဖဝါးမှ မခွာနိုင်ခဲ့။ ထမင်းဟင်းလျာများ ချင်ရင်းပြုတ်ရင်းပင် လင်တော်မောင်ကို အပြုအစုမပျက်ခဲ့။ သူမ၏ အပြုအစု အယုအယကောင်းမှုကြောင့် လင်တော်မောင် တစ်စတစ်စ ကျန်းမာရေးကောင်းလာခဲ့သည်။ တုတ်တန်းကို အားပြု၍ လမ်းလျှောက်လာနိုင်ခဲ့သည်။ သူမက အနီးအပါးမှ ထာဝရစောင့်ကြပ်လျက် ထိန်းကွပ်လမ်းလျှောက်စေခဲ့သည်။ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကိုလည်း သူမ အကူအညီဖြင့် လှုပ်ရှားမှု ပြုနိုင်ခဲ့သည်။ သူမ၏ လင်တော်မောင်ကိုယ့်ထမင်း ကိုယ်စားနိုင်ပြီ ဖြစ်သောအခြေအနေသို့ ရောက်ခဲ့၏။ သူမ လွန်စွာပျော်ရွှင်အူမြူးနေခဲ့သည်။

တစ်နေ့သ၌ ကျွန်မ၏ ဗေဒင်လက္ခဏာ ဟောခန်းရှိရာ ကျိုက်ဒေးယျ(ရန်ကုန်အာနန္ဒာ) စေတီတော်သို့ သူမအဖော်တစ်ဦး





နှင့် ရောက်လာခဲ့သည်။ လက္ခဏာကြည့်ရန် လာခြင်းဖြစ်သည်။ သူမ၏ နှလုံးလမ်းကြောင်းသည် သံယောဇဉ်ကြိုးကလေးများ များစွာဖြာထွက်နေခဲ့သည်။ အခွဲအလမ်း လွန်စွာကြီးမည်ဟု ကျွန်မဟောပြောခဲ့သည်။ အိမ်ထောင်ရေးလမ်းကြောင်းမှာ တစ်ကြောင်းထဲ ပီပီသသ သပ်သပ်ယပ်ယပ်ျ ထင်နေခဲ့သည်။ အိမ်ထောင်ရေးလမ်းကြောင်း၏ အဖျားပိုင်းတွင် ထင်ရှားသော မှဲ့တစ်ခု ပေါ်လွင်နေခဲ့သည်။ ထို့ကြောင့် သူမကို ဤသို့ ဟောပြောခဲ့သည်။

"ရှင့်ရဲ့ အိမ်ထောင်ရေးလမ်းကြောင်းပေါ်မှာ မှဲ့စက်တစ်ခု ထင်ထင်ရှားရှားပေါ်နေတယ်။ အမြန်ဆုံး ဖျက်ပစ်ပါ"

"ဒီမှဲ့စက်ပေါ်လာတာ မကြာသေးဘူး ဆရာမ၊ ဒီမှဲ့ကြောင့် ဘယ်လိုအကြောင်းတရားတွေ ဖြစ်လာနိုင်လို့လဲ ဆရာမ၊ ကျွန်မကို ရှင်းပြပါနော်"

"ဟုတ်ကဲ့ ့သိရပါတယ်။ ဒီမှဲ့စက်ရဲ့ နိမိတ်ပုံဟာ အိမ်ထောင်ဖက် ရုတ်တရက် သေကိန်းကြုံတတ်တယ်"

"ရှင် ့ဘုရား ့ဘုရား ဟုတ်ကဲ့ ဆရာမ၊ ဒီလိုဆို ကျွန်မ အမြန်ဆုံးဖျက်ပစ်ပါ့မယ်"

ကျွန်မထံမှ အပြန်တွင် သူမဆေးခန်းတစ်ခု၌ ထိုမှဲ့စက်ခွဲထုတ်ပေးပါရန် ဆရာဝန်အား ဝင်ရောက်တွေ့ဆုံခဲ့သည်။ ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



က စစ်ဆေးကြည့်ရှုပြီး ခွဲထုတ်ရမည့်နေ့ကို ရက်ချိန်းပေးခဲ့သည်။ သူမ စိတ်တထင့်ထင့်နှင့် ထိုရက်ချိန်းကို စိတ်မရှည်စွာ စောင့်နေရခြင်းဖြစ်သည်။ တစ်ညသောအခါတွင် မိုးတို့သည်းထန်စွာ ရွာသွန်းခဲ့သည်။ မိုးကြိုးပစ်သံများ၊ ထစ်ချုန်းအော်မြည်နေခဲ့၏။ ထိုစဉ် သူမ၏ လင်တော်မောင်မှာ အိပ်မောကျနေရာမှ လန့်နိုးလာပြီး သူမအား ညည်းတွားခဲ့သည်။

"ငါ့ရင်တွေ ပူလိုက်တာ ‸ငါ့ရင်တွေ ပူလိုက်တာ"

သူမ ခြေကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး ရေတိုက်ရန် ရေကို အပြေးအလွှား ခပ်ယူခဲ့သည်။ အိပ်ရာအနီးရောက်လျှင် သူမ၏ လင်တော်မောင်မှာ မျက်လုံးအကြောင်သားနှင့် တုတ်တုတ်မျှ မလှုပ်ပဲ ငြိမ်ကျနေခဲ့သည်။ သူမရင်တို့ ဆို့ကြပ်နေခဲ့သည်။ အသက်ရှူ၍ မရတော့။ သူမ မေ့မျောသွားခဲ့သည်။ သူမသတိရချိန်တွင်တော့ လင်တော်မောင်မှာ အသက်သေဆုံးသွားခဲ့ပြီဖြစ်သည်။ ထိုသတင်းကို သူမနှင့် အဖော်ပါလာသော အမျိုးသမီးက ကျွန်မထံလာရောက် အကြောင်းကြားခဲ့သည်။

ကျွန်မလည်း ရင်ဘတ်ကို လက်ဝါးဖြင့် ဖိကာပြီး စိတ်မကောင်းစွာဖြင့် ညည်းတွားမိလိုက်သည်။

"ဩော် ဖြစ်မှဖြစ်ရလေကွယ်"





# ဘဲတစ်အုပ်နဲ့ ကြက်မကြီး

တစ်နေ့သ၌ တောင်ဥက္ကလာပရှိ ယသဝတီလမ်းအိမ်သို့ ဒေါ်ခင်မမ ရောက်ရှိလာခဲ့လေသည်။ ကျွန်မလည်း အိမ်သန့်ရှင်းရေး လုပ်အပြီး ရေမိုးချိုး အဝတ်လဲပြီးချိန်ဖြစ်သည်။ တော်သလင်းလ၏ နေပူပြင်းမှုကြောင့် ရေချိုးပြီးသော်လည်း အအိုက်အစပ်က မပြေပျောက်နိုင်သေးသဖြင့် ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း အနားယူနေချိန်ဖြစ်သည်။

"ဆရာမ ‸အိုက်စပ်နေတာလား။ တော်သလင်းနေ ပူစွန်သေတဲ့ ဆရာမရဲ့၊ ရေ့လျှောက် ပူလိုက်မယ့်ဖြစ်ခြင်း။ ပြင်ပက ပူလို့ ရေအေးအေးသောက်လိုက်ရင် ရင်ထဲမှာအေးသွားမယ်။ ပူတာ အိုက်တာတော့ မပျောက်နိုင်ဘူးလေ ‸၊ ကော်ဖီပူပူလေး သောက်လိုက်မှပဲ ချွေးတွေထွက်လာပြီး အရေပြားမှာ အပူဒဏ်တွေ လျော့သွားမှာပါ။ ကဲ ‸ဆရာမရေ ကျွန်မရဲ့ ကော်ဖီခါးခါးလေးလည်း သောက်ရင်း၊ ယပ်လည်းခတ်ရင်း စကားပြောကြရအောင်နော် "



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ဒေါ်ခင်မမရယ်၊ အပူဒဏ်ကို အဖော်ပြုပြီး မျှဝေခံစားကြရတာပေါ့ ဟုတ်လား ..၊ ကျွန်မကလည်း ရေခဲရေ ထက် ရေနွေးကို ပိုကြိုက်တာပါ။ ကော်ဖီခါးခါးလေးဆိုတော့ အသိ ဉာဏ်တွေပါ ပွင့်လင်းကြည်လင်သွားပြီပေါ့ ..၊ ကောင်းပါတယ်ရှင်၊ ကဲ ..ရှင်လည်း သောက်လိုက်ပါဦး .."

ကျွန်မတို့နှစ်ဦးလည်း ကော်ဖီခွက်ကိုယ်စီဖြင့် အတွေးနယ်ချဲ့ ရင်း အရသာခံကာ သောက်နေမိကြလေသည်။ ရင်တွင်းသို့ အပူငွေ့ လှိုင်းလေးများ ဝင်သွားသဖြင့် ပြင်ပအပူဒဏ်နှင့် ရောနှောသွားသကဲ့ သို့ဖြစ်ပြီး အိုက်စပ်နေခြင်းများ လျော့သွားခဲ့လေသည်။ တစ်ဦးကို တစ်ဦး ကြည့်ပြီး ကျေနပ်စွာပြုံးမိလိုက်ကြလေသည်။

"ဆရာမ ..ကျွန်မလေ ..ဘွဲ့ရပြီးတော့ မူလတန်းပြ ဆရာမတစ်ယောက်အဖြစ် အစိုးရဝန်ထမ်း ဝင်လုပ်ခဲ့ဖူးသေးတယ်။ လုပ်သက် (၂)နှစ်ပြည့်တယ်ဆိုရင်ပဲ အလယ်တန်းပြရာထူးနဲ့ မူလတန်း ပြဆရာမတာဝန်ကို ထပ်ပြီး တိုးတက်ခဲ့တယ်။ ကျွန်မအတွက် တတ် လမ်းမြန်တာလေ။ ဆရာမကလည်း ဖြစ်ကာစ၊ ကလေးလေးတွေက လည်း အခြေခံမူလစာမတတ်သေးသူတွေဆိုတော့ ကျွန်မမှာ ကလေးတွေနဲ့လုံးပြီး ပျော်ပျော်ကြီး စာသင်ဖြစ်ခဲ့သေးတယ်။





သူငယ်တန်းကနေ လေးတန်းအထိ အတန်းစဉ်သင်ခဲ့ရတာဆိုတော့ ကျွန်မတပည့်လေးတွေကို ကျွန်မမိသားစုလိုပဲ သံယောဇဉ် တွယ်မိ တော့တာပေါ့ရှင် .."

"အင်း ..ဒီနေ့တော့ ဒေါ်ခင်မမရဲ့ ဇာတ်လမ်းက ဆရာ နဲ့တပည့် လွမ်းချင်းလေးတွေ ဖြစ်မယ်ထင်ရဲ့နော်။"

"အင်း ..ဟင်း ..ဟင်း ..၊ ဆရာမလည်း တယ်ပြီးကဗျာ ဆန်နေတာကိုး။ ဟုတ်ပါတယ် ..၊ ဆရာမ ပြောသလိုပါပဲ။ လွမ်း ချင်းလေးတစ်ပုဒ်လိုသာ သဘောထားလိုက်ပါရှင်။ ကျွန်မရင်မှာ တကယ့်ကို ကြေကြေကွဲကွဲ လွမ်းခဲ့ရတဲ့ ဇာတ်လမ်းလေးပါ .."

"ကျွန်မစိတ်ဝင်စားပါတယ်။ ဇာတ်လမ်းဇာတ်ကွက်တစ်ခု ကိုနားထောင်သလို နားထောင်တော့မယ်။ ဒေါ်ခင်မမ ပြောပြချင်သ လိုသာ ပြောပြပေတော့ပေါ့ ဟုတ်လား"

"ကောင်းပါပြီ ဆရာမ ..၊ ကျွန်မဘဝရဲ့ အတတ်ကြဆုံး အချိန်နဲ့ ရင်မှာအခံစားရဆုံးအချိန်လို့သာ သဘောထားပြီး ဆရာမ နားထောင်ပေးပါတော့ရှင် .."

ဒေါ်ခင်မမသည် ပထမဦးစွာ ကလေးများကို လက်ရေး လှပစေရန် ပြုပြင်မွမ်းမံပေးရလေသည်။ ခြောက်ဟယ်လန့်ဟယ်



www.burmeseclassic.com

www.burmeseclassic.com



ချော့ဟယ်ဖြင့် ကလေးများကို ရင်းနှီးနွေးထွေးစွာ အချိန်ပိုတာဝန်ထမ်းဆောင်လျက် လက်ရေးလှများကို လေ့ကျင့်သင်ကြားပေးခဲ့ရလေသည်။

"သားတို့ သမီးတို့ လက်ရေးလေးတွေ ပိုင်းစက်နေအောင် ရေးနိုင်တဲ့သူကို ဆရာမက ဒါလေးတွေ ဆုချမယ်။ ဒီမှာ ကြည့်ထားကြ . ၊ ဟော . တွေ့လား ."

ဒေါ်ခင်မမသည် ကလေးကစားစရာအရုပ်လေးများကို အိတ်အတွင်းမှ တစ်ခုစီထုတ်၍ ကစားပြနေခဲ့၏။ ကလေးများမှာလည်း အရုပ်လိုချင်ဇောဖြင့် စာကို ကြိုးစားပမ်းစား ပိုင်းစက်နေအောင် ပြုပြင်ကြိုးစားရေးသားနေကြလေသည်။ အားတက်သရော ရေးသားနေကြသည်မို့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေခဲ့လေသည်။ စာသင်ခန်းအတွင်း၌ ဒေါ်ခင်မမအသံသာ လွှမ်းမိုးကြီးစိုးနေခဲ့၏။

သူငယ်တန်းအဆင့်တွင် လှပပိုင်းစက်နေသော လက်ရေးလက်သားများ ပိုင်ဆိုင်ပြီး ပထမတန်းတက်လာကြသော ကလေးများမှာ ဒေါ်ခင်မမအတွက် စာသင်ရန် အထူးလွယ်ကူနေခဲ့လေသည်။ ဆရာက အသင်အပြကောင်းသဖြင့် ကလေးများကလည်းအတတ်မြန်ကြသည်။ နှစ်စဉ် ဒီကလေးများနှင့်သာ လက်ပွန်းတတီးနေခွင့်ရ





ခဲ့ပြီး ခင်တွယ်မှုသံယောဇဉ်တရားက ဒေါ်ခင်မမ၏ နှလုံးသားကို ထုချေလျက် တင်းတင်းကြပ်ကြပ် ပြန်လည် စည်းနှောင်ပေးထားခဲ့လေသည်။

ဘက်စုံပြိုင်ပွဲများတွင်လည်း ကဟာယ် ခုန်ဟာယ် ဟန်ရေးကြွယ်လျက် တီတီတာတာ စာကဗျာများကို ဟန်မူရာမျိုးစုံဖြင့် သိမ်းသွင်းသင်ကြားပေးခဲ့ရပြန်လေသည်။ လိုအပ်သော အဝတ်အစား၊ စာရွက်စာတမ်း၊ စာအုပ်ခဲတံတို့မှစ၍ ဒေါ်ခင်မမက လိုလေသေးမရှိ ပြုစုဖြည့်ဆည်း သင်ကြားပေးဝေလေ့ရှိ၏။ ကလေးများကလည်း အလိုက်သိကြ၏။ ဆရာမကို ပြန်လည်ဖြည့်ဆည်းပေးတတ်လာကြသည်။

"ဆရာမ . ဒါလေးက စားလို့ကောင်းတယ် . ဆရာမဖို့ ဝယ်လာတာ ."

"ဆရာမ သားပေးတဲ့ပန်းကို ပန်ပါနော်၊ သားအိမ်က နေ မေမေမသိအောင် ခိုးပြီး ခူးလာခဲ့ရတာ ."

"ဆရာမ ပေး . ပေး ဆရာမ ဆွဲခြင်းကြီးက စာအုပ်တွေနဲ့ ပြည့်သိပ်လေးကန်နေတာပဲ။ သမီးဆွဲပေးပါ့မယ်။"

"ဆရာမ ဇက်ကြောတွေ တက်နေလား။ သမီးက ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ကိုနှိပ်ပေးပါ့မယ်။ ဖေဖေနဲ့မေမေကို နှိပ်ပေးနေကျ ဆရာမရဲ့ သမီးနှိပ်တတ်ပါတယ် ''

သည်လိုဖြင့် ငါးနှစ်တိုင်တိုင် သည်ကလေးတစ်စုနှင့် ရင်းနှီးစွာနေထိုင်ခွင့်ရခဲ့သည်မို့ ဒေါ်ခင်မမအတွက် သည်ကလေးများမှာ ရင်နှင့်လွှယ်မမွေးခဲ့ရသော်လည်း လူလားမြောက်အောင် မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးထားရသော သံယောဇဉ်ပျိုးပင်ငယ်လေးများသာ ဖြစ်ခဲ့လေသည်။

စတုတ္ထတန်း အတန်းတင်စာမေးပွဲကြီးနီးလျှင် ကလေးများမှာ ဆရာမအနီးမှ မခွာကြတော့ပေ။ နေ့နေ့ညည ကျောင်းမှအိမ်၊ အိမ်မှကျောင်း ကူးသန်းယှက်ဖြာ ရင်းနှီးတွယ်တာစွာ နေလာခဲ့ကြလေသည်။

ဒေါ်ခင်မမ၏ အိမ်မှ ဝေယျာဝစ္စကိစ္စများကိုပင် ဒေါ်ခင်မမ လုပ်ချိန်မရဘဲ ကလေးများနှင့်သာ ရင်းနှီးနွေးထွေးစွာ သင်ကြားမှုအစုစုဖြင့် တစ်နေကုန်တစ်နေခန်း လှုပ်ရှားပင်ပန်းနေရလေသည်။

ညနေစောင်း၌ ဒေါ်ခင်မမ ရေချိုးသည်နှင့် ရေခပ်ပေးသူ ချေးတွန်းပေးသူ၊ ဆပ်ပြာတိုက်ပေးသူ၊ အဝတ်လျှော်ဖွပ်ပေးသူ၊ သနပ်ခါးသွေးလူးပေးသူ၊ အကျႌလုံချည် အဆင်သင့်ထုတ်ပေးသူတွေ ဝိုင်း





ဝိုင်းလည်နေခဲ့လေသည်။

စာသင်ခန်းမှာလည်းဆရာမရေနွေးလေးသောက်လိုက်ပါဦး၊ ဆရာမ အကြော်လေးစားလိုက်ပါဦး ,စသည်ဖြင့် လောကဝတ်ကို ပျူငှာစွာ လုပ်ဆောင်ပေးတတ်ကြလေသည်။ အသက်ကလေးများကလည်း ၉ နှစ်ကျော် ၁၀ နှစ်နီးပါး ရှိခဲ့ပြီမို့ အထူးတလည် နားလည်သိတတ်နေကြချိန်ဖြစ်လေသည်။

သည်ကလေးတစ်ယောက်ကတော့ ဒေါ်ခင်မမ အသည်းစွဲကလေးငယ်လေးဖြစ်သည်။ သူ့နာမည်က ထင်အောင်လင်း။ အားလုံးထက်လည်း အသက်ငယ်သည်။ အသိတရားကလည်း ကလေးဆန်ဆန်သာ တွေးဆပြောဆိုတတ်သူဖြစ်သည်။ ဟန်ပန်မှုရာ မျက်စမျက်နလေးများဖြင့် ပြောတတ်ရယ်တတ်၏။ ပြုံးတတ်သော ကလေးငယ်လေးကို ဒေါ်ခင်မမ အသည်းစွဲနေအောင် ချစ်ခဲ့မိလေသည်။

သူ့ကလေးမှာ မိဘကလည်း လှည့်မကြည့်နိုင်အောင် အလုပ်များသဖြင့် ဒေါ်ခင်မမအိမ်မှာ ကလေးက ကျောင်းအိပ်ကျောင်းစား ဘဝဖြင့် နေချိန်များလေသည်။ ညဥ့်တော်တော်နက်မှသာ ကလေးမှာ မိဘများနှင့် ပြန်အိပ်ရလေ့ရှိသည်။ တစ်ခါတစ်ရံ စာသင်



www.burmeseclassic.com

www.burmeseclassic.com



ခုံလေးပေါ်တွင် ခေါင်းတင်လျက် အိပ်ပျော်နေတတ်ခဲ့လေသည်။ အခြားကျောင်းသားများပြန်သွားသော်လည်း ထိုကလေးလေးမှာ အိမ်ပြန်ချင်စိတ်လုံးဝမပြပဲ ဒေါ်ခင်မမကိုသာ တွယ်ကပ်နေတတ်သည်။ ဒေါ်ခင်မမ ထိုင်ရာမှထသည်နှင့် သူလေးကလည်း လိုက်ထတတ်သည်။ ဒေါ်ခင်မမနောက်မှ တကောက်ကောက်လိုက်ပါနေတတ်ခဲ့သည်။

ဒေါ်ခင်မမ ကျေးသမျှစားအေ်။ ပြောသမျှနားထောင်၏။ မျက်နှာရိပ်မျက်နှာကဲကို လွန်စွာသိသည်။ အလိုက်သိလွန်းသော ကလေးငယ်လေးဖြစ်သည်။ ဆရာမနှင့်တပည့်နှစ်ဦးတည်း ပြုံးရယ်ကျီစယ်နောက်ပြောင်နေရချိန် အများဆုံးကို သူကလေးကသာ ပိုင်ဆိုင်ခွင့် အပြည့်အဝ ရထားခဲ့ခြင်း ဖြစ်လေသည်။

"ဆရာမ .သားဒီဥစ္စာတွေ စားလိုက်ဦးမယ်နော်၊ ပြီးမှ စာရေးမယ် ဆရာမ၊ ရမလား ."

"အေးပါကွယ် .၊ စားစရာရှိတာတွေ စားပြီးမှ ရေးပါရှင် ရပါတယ်၊ အချိန်တန်လို့ စာမေးရင် ပြီးနေရမယ်နော် ."

"စိတ်ချ ဆရာမ၊ ပြီးနေရမယ်၊ ဒါပေမယ့် အခုမဟုတ်ဘူးနော် ဆရာမ၊ ပြီးမှမေး .၊ ဒီနေ့ မပြီးသေးရင် ဒီနေ့ လုံးဝမမေး





နဲ့ဦး .၊ ရလား ဆရာမ"

"ဟား .ဟား .ဟား . ဟား မင်းကတော့လေ အမြဲတမ်း မချိုမချဉ်မျက်နှာလေးနဲ့ ဆရာမကို နောက်တတ် ပြောင်တတ်တယ်နော်၊ ကြပ်ကြပ်သတိထား .၊ အလယ်တန်းရောက်သွားတဲ့အခါမှာ တခြားဆရာမတွေက မင်းကို ဆရာမလို အလိုလိုက်ကြမှာမဟုတ်ဘူး သိရဲ့လား ."

"သိပါတယ်ဗျာ .၊"

"ကဲ .ကဲ .၊ စကားထောင်စားလေးရေ .၊ ဆရာမ မင်းကို အနိုင်ယူပြီး မပြောနိုင်ပါဘူးကွယ် .၊ အရှုံးပေးပါပြီ။"

"အဲဒါ ဆရာမ လွှလည်ကျတာ .၊ အရှုံးပေးတာ မဟုတ်ဘူး။ အမှန်ကို ပြောရဲတာကို လက်မခံတာ .၊ ဟုတ်တယ်မဟုတ်လားဗျ၊ သားကို ပြောပြပါဦး ."

"ဟုတ်ပါတယ်ကွယ်၊ မှန်ပါတယ်ကွယ် .၊ မင်းပြောတာ အားလုံးသဘာဝကျပါတယ်ကွယ် .၊ ကဲ ကျေနပ်ပြီလား ."

"အဲဒီကလေး အလယ်တန်းကျောင်းရောက်သွားတော့ နေ့တိုင်းလိုလို အရိုက်ခံနေရတယ်ကြားလို့ ကျွန်မ စိတ်မကောင်းခြင်းကြီးစွာဖြစ်ခဲ့ရပါတယ်ရှင် .၊ ဒါနဲ့ ကျွန်မက သူ့ကို သွားတွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး လိမ္မာရေးခြားရှိအောင် နေဖို့ စာကြိုးစားဖို့ ပြောပြရတာပေါ့ ။"

"သားရယ် မင်းသတင်းတွေကြားရတာ ဆရာမ စိတ်မကောင်းဘူး။ ပျော်လည်းမပျော်ဘူးဖြစ်နေတယ်။ ဆရာမပျော်ရအောင် လိမ္မာရေးခြားရှိအောင် နေပါကွယ်။ မင်းနဲ့ဆရာမက ဘာနဲ့တူသလဲဆိုတော့ ကြက်မကြီးက ဘဲဥလေးတွေကို အပူငွေ့ပေးပြီး ဥကနေဖောက်ပေးခဲ့ရတယ်။ ဥကပေါက်ပြီးထွက်လာတဲ့ ဘဲကလေးတွေက အကောင်ကြီးလာတော့ ကြက်မကြီးရဲ့ အတောင်နဲ့ကာထားလို့မရဘဲ အပြင်ကို ရောက်ကုန်ကြတယ်။ ကြက်မကြီးက ဘဲအုပ်ရဲ့နောက်ကနေ ပူပူပန်ပန်နဲ့ လိုက်ကြည့်နေရတယ်။ ဘဲအုပ်က ရေထဲဆင်းသွားတော့ ကြက်မကြီးက လိုက်ဆင်းလို့မရဘဲ အဝေးကနေ ပူပန်ကြောင့်ကြမှုတွေနဲ့ ငေးကြည့်နေခဲ့ရသလိုပါပဲ ကလေးရယ် ။"

"ဟာ ဆရာမရဲ့ ကြက်မကြီးကလည်း ဘဲတွေကိုပဲလိုက်ကြည့်နေတာကိုး ။ အဲဒီ ဘဲဥတွေ ဖောက်တုန်းက ကြက်ဥလေးတစ်ဥပါလာပြီး ကြက်ကလေးတစ်ကောင်ဖြစ်နေခဲ့တယ်။ အဲဒီကြက်ကလေးဟာ ကြက်မကြီးနားမှာပဲ ရစ်သီရစ်သီလုပ်ပြီးနေတယ်။ ဒါပေမယ့် အဲဒီကြက်ကလေးကိုတော့ ကြက်မကြီးက ဂရုမစိုက်ဘဲ ရေထဲဆင်းနေတဲ့ မျိုးမစစ်တဲ့ ဘဲတွေကိုပဲ လိုက်ပူနေတယ်။ ကြက်မ





ကြီးဘေးက ကြက်ကလေးကတော့ မျက်နှာငယ်နေရတာပဲ၊ အဲဒါရော ဆရာမ သိရဲ့လားဗျ ။"

"သူ့စကားအဆုံးမှာတော့ ကျွန်မလည်း ဂရုဏာဒေါသောနဲ့ သူ့ခေါင်းလေးကို ခေါက်ခနဲခေါက်လိုက်ပြီး ကဲဟယ် ကဲဟယ်တက်ဦးတက်ဦး၊ ဒီကလေးတော့လား ဟင်း ဆိုပြီး ကျွန်မကမချင့်မရဲနဲ့ ကျန်ခဲ့တယ်။ သူကတော့ ပြေးထွက်သွားခဲ့တယ်ရှင့်"

"အင်း ဒေါ်ခင်မမဖောက်လမ်းကတော့ မှတ်တမ်းတင်စရာလေးပါပဲ။ ပူပြင်းတဲ့ သဲကန္တာရထဲက အိုအေစစ်လေးက အဖိုးတန်နေသလိုပါပဲ။ ရှင့်ရင်ထဲမှာ ပူနေရတာက သဲတွေလေ ၊ အိုအေစစ်လေးက ရှင့်ကိုအပူတွေငြိမ်းစေခဲ့တာ မဟုတ်လားရှင့် ။"

"ဟုတ်ပါလိမ့်မယ် ဆရာမရယ် ၊ ဟင်း ဟင်း "

ပူပြင်းသော နှလုံးသားကန္တာရလွင်ပြင်ပေါ်၌ အေးမြသော အိုအေစစ်လေးများ နေရာယူနိုင်ကြပါစေသတည်း ။



www.burmeseclassic.com

www.burmeseclassic.com



# ကြင်ဖေါ်ဖေးသူ

တစ်နေ့သ၌ သဃန်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပလမ်းမကြီးပေါ်ရှိ ကျိုက်ဒေးယျ(ရန်ကုန်အာနန္ဒာ) စေတီတော်ရှိ ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းအတွင်းသို့ လူငယ်ဗေဒင်ဆရာလေးတစ်ဦး ရောက်လာခဲ့သည်။ ထိုသူမှာ ဆရာကြီးမင်းသိခ၏ တပည့်ရင်းဖြစ်သူ ဗေဒင်လက္ခဏာဆရာ အောင်ကျော်မိုးဖြစ်သည်။ သုဝဏ္ဏဈေးအနီး ကောက်လျှင်လမ်း အမှတ်-၆ တွင် ဗေဒင်လက္ခဏာဟောခန်းဖွင့်လျက် ဟောပြောနေသူဖြစ်သည်။

ထိုသူငယ်က ကျွန်မကို ရင်းရင်းနှီးနှီး အန်တီနွဲ့ဟု ခေါ်တတ်၏။ တစ်ပတ်တစ်ကြိမ် ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းသို့ ရောက်လာနေကြဖြစ်သည်။ ထိုသူငယ်ရောက်လာတိုင်း ကျွန်မ၏ ဟောခန်းရှိ ပညာပွဲကို လဲလှယ်ပေးလေ့ရှိသည်။ ကျွန်မကလည်း ထိုသူငယ်ဝယ်လာတိုင်း လက်ဖက်ရည်မုန့် စီးကရက်တို့ဖြင့် ပြန်လည် ဧည့်ဝတ်ပြုမြဲဖြစ်သည်။





ကြင်ဖေါ်ဖေးသူ



(က) အသက်သို့ ကောက်နေသော အထိကျွန်

ထမ်းကိုယ်တည်း အိမ်ထောင်ရေးလမ်းကြောင်း

အန်တီနွဲ့.. ဒီနေ့တော့ ကျွန်တော့်ရဲ့ လက္ခဏာကို ကြည့်ပေးပါနော်။ ကျွန်တော့်ရင်ထဲမှာ အိမ်ထောင်ရေးလမ်းကြောင်းနဲ့ ပတ်သက်ပြီး ကွဲလွဲချက်လေးတစ်ခု ရှိနေလို့ပါ''

''ဘာများလဲ ဆိုစမ်းပါဦး''

''ဒီလိုပါ အန်တီနွဲ့၊ အဘသင်တဲ့ သင်ခန်းစာထဲမှာ လက္ခဏာလမ်းကြောင်းအနေအထားနဲ့ အသက်အပိုင်းအခြားပုံလေးတွေ သင်ရဖူးတယ်လေ''

''အေးပါကွယ် ဒါတွေသိပါတယ်၊ မင်းလက္ခဏာက ဘာတွေ ကွာခြားနေတယ်ဆိုတာပဲ လိုရင်းတိုရှင်း ပြောပါ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ရဲ့ အိမ်ထောင်ရေးလမ်းကြောင်းက နှလုံးလမ်းကြောင်းနဲ့ တော်တော်လေးနီးနီးလေးမှာ ထင်ထင်ရှားရှားတစ်ကြောင်းထဲရှိတယ် ဒီမှာတွေ့လား"

"အေး ဟုတ်ပါရဲ့၊ အဲဒါ ဘာဖြစ်လဲ ပြောပါဦး"

"အဘက သင်ထားတယ်လေ။ ဒီလိုလမ်းကြောင်းမျိုးဟာ အသက် ၂၀ မတိုင်မီ အိမ်ထောင်ကျတတ်တယ်လို့၊ အဲဒါ အခု ကျွန်တော် အသက် ၂၈ နှစ်တောင်ရှိနေပြီပဲ။ အဲဒါလေး ဘာဖြစ်လို့ ကွဲခြားနေရသလဲဆိုတာ ကျွန်တော် မစဉ်းစားတတ်လို့ပါ"

"ဩော် ဒါလား ဒါကိုတော့ အန်တီနဲ့က ဒီလိုသင်ထားဖူးတယ်။ ဆရာကြီးက ပြောဖူးတယ်လေ။ နားထောင် အန်တီနဲ့ပြောပြမယ်"

"ဘဝတစ်သက်တာမှာ အရေးအပါဆုံး အိမ်ထောင်ရေးကဏ္ဍကို ပတ်ဝန်းကျင်က ကြိုးကိုင်အုပ်စိုးတတ်တယ်တဲ့"

"ဟုတ်ကဲ့ ဆက်ပြောပါဦး အန်တီနဲ့"

"မှဆိုးနားနီး မှဆိုး၊ တံငါနားနီး တံငါ၊ ဘုရားဒကာနားနီး ဘုရားဒကာ ဆိုတဲ့ စကားလိုပဲ အပျိုကြီး လူပျိုကြီးတွေရဲ့ ပတ်ဝန်းကျင်က လူတွေကလည်း လူပျိုကြီး အပျိုကြီးတွေ ဖြစ်တတ်တယ်





တဲ့။ မဟုတ်မှလွဲရော။ မင်းရဲ့ ဆွေမျိုးသားချင်းတွေထဲမှာ အပျိုကြီး လူပျိုကြီးတွေ များလိမ့်မယ်ထင်တယ်။ ဒါမှမဟုတ် အိမ်ထောင်ရေး အဆင်မပြေတဲ့ လူတွေများလိမ့်မယ်ထင်တယ်။ အဲဒီအချက်နှစ်ခုထဲက တစ်ခုခုမှန်ခဲ့ရင်တော့ မင်းဟာ အိမ်ထောင်ပြုဖို့အရေး တွေးကြောက်ပြီး မပြုနိုင်သေးတာပဲ ဖြစ်ရမယ် အောင်ကျော်မိုးရဲ့"

"ဟုတ်ပါတယ် အန်တီနဲ့၊ ကျွန်တော့် အမေဘက် ဆွေမျိုးတော်တော်များများဟာ အပျိုကြီး လူပျိုကြီးတွေ များပါတယ်။ ကျွန်တော်တို့မိသားစုကျတော့ ကျွန်တော်အချစ်ဆုံးအစ်မတစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ တော်တော့်ကို ကံဆိုးပါတယ်။ မြဲကို မမြဲတာ မကွဲခင်ကတည်းက လင်ဆိုးမယား တဖားဖား၊ သားဆိုး အမေ တပေပေဖြစ်နေတဲ့ ကျွန်တော့်အစ်မရဲ့ ဘဝကိုကြည့်ပြီး ကျွန်တော်အိမ်ထောင်ပြုဖို့အရေး မတွေးဝံ့အောင် ဖြစ်မိပါတယ်။ ဒီ အကြောင်းတွေကြောင့်ပဲ ဖြစ်မှာပေါ့နော်"

"အေးပေါ့ အောင်ကျော်မိုးရဲ့၊ ဒါအဓိက အချက်အလက်တွေပဲပေါ့။ ပတ်ဝန်းကျင်ဟာ အိမ်ထောင်ရေးလမ်းကြောင်းတွေပေါ်မှာ ရှိနေတဲ့ အမှတ်သင်္ကေတရဲ့ အဓိပ္ပာယ်တွေကို တော်လှန်နိုင်စွမ်း ရှိတတ်တယ်။ မင်းရဲ့ အိမ်ထောင်ရေးလမ်းကြောင်း အမှတ်သင်္ကေ



www.burmeseclassic.com

www.burmeseclassic.com



တတွေ တလွဲတချော်ဖြစ်နေတာဟာ ဘယ်သူမပြု မိမိမှု ဆိုတဲ့ စကားလိုပဲ မင်းကိုယ်မင်းနဲ့ မင်းရဲ့ ပတ်ဝန်းကျင်ကိုသာ အပြစ်တင်ဖို့ရှိတယ်။ လက္ခဏာပညာ အဟောအရတော့ ရှေးရှေးအတိတ်ကာလ ပဝေဏီသိကတည်းက ပညာရှင်ကြီးတွေ ရေးသားခဲ့တဲ့နည်းတွေဖြစ်လို့ မှားယွင်းမှု လုံးဝမရှိနိုင်ပါဘူးကွယ်''

''ဒါဆိုရင် အပျိုကြီး လူပျိုကြီးလမ်းကြောင်းပါပြီး ငယ်ငယ်လေးနဲ့ အိမ်ထောင်ကျနေတဲ့ လူတွေကိုရော အန်တီနွဲ့ ဘယ်လိုဟောကိန်းထုတ်မလဲဆိုတာ ကျွန်တော့်ကို ရှင်းပြပါဦး''

''ဒါလည်း မခက်ပါဘူး။ သူတို့ရဲ့ ပတ်ဝန်းကျင်မှာ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အိမ်ထောင်ကျပြီး အိမ်ထောင်ရေးသာယာမှုတွေနဲ့ ပျော်တပြုံးပြုံး မော်မဆုံးနိုင်သူတွေ ရှိနေလို့ပဲ ဖြစ်ရမယ်။ ဒါကြောင့် သူတို့ဟာ အိမ်ထောင်ရေးကို ရှည်ရှည်ဝေးဝေး တွေးမနေတော့ပဲ အမြန်ဆုံး အိမ်ထောင်ပြုမိတတ်တာကြောင့် လူပျိုကြီး အပျိုကြီး လမ်းကြောင်းပါရက်သားနဲ့ သားတွဲလောင်း သမီးတွဲလောင်းဖြစ်နေကြတာပဲ ဖြစ်ရမယ်''

''ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါပြီ။ အဲဒါကို အန်တီနွဲ့ ဘယ်လိုဟောမလဲဆိုတာ ကျွန်တော်သိချင်တာပါ''





''လွယ်ပါတယ် အောင်ကျော်မိုးရယ် . လူပျိုကြီး အပျိုကြီးလမ်းကြောင်းတွေ့တာနဲ့ ဆွေမျိုးအုပ်စုထဲမှာ လူပျိုကြီး အပျိုကြီးရှိလားလို့ မေးလိုက်ပေါ့။ မရှိဘူးဆိုရင်အိမ်ထောင်ကျမယ်လို့ ဟောရမယ်။ ရှိပါတယ်ဆိုရင် လူပျိုကြီး အပျိုကြီးဖြစ်လိမ့်မယ်လို့ ဟောကိန်းထုတ်လိုက်ရုံပေါ့။ နောက်ပြီး သောကြာဂြိုဟ်ခုံအနေအထားနဲ့ အဲဒီဂြိုဟ်ခုံပေါ်က သင်္ကေတတွေ နှလုံးလမ်းကြောင်းတွေကို ချင့်ချိန်ကြည့်ရင်လည်း သိနိုင်သေးတာပဲ။ ဒါပေမယ့် လူပျိုကြီး အပျိုကြီး လမ်းကြောင်းပါပြီး အိမ်ထောင်ကျနေသူတွေ အတော်များများဟာ အထီးကျန် ဇာတ်သိမ်းတာများတယ်။ အိမ်ထောင်ဖက်နဲ့ အကြာကြီး ခွဲနေရင်ခွဲနေရ၊ ဒါမှမဟုတ် အိမ်ထောင်ဖက်ရဲ့ ကြင်နာမှုတော့ မရတတ်ကြတာများပါတယ်''

''ဟုတ်ကဲ့ပါ . အန်တီနွဲ့၊ ကျွန်တော် သဘောပေါက်ပါပြီ၊ ကြင်ဖော်ဝေးသူတွေပေါ့နော်'' .



www.burmeseclassic.com

www.burmeseclassic.com



## လှိုင်မျောနေသော ဆန္ဒများ

ယနေ့မှာ ဒွဟူးနေ့ဖြစ်သည်။ ဒေါ်ခင်မမတစ်ယောက် တားစရာ သောက်စရာများနှင့် ပြူးပျော်ရွှင်စွာ ကျွန်မထံသို့ ရောက်ရှိလာခဲ့လေသည်။ ပြီးလျှင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ သတင်းစကားများကို ကျွန်မအား ဖောက်သည်ချလေတော့သည်။

"ဆရာမရေ . ၊ ကျွန်မရဲ့ အိပ်မက်က သိပ်ကိုမှန်နေပြီသိလား။ ကျွန်မနဲ့ ငယ်သူငယ်ချင်း အေမီလင်းတို့ အိပ်မက်ထဲက ပုံစံအတိုင်းတော့ သူက အိုစာမနေသေးပါဘူး။ ကြည့်ပျော်ရှုပျော်ပါပဲ။ ဒါပေမယ့် သူက ကျွန်မကို စပြီးမှတ်မိနေတာ ဆရာမရဲ့၊ ကျွန်မ ကမ္ဘာအေးဘုရား ရောက်သွားခဲ့သေးတယ်။ ကျွန်မတူမလေးတစ်ယောက်က နယ်ကရောက်လာပြီး ကမ္ဘာအေးဘုရားကို လိုက်ဖူးရောက်ဖူးချင်တယ်ဆိုတာနဲ့ သွားပို့ပေးနေတာ . ၊ အဲဒီမှာတင် အေမီလင်းနဲ့ တွေ့ခွင့်ရခဲ့တာပဲ။ သူတို့က ရန်ကုန်ရောက်နေတာကြာပြီတဲ့ ဆရာမရဲ့ . ၊





သူယောကျ်ားက နိုင်ငံခြားမှာတာဝန်ထမ်းဆောင်နေရတဲ့ သံအမှုထမ်းဖြစ်နေပြီတဲ့ . ၊ သူကတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပဲ အလုပ်က အငြိမ်းစားယူလိုက်ပြီး သားသမီးမြေးမြစ်တွေနဲ့ ပျော်နေခဲ့တာတဲ့ . ၊ မိသားစုကြီး စည်းစည်းရုံးရုံးနဲ့ ပျော်မယ်ကြံကာရှိသေးတယ်၊ အသီးသီး နိုင်ငံခြားရောက်ကုန်ကြပြီတဲ့လေ . ၊ သူနဲ့ သူ့မြေးမငယ်လေးတစ်ယောက်ပဲ ကျန်နေရစ်ခဲ့တာတဲ့ . ၊ မြေးမလေးက ၅ နှစ်သမီးလေး၊ ဒီနှစ်မှ ကျောင်းစတက်တာတဲ့။ ဒီမှာ ရှိတဲ့ ခြံတွေအိမ်တွေကလည်း ရောင်းမထွက်သေးတာနဲ့ နေရစ်ခဲ့ကြတာတဲ့။ စောင့်ရှောက်ပေးမယ့်လူရှိရင်တော့ အေမီလင်းကလည်း နိုင်ငံခြားကို လိုက်သွားချင်သတဲ့ ဆရာမရယ် . ။

ထူးခြားတာက မြေးမလေးပဲ။ ကလေးဆိုပေမယ့် ဒီမှာပဲ နေမယ်ဆိုပြီး ဒီက သူငယ်ချင်းတွေနဲ့ မခွဲရအောင် ဘွားအေကို မသွားဖို့ တားနေတာလေ . ၊ ဒီကလေးသံယောဇဉ်နဲ့ သူ့ခမျာ ဒီမှာနေရစ်ခဲ့တာ . "

"ဟုတ်လား ဒေါ်ခင်မမ၊ ဒါဆိုရင် ဒီကလေးက တကယ့်ကို မြန်မာ့သွေးပြတာပဲ။ ဘယ်သူတွေသွားသွား သူကမသွားချင်ဘူးဖြစ်နေတာ အံ့သြစရာပါပဲ . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာမရယ် အေမီလင်းကလည်း ဒီကလေးမကို တော်တော်ချစ်ရှာတယ်။ အလိုလည်း တော်တော်လိုက်ရှာတယ်။ ကလေးမလေးကလည်း ချစ်စရာလေးပါ။ အဖော်လည်း တော်တော်ခင်တတ်တာပဲ။ ဘာမှ မသိတတ်သေးဘဲနဲ့တော် သူ့အဖော်တွေနဲ့ မခွဲနိုင် မခွာရက်ဖြစ်နေတယ်ဆိုတော့ ထူးခြားတာပဲပေါ့ _"

"သံယောဇဉ်ဆိုတာ ကြီးကြီးငယ်ငယ် တွယ်တာတတ်ကြတာပါပဲရှင် _"

"အခု အေမီလင်းမှာ အခက်တွေ့နေရပြီတဲ့ _၊ သူ့ယောက်ျားက ဟိုမှာ ကောင်းကောင်းမကျန်းမာဘူးဖြစ်နေတယ်။ အဲဒါ ဆေးကုသမှုခံရမှုမို့ အေမီလင်းက လိုက်သွားရမယ်။ ဒီမြေးမလေးကလည်း မသွားချင်ဘူးနဲ့ ဘယ်လိုဆုံးဖြတ်ရမှန်းမသိဖြစ်နေတုန်း ဘုရားမှာ ယောက်ျားအတွက် ယတြာလာချေရင်းနဲ့ ကျွန်မနဲ့ ဆုံမိတာပါ _"

"ဟယ် ဒါဆိုရင်တော့ အေမီလင်းအတွက် စိတ်မောစရာများနေပြီပေါ့"

"ဟုတ်တယ်ဆရာမ အေမီလင်းက ကျွန်မကိုပြောတယ်။





သူကတော့ လပိုင်းအတွင်း မလိုက်မဖြစ်လိုက်သွားရမှာပဲတဲ့။ ကလေးကလည်း ကျောင်းတွေဖွင့်နေတာဆိုတော့ မလိုက်ဘူးနေခဲ့မယ်လို့ ပြောတယ်တဲ့။ စိတ်ချရတဲ့လူနဲ့ အပ်ထားပြီး သူလိုက်သွားမှဖြစ်မယ်တဲ့။ ကလေးကလည်း သူ့ဘွားအေကို လိုက်သွားပြီးမြန်မြန်ပြန်လာခဲ့ပါလို့ ပြောတယ်တဲ့။ အဲဒါ သူ့တို့ခြံနဲ့ မနီးမဝေးက မိသားစုတွေနဲ့ ထားခဲ့ရမှာတဲ့။ အဲဒီမိသားစုက သူ့မြေးမလေးနဲ့ အချစ်ဆုံးသူငယ်ချင်း မိန်းကလေးနဲ့အတူတူ နေခဲ့ကြမှာတဲ့၊ ခု ကျွန်မနဲ့တွေ့တော့ အကူအညီတောင်းတော့တာပဲ ကျွန်မက တစ်ကိုယ်ရည်တစ်တကာယ သမားဆိုတော့ သူ့မြေးမလေးကို ကျောင်းပိတ်ရက်တွေမှာ အဖော်လုပ်ပေးပါတဲ့၊ တာဝန်ပေးခဲ့တယ်ရှင်"

"ဒေါ်ခင်မမအတွက် အပျင်းလည်းပြေ အဖော်လည်းရတာပဲပေါ့။ ကောင်းသားပဲ။ ဒေါ်ခင်မမနဲ့ ကျောင်းပိတ်ရက်နှစ်ရက်မှာ ကလေးရှိရာကို ဒေါ်ခင်မမကသွားပြီး သူသွားချင်တာ လည်ချင်တာလေးတွေ လိုက်ပို့ပေးလိုက်ပေါ့။ ဒါမှ ဒေါ်ခင်မမလည်း အပြင်လောကမှာ လည်ပတ်ခွင့် ရလာမှာပဲပေါ့ _"

"ဟုတ်တယ်နော်၊ ကလေးနဲ့ အဖော်လုပ်ရမှာဆိုတော့ ကလေးတွေ ပျော်မယ့်နေရာတွေကို ရောက်ဖူးတော့မှာပေါ့။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပေးတဲ့တာဝန်ကို မငြီးမငြူယူလိုက်ပါတယ် ဆရာမရယ်။ ကလေးနဲ့ ကျွန်မ အဆင်ပြေဖို့ပဲလိုတာပါ ."

"ပြေမှာပါရှင် .၊ ကလေးဆိုးလေးတွေရဲ့ ဒဏ်ကို လူကြီးတွေကခံစားပြီး အဲဒီဆိုးတတ်တာလေးကိုပဲ အသည်းစွဲအောင် ချစ်သွားတတ်ကြတာ သဘာဝပါပဲ။ ဒေါ်ခင်မမလည်း ဘယ်လောက်ဆိုးတဲ့ကလေးဖြစ်ဖြစ် ကလေးနဲ့နေရင် အဲဒီဆိုးတတ်တာလေးတွေကို အလိုလိုက်ချင်စိတ်ဝင်လာမှာ အမှန်ပါပဲ။ ဒါဟာ ဒေါ်ခင်မမရဲ့ ရေးရေစက်ဖြစ်မှာပါပဲ"

"အခက်အခဲရှိရင်တော့ ဒေါ်ခင်မမ ကျွန်မကို ကူညီပေးပါဦးနော် ."

"ဟုတ်ကဲ့ .၊ ကျွန်မတတ်နိုင်တဲ့ဘက်က ရှင့်ကို ကူညီစောင့်ရှောက်ပေးမှာပါ။ ရှင့်အတွက် ပေါ်လာတဲ့ အခွင့်အခါကောင်းလေးတွေကိုသာ ရအောင်ယူလိုက်စမ်းပါရှင်။ တစ်ခုခုတော့ ထူးခြားလာမှာ အမှန်ပါပဲ .၊"

"အင်း ဆရာမပြောတာနဲ့ ကျွန်မလည်း ကျေနပ်သွားပါပြီ၊ အေမီလင်းနဲ့တွေ့ရင် ကျေကျေနပ်နပ်ကြီး ဖြစ်သွားအောင် အာမခံချက်တွေ ပေးလိုက်ပါတော့မယ် ."





ဒေါ်ခင်မမလည်း ကလေးတစ်ယောက်နှင့် တစ်ပတ်လျှင် နှစ်ရက်ကျ သွားလာလည်ပတ်ခွင့်ရမည့်အရေးကို တွေးဆ၍ပျော်မြူးနေပုံရလေသည်။ သူမယူလာသော စားစရာသောက်စရာများကို ပန်းကန်အတွင်းထည့်နေသည်ကိုပင် ခါတိုင်းနှင့်မတူ သွက်လက်ချက်ချာနေလေတော့သည်။

ကျွန်မကိုလည်း မကြာခဏပြုံး၍ ပြုံး၍ ကြည့်တတ်သေးသည်။ နှုတ်မှလည်း စကားတို့က အဆက်မပြတ်ပြောတတ်သေးသည်။

"ဆရာမ စားခါနီးမှ ပြန်ပြီးနွေးလိုက်မယ်နော်။ ဟင်းခါးချက်လာတယ်။ ထမင်းသုပ်စားကြမယ်။ ထမင်းကလည်း စားခါနီးမှသုပ်မှာ။ ခုတော့ အစာပြေစားဖို့ ကော်ဖီနဲ့မုန့်ပါလာတယ်။ ဆရာမ ကော်ဖီသောက်နှင့်ပါလား။"

"ဟုတ်ကဲ့ပါ ကျွန်မလည်း ရှင်လာမှ ရှင်လာမှ ရှင်နဲ့အတူတူ မနက်စာစားမယ်လို့ မျှော်လင့်ထားတာပါ။ ရှင်လည်း ကျွန်မနဲ့အတူ ကော်ဖီသောက်မယ်လေ ."

"ဟုတ်ကဲ့ဆရာမ .၊ ကျွန်မတို့နှစ်ယောက် ကော်ဖီသောက်ရင်း စကားဆက်ပြောကြတာပေါ့။"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် ကော်ဖီနှင့်မုန့်စားသောက်ကြလေသည်။ ဒေါ်ခင်မမက စတင်၍ စကားပြောခဲ့လေ၏။

"ဆရာမသိလား။ အေမီလင်းက အရင်ကသိတ်ပြတ်သားတဲ့ မိန်းမ၊ သံယောဇဉ်ဆိုတာတွေ ဘာတွေကို သိပ်ပြီးမသိတင်တဲ့ မိန်းမ၊ ခုတော့ လင်သံယောဇဉ်၊ သားသံယောဇဉ်၊ မြေးသံယောဇဉ်တွေနဲ့ အရာရာကို မပြတ်မသားဖြစ်နေရပြီး တွေတွေဝေဝေ စဉ်းစားနေရပြီနော်၊ သိပ်ကိုပြောင်းလဲသွားပြီ ဆရာမရဲ့"

"ဒါကလည်း သဘာဝတရားပါပဲရှင်၊ သူ့ဘဝမှာ တွယ်တာစရာစလေးတွေ ရလာတဲ့အခါမှာ သာယာမှုတွေရပြီး အရာရာကိုမစွန့်လွှတ်နိုင်ဖြစ်လာတတ်တာပါပဲ။ အရင်စိတ်နဲ့ဆိုရင် သူက ပျော်ပျော်ကြီးဆုံးဖြတ်ပြီး ပျော်ပျော်ကြီးသွားမယ့်မိန်းမ မဟုတ်လား။ ခုတော့ မလွဲသာ မရှောင်သာလို့သာ သွားရတယ်၊ သူ့မြေးမလေးအတွက် နောက်ဆံကတော့ အတင်းသားနော် ဒေါ်ခင်မမ"

"ဟုတ်တယ် ဆရာမ၊ ကျွန်မလည်း ဒါကိုပဲတွေးပြီး ပြုံးနေမိတာပါ။ သူကျွန်မကို စကားပြောနေတုန်းကဆိုရင် မျက်ရည်လေးတွေတောင် ရစ်ဝိုင်းနေသေးတယ်။ အရင်က ကျွန်မငိုရင် လှောင်တတ်တဲ့မိန်းမ ခုတော့ သူကိုယ်တိုင် ဝမ်းနည်းကြေကွဲတတ်နေပြီလေ။





နောက်ပြီး ကျွန်မကိုလည်း အခုလို ရင့်ကျက်တည်ငြိမ်တဲ့ ပုံစံနဲ့မြင်ရပြီး အံ့သြနေသလိုလည်း ဖြစ်နေသေးတယ်။ မယုံကြည်နိုင်တဲ့ မျက်လုံးလေးတွေနဲ့ ကျွန်မရဲ့ မျက်နှာကို ခဏခဏ ငေးကြည့်တတ်တယ်။ နောက်ပြီး ပြောသေးတယ်။

ခင်မ နင်အရင်ကထက်ပိုပြီး ရင့်ကျက်နိုင်မာမှုတွေ၊ နူးညံ့လန်းဆန်းမှုတွေကိုပါ မြင်နေခဲ့ရတယ်။ နင်နဲ့ငါ အရွယ်ချင်းရော အသက်ချင်းရော တူကြတာပဲ။ ဒါပေမယ့် ငါက သိပ်ပြီး အိုစာသွားခဲ့ပြီ။ နင်ကတော့ ငယ်ရုပ်ကို မပျောက်သေးတာ။ နောက်ပြီး ရယ်ရင်ပြုံးရင် ငယ်ရုပ်က ပိုမိုထင်ဟပ်လာတယ် ခင်မရဲ့၊ နင့်ဘဝနဲ့ နင့်ချစ်တည်မှုက ခုချိန်မှာ ငါ့ထက်ပိုပြီး တည်ငြိမ်နေပြီနော်။ ခင်မတဲ့ အဲဒီလိုမြင်လိုက်ရတာကိုလည်း သိပ်ပြီး အံ့သြဝမ်းသာဂုဏ်ယူပါတယ်တဲ့။ ဒီတော့ ကျွန်မကလည်း ပြန်ပြောရတာပေါ့။ ငါက နင်တို့လို မိသားစုသိုက်မြုံနဲ့နေရတဲ့ဘဝ၊ လှုပ်ရှားရုန်းကန်နေရတဲ့ ဘဝမျိုးကိုလိုချင်တာပါဟယ်။ ငါ့အတွက်တော့ ဘဝက ဒီလိုမျိုး မဖန်တီးပေးလို့သာ ခုလို တစ်ကိုယ်ရေဘဝကာယဖြစ်နေတာပါလို့ ပြန်ပြီးပြောလိုက်မိပါသေးတယ်ရှင် -"

"ဟုတ်ပါတယ် ဒေါ်ခင်မမ၊ ဘဝဆိုတဲ့ အဓိပ္ပာယ်က



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်အတွက် တစ်မျိုးစီပုံဖော်ပေးထားပါတယ်၊ အဲဒီပုံစံအတိုင်းတစ်သဝေမတိမ်း နေသွားကြရတာပါ။ ကိုယ်သွားချင်တဲ့လမ်းကိုသွားခွင့်မရပါကြပါဘူး။ ဒါတွေကို လူတွေက သိနိုင်မှာမှ မဟုတ်တာ။ ရတဲ့ဘဝမှာ ပျော်မွေ့မှ ရှာဖွေနေထိုင်မှသာ ဘဝရဲ့ အရသာအနှစ်သာရတွေနဲ့ ရင်းနှီးပျော်ရွှင်မှု ရနိုင်မှာပါရှင်''

''ဟုတ်တယ်နော် ဆရာမ .''

ဖြစ်ချင်တာက ဆန္ဒ၊ ဖြစ်နေတာက ဘဝတဲ့။ ဆန္ဒနဲ့ ဘဝထပ်တူမျှရန် လူသားအားလုံး ဘဝထဲမှရသော ဆန္ဒအလှများနဲ့ ရင်းနှီးကျွမ်းဝင်နိုင်ကြပါစေသတည်း .။





# ခင်တွယ်ရာမဲ့

သူမသည် ယော်စဉ်တောင်ကျေး ကလေးဘဝကပင် စတင်၍ ဇီဇာကြောင်လွန်းသူဖြစ်သည်။ အလိုမကျခြင်းများစွာ ကြီးမားတတ်သည်၊ မျက်ရည်လွယ်လွန်း၍ လူကြီးများ မကြာခဏ ဦးနှောက်ခြောက်ဖူး၏။ သက်တူရွယ်တူကလေးများ ပျော်ရွှင်စွာ ဆော့ကစားနေလျှင် သူမလည်း ပါဝင်တတ်သည်။ အဆင်ပြေနေသော ပျော်ရွှင်မှုကို သူမက နှောင့်ယှက်ပစ်တတ်သည်။ လူအများစုက ဒီလိုဆိုလျှင် သူမက ဟိုလိုလုပ်ပစ်တတ်သည်။ လူအများစုက ဒီလိုဆိုလျှင် သူမက ဟိုလိုလုပ်ပစ်တတ်သည်။ ကစားနည်းပျက်ပေါင်းများခဲ့သည်။ သူမပါလာလျှင် ကျန်ကလေးများ စိတ်ညစ်ရသည်၊ ပျော်ရွှင်မှုများပျောက်ပျက်ကုန်၏။ ရန်စိတ်၊ ဒေါသစိတ်တို့ ဝင်လာတတ်သည်။ ထို့ကြောင့် သူမပါလျှင် တစ်ယောက်ပြီးတစ်ယောက် ကြက်ပျောက်ငှက်ပျောက် ထွက်ခွာသွားကြသည်။ သူမသည်အထွတ်မခံ ဟိုလူဆွဲ ဒီလူဆွဲ လုပ်တတ်သည်။ ရှန်းရင်းဆန်ခတ် ပြဿနာစတော့



www.burmeseclassic.com

www.burmeseclassic.com





သည်။ သူမ ဦးစွာငိုဏ်။ အော်ဟစ်၍ ငိုကြွေးခြင်းဖြစ်သည်၊ မသိလျှင် လူအများက သူမတင်ဦးထဲကို အုပ်စုဖွဲ့၍ အနိုင်ကျင့်သည်ဟု ထင်မှတ်ရဖွယ်ဖြစ်သည်။ ဤသို့ဖြင့် လူကြီးချင်း ရန်စကြတော့သည်။ နောက်နောင် သူမပါလျှင် ဘယ်သူမှ မကစားကြတော့ဘဲ သူမကိုမြင်လျှင် ကစားစရာများ သိမ်းကျုံး၍ ကိုယ်စီကိုယ်စီ လမ်းခွဲသွားကြတော့သည်။ သူမ၏ မိခင်ဖခင်တို့က သူမဘက်မှတွေး၍ နာတတ်ကြသည်။ သူမကို အဖက်မတန်သလို သဘောထားရကောင်းလားဟု ဒေါသဖြင့် ကြိမ်းမောင်းတတ်သည်၊ ထိုအခါ သူမ ပို၍ရောင့်တတ်တော့၏။





"လာ. သမီး ဖေဖေတို့နဲ့ အိမ်ထဲမှာ သွားဆော့မယ်"

သမီးကို အလိုလိုက်သော အဖေဖြစ်သူမှာ တစ်ရက်မှ တစ်ရက်ပင် မကျေလိုက်ရ။ သူမ၏ စိတ်သဘောထားကို နားလည်သွားတော့၏။ ရုပ်မြင်သံကြားကြည့်လျှင် မြန်မာ့အသံ မြဝတီအဖန်တလဲလဲ ပြောင်းနေတတ်သည်။

"သြော်. ဖေကြီးကလည်း ဒီဘက်ရွှေ့ပါဆို၊ ဟင်း ဘာကြီးမှန်းလဲ မသိဘူး။ ဟိုဘက်ပြန်ရွှေ့" စသည်ဖြင့် ချေးများတတ်၏။ ဖခင်ကြည့်ကောင်းချိန် သူမဖောက်ပြန်တော့သည်။

"ဒါကြီးက ပျင်းစရာကြီး ဖေကြီး။ ဟိုဘက်ပြောင်းပါဆို ဟင့် _ ဟင့်"

ဖခင်က သမီးကို အလိုလိုက်၍ တစ်ဖက်သို့ ပြောင်းပေးလိုက်ပြန်လျှင်လည်း ဖေကြီး ဒီအခန်းက ဘာဖြစ်နေတာလဲဟင်၊ ကောင်မလေးက ဘာလို့ သေသွားတာလဲဟင် . ဖေကြီး . ပြောလေ"

"သမီးရယ် ဖေကြီးမှမကြည့်လိုက်ရတာ ဘယ်လိုလုပ်ပြီး သမီးကို ပြောပြရမှာလဲ"

"ဖေကြီးကပြောလေ . ပြောဆို ဟင့် ဟင့်" စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးရှည်တော့သည်။ အဖေကလည်း စိတ်မရှည် လက်ပါတော့သည်။ ထိုအခါ အမေဖြစ်သူနှင့် အဖေဖြစ်သူ ရန်ပွဲဖွဲ့ကြတော့၏။ သားသမီးရိုက်ရေးကိစ္စဖြင့် အိုးတွေ ခွက်တွေ ပန်းကန်တွေ တစ်စစီ ကွဲကြတော့သည်။ သည်မျှ အရစ်ကြောင်လွန်းသော သူမဖြစ်သည်။

အိပ်ရာထဲရောက်လျှင်လည်း ဖခင်နှင့်မိခင်ကြား ပြဿနာရှာတတ်၏။ မိခင်ဖြစ်သူနှင့် ဖခင် ပူးကပ်မနေအောင် မိခင်ကို ကျောနှင့်ကပ်၍ ဖခင်ကိုတွန်းထားတတ်သည်။ တဖြည်းဖြည်း ဖခင်ခြင်ထောင်ဘက်ကပ်လျက် ဖေသွားပြန်လျှင်လည်း ခြင်ထောင်ယိုင်သွား၍ ပွစိပွစိ ငိုပြသေးသည်။ မိခင်ဖြစ်သူဘက်သို့လှည့်လျက် အိပ်လျှင်လည်း မိခင်၏ လက်များကို ချုပ်ကိုင်ထားသည်။ မိခင်၏ ခြေထောက်ပေါ်သို့ သူမ၏ ခြေထောက်နှစ်ချောင်းကို ဖိတင်ထားသည်။ ဖခင်နှင့် မိခင်မထိကပ်စေရ။ ကြံဖန်၍ ငိုကြွေးရှည်တတ်သည်။ သမီးငိုလျှင် ဖခင်နှင့် မိခင်ချော့၏။ ချော့မရလျှင် ရိုက်၏။ ရိုက်လျှင် မိုးလင်းသည်အထိ အိပ်၍မရအောင် ပြဿနာရှည်တော့သည်။ ကြာတော့ လင်နှင့်မယား ချစ်ချစ်ခင်ခင်နေ၍ ရစရာမရှိအောင် အိပ်ရာခွဲအိပ်ရတော့သည်။

မုန့်ဆိုင်၊ စားစရာဆိုင်များ ရောက်လျှင်လည်း ဟိုဟာ





စားရနိုးနိုး သည်ဟာ စားရနိုးနိုး ချိန်ဆနေတတ်သည်။ သူမကြိုက်သော်လည်း ဈေးကြီးသည်အကြောင်းပြပြီး မစား။ ဈေးပေါသော အစားအစာဝယ်ကျွေးလျှင်လည်း သူမမကြိုက်ဟု ငြင်းဆိုငိုကြွေးတတ်သေးသည်။

သူမကို ကျွေးမရ၍ မိခင်ဖခင်တို့က စားပစ်လိုက်လျှင်လည်း၊ ထွန့်ထွန့်လူး စိတ်ကောက်တော့၏။ မိခင်နှင့်ဖခင်မှာ ရှပ်ရှင်ရုံရောက်သော်လည်း မုန့်ဆိုင်မှ လှည့်ပြန်ရပေါင်းများခဲ့၏။ ရှပ်ရှင်အဆင်ပြေပြေကြည့်ရသော နေ့ဟူ၍ မရှိခဲ့။ သူမကို ထားခဲ့ပြန်လျှင်လည်း တတ်မတတ် ချက်မတတ် ငိုကြွေးမြည်တမ်းတတ်၏။ စိတ်ချစရာနေရာမရှိ။ တာဝန်ယူ စောင့်ရှောက်မည့်သူ မရှိဖြစ်သည်။ သူမကို ဘယ်သူမှ စိတ်မရှည် ကပ်စေးလည်း လွန်စွာနည်း၏။ မစားရက်မသောက်ရက် ချွေတာတတ်၏။ သူများကိုလည်း သူမကဲ့သို့ နေစေသည်။ သူများစားလျှင် ပြဿနာရှာတတ်၏။ ထို့ကြောင့် သူမနှင့် ပတ်သက်သူတိုင်းက သူမကို လက်မခံလိုကြပေ။ ကြာရှည်အလိုမလိုက်နိုင်ကြပေ။ ဒေါသမီး မငြိမ်းနိုင်ကြပေ။ ထို့ကြောင့် သူမ အပေါင်းအဖော်မဲ့တတ်၏။

ထိုသူမ အရွယ်ရောက်လျှင် ပတ်သက်သမျှသောယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးအပေါင်းအသင်းတို့မှာ မကြာခဏ ရန်ပွဲပွဲကြရတော့သည်။ သူမ၏ လုပသော အဆင်းသဏ္ဍာန်ကြောင့် သူမပြောသမျှ ယုံကြည်ကြ၏။ သူမနိုင်းသမျှ လိုက်လုပ်ကြ၏။ ထို့ကြောင့် သူမကို အကြောင်းပြု၍ ယောကျ်ားလေးများစွာ ပြဿနာပေါ်တတ်သည်။ နောက်ဆုံးသူမနှင့် လမ်းခွဲသွားကြသည်သာ များခဲ့သည်၊ သူမကတော့ အလွမ်းသည်မလေးဖြစ်ခဲ့ရသည်။ ထိုသူမ ရန်ကုန်အာနန္ဒာစေတီတော်ရှိ ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းသို့ ရောက်လာခဲ့၏။ မျက်ရည်စများနှင့်ဖြစ်၏။ သူမကို လက္ခဏာကြည့်ပြီး အကောင်းဆုံးအဖော်ဖြစ်မည့်သူကို ရွေးချယ်ပေးပါဟု ပူဆာခဲ့သည်၊ သူမသည် အထက်တန်းကျောင်းသူဖြစ်သည်။ သူမလက်ဝါးတွင် မေတ္တာလမ်းကြောင်း တည်နေရာသည့် ဉာဏ်စွမ်းလမ်းကြောင်းနှင့် အလွန်နီးကပ်နေခြင်းဖြင့် စတုဂံနယ်မြေမှာ လွန်စွာကျဉ်းမြောင်းနေ၏။ ထိုသူမကို ကျွန်မသည်သို့ ဟောပြောခဲ့သည်။

''သမီးဟာ အတွေးခေါင်မယ်၊ ခေတ်နောက်ကျမယ်။ အမြင်ကျဉ်းမယ်၊ သဝန်တိုမယ်၊ လက်ပေါက်ကပ်မယ်၊ ကပ်စေးနည်းမယ်၊ သူတပါးအပေါ်မှာ လုံးဝသိတတ်မှု မရှိသူ ဖြစ်တယ်။ ကိုယ့်အတွက်ပဲ အရေးထားနေမယ်။ ဒါကြောင့် သမီးဘဝမှာ ပိုင်းပယ်ခံ





ရတတ်တယ်။ ပတ်ဝန်းကျင်ကောင်း၊ အပေါင်းအသင်းကောင်းမရှိနိုင်ဘူး။ သမီးစိတ်တွေကို ပြင်ရင်တော့ လူတိုင်းဟာ သမီးအတွက်အဖော်ကောင်းတွေဖြစ်မှာပါ''

ကျွန်မစကားဆုံးတော့ သူမမျက်ရည်စီးကြောင်းများ ပါးပြင်ပေါ်သို့ တသွင်သွင် လိမ့်ကျနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အထီးကျန်သူ၏ ဝေဒနာ

ဒေါ်ခင်မမနှင့် သူ့သူငယ်ချင်းမ၏ မြေးမလေးတို့အတ်လမ်းမှာ တစ်နေ့ထက်တစ်နေ့ပို၍ စိတ်ဝင်စားဖွယ်ကောင်းလာခဲ့သည်။

''ကြီးမေ ့၊ မီးပြောတာကိုလည်း သေသေချာချာ နားမထောင်ဘူး။ နောက်ပြီး အေးတိအေးစက်နဲ့ လုပ်ပေးချင်သလို မလုပ်ပေးချင်သလိုလိုနဲ့ သိပ်ကွာတာပဲ ဘွားကြီးက မီးပြောတာနဲ့ချက်ချင်း လုပ်ပေးခဲ့တာ သိရဲ့လား''

''ကြီးမေက သမီးအတွက်စိုးရိမ်လို့ပါကွယ်။ လုပ်ပေးသင့် မလုပ်ပေးသင့် စဉ်းစားနေရလို့ပါ။ သမီးလေးက မိန်းကလေးဖြစ်ပြီး ကစားတာက အကြမ်းပတမ်းတွေများလှတယ်ကွယ် ့''

''ရှခင်းသာကိုလာတိုင်း သမီး ဒီလိုပဲ ကစားနေကျပါ။ ကြီးမေက သတ္တိမရှိဘူး။ ဘွားကြီးက သတ္တိကောင်းတယ်။ ''

''ဟုတ်ပါလိမ့်မယ် သမီးရယ်၊ ဒီမိုးပျံရထားကြီးကို ကြည့်ရတာနဲ့တင် ကြီးမေ ရင်တုန်လွန်းလို့ပါကွယ် ့၊ သမီးလေး မစီးပါနဲ့လားနော် ့''

''မရဘူး ့မရဘူး။ စီးမယ် ့စီးမယ်၊ ကြီးမေပါ စီးရမယ်။ ဘာမှကြောက်စရာမကောင်းပါဘူး ကြီးမေရဲ့ ့''

ဒေါ်ခင်မမမှာ ကလေးအလိုလိုက်ရင်း ကလေး၏ ကြမ်းတမ်းလှသော ကစားနည်းများအတွင်းဝယ် မူးဝေလျက် မျက်လုံးများပြာလောက်အောင်ပင် သည်းထိတ်ရင်ဖို စိတ်ပင်ပန်းမှုများစွာနှင့် ရင်ဆိုင်ခဲ့ရလေတော့သည်။

''အင်း ့သမီးရယ်၊ ကြီးမေကတော့ သမီးလောက် သတ္တိမရှိတာအမှန်ပဲ။ ဒါပေမယ့် သမီးလေး ပျော်နေတာ မြင်ရပြန်တော့လည်း ကြီးမေ ကျေနပ်ပါတယ် ကလေးရယ် ့''

''ကြီးမေ ့၊ မီး ရေခဲမုန့်စားမယ်၊ ဝယ်ကျွေးနော် ့''

''အေး ့စားစား။ စားချင်တာကိုတော့ ကြိုက်သလိုစားပါ သမီးရယ်၊ ကြီးမေတစ်ဝကြီး ဝယ်ကျွေးမှာပါ ့''

''ဟား ့ဟား ့ဟား ့ကြီးမေက ခုထက်ထိ ရင်တုန်နေတုန်းပဲလား။ ရော့ ကြီးမေပါ ရေခဲမုန့်စားလိုက်ပါ။ ဒါမှ ရင်အေးသွားမှာ ့''

''မစားပါဘူးကွယ်။ သမီးလေးပဲ စားပါနော် ့စား ့စား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မရဘူး၊ မရဘူး၊ ကြီးမေပါ စားရမှာပဲ၊ ရော့လေ စားပါဆိုနေမှ"

"အေးပါ ကလေးရယ် ကြီးမေလည်း စားပါ့မယ်၊ ပေးပေး"

စသဖြင့် ကလေးအလိုလိုက်၍ ဘဝတွင် စည်းစနစ်နှင့်နေခဲ့သမျှ စည်းပျက်ကမ်းပျက် ဖြစ်ခဲ့ရလေတော့သည်။

ဗုဒ္ဓဟူးနေ့များပင် အခါခါ အလီလီ ကျော်လွန်လျက် ကလေးမလေး၏ ဝေယျာဝစ္စ အဝဝကို စေတနာဝန်ထမ်း ဆောင်ရွက်ပေးနေရာမှ သူမမရှိလျှင် မဖြစ်ပါဘူးဟူသော ပူပန်ကြောင့်ကြစိုးရိမ်မှုများဖြင့် နှင်းအဥ္စလီလေးအနီးဝယ် အခစားဝင်လျက် ပျော်တော်ဆက်ဘဝဖြင့် ဘဝ၏ နေဝင်ချိန်များကို မေ့လျော့ပျော်ဆနေခဲ့မိလေတော့၏။ ထိုသို့ တပူးပူး တတွဲတွဲ သံယောဇဉ်ကြိုးများ ရစ်ပတ်ချည်နှောင်ပြီးသကာလ တစ်လ ကိုးသီတင်းခန့်အကြာတွင် နိုင်ငံရပ်ခြားမှ ဘွားအေဖြစ်သူ ပြန်ရောက်လာခဲ့ပြီး သူ၏ မြေးမလေးအား နိုင်ငံခြားသို့ အလည်အပတ်ခရီးစဉ်သွားရန် အပူတပြင်းစီစဉ်လေတော့၏။

"ဘွားကြီး မီးက ဟိုမှာအကြာကြီးမနေချင်ဘူးနော်၊ ဒီမှာ ကြီးမေလည်းရှိနေတာပဲ၊ ဘွားကြီးနေချင်ရင်သွားနေလိုက်ပါ၊ သမီးအတွက် အဆင်ပြေပါတယ် ဘွားကြီးရဲ့ . . ."





ကလေးမလေး၏ စကားများကို နားထောင်ရင်းမှ ဒေါ်အေမီလင်းတစ်ယောက် မိမိကိုပါ မြေးမလေးက စွဲလမ်းတမ်းတမှုတို့နည်းပါးသွားခဲ့ပြီဆိုခြင်းကို ရိပ်မိသိရှိကာ ရင်တွင်းမှ စိုးရိမ်ပူပန်မှုကြီးမားသွားခဲ့လေသည်။

"မဟုတ်တာပဲ ကလေးရယ်၊ ကြီးမေခမျာ ကလေးအတွက်နဲ့ တော်တော်ကြီး စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေရှာပြီ၊ ကြည့်ပါဦး . . ၊ အရင်လိုတောင် စိုစိုပြည်ပြည် မရှိလှတော့ဘူး။ ပိန်ချုံးချုံ့နေခဲ့ပြီ၊ ကြီးမေကို ခဏလောက်အနားပေးလိုက်ပြီး တစ်လလောက်တော့ ကလေးနိုင်ငံခြားကို အလည်လိုက်ခဲ့ပါကွယ်၊ ဟိုမှာ ကလေးမမြင်ဘူးတာတွေ မစားဘူးတာတွေ မြင်ရ စားရမှာ . . ၊ ကစားစရာတွေလည်း အများကြီး ကလေးရဲ့ သိလား။ ကလေးမပျော်ဘူးဆိုရင် ဘွားကြီးပါ ပြန်လိုက်ခဲ့မှာပေါ့ . . နော်၊ ကလေးက လိမ္မာပါတယ်ကွယ်၊ ဘွားကြီးနဲ့ လေယာဉ်ပျံကြီးစီးပြီး နိုင်ငံခြားကို အလည်အပတ်အပျော်ခရီးသွားကြရအောင်ပါနော်၊ ဟုတ်လား ကလေး . ."

"အင်းလေ . ၊ ပျော်ပွဲစားသွားမှာဆိုရင်တော့ ပြီးတာပဲ၊ တစ်လလောက်ပဲနေမှာနော် ဘွားကြီး၊ ဒီမှာ စာမေးပွဲပြန်ဖြေရဦးမှာ"

"ဪ ကလေးရယ်၊ အတန်းတင်စာမေးပွဲကြီးဖြေဖို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေအများကြီး လိုပါသေးတယ်။ ကလေးတာမေးပွဲပြန်ဖြေရမှာပါ။ ဒီက ဆရာမတွေဆီက သင်ခန်းစာတွေလည်း တစ်လစာယူသွားမယ်။ ကလေးကို ဘွားကြီးကိုယ်တိုင်သင်ပေးမှာပါ ."

"အံမယ် .၊ ဘွားကြီးက ကြီးမေလောက်တော့ စာသင်တတ်မှာမဟုတ်ပါဘူး .၊ ကြီးမေက စာသင်တတ်တယ်။ သမီးအကုန်လုံးနားလည်နေတာ၊ တတ်နေတာ ကြီးမေ သင်ပေးတာလေ။ တစ်နှစ်စာလုံးကို တတ်သွားပြီ ဘွားကြီး သိရဲ့လား။ မသိဘဲနဲ့ ဟွန်း"

"အေးပါကွယ်၊ ကလေးတတ်ပြီးသားဆိုရင်တော့ ပိုပြီးအဆင်ပြေတာပေါ့။ ကြီးမေကို ဘွားကြီး ကျေးဇူးပြန်ဆပ်ရဦးမှာ၊ သူက ကလေးကို အရမ်းဂရုစိုက်တာပဲကိုးနော်"

"ဟုတ်တယ်ကြီးမေ၊ သနားပါတယ်။ သမီးအတွက်ပဲ တစ်နေ့တစ်နေ့ အလုပ်တွေ ရှုပ်နေရတာ။ သူ့ခမျာ သနပ်ခါးတောင် မလူးနိုင်တာ ကြာပြီ ဘွားကြီးရဲ့ ."

မြေးအဘွားနှစ်ယောက်ပြောသော စကားများကို နားထောင်နေခဲ့သော ဒေါ်ခင်မမမှာ ရင်တွင်းမှ ဆို့နင့်ကြေကွဲမှုဝေဒနာရပ်များက ဘာဆိုဘာမှ ပြောနိုင်စွမ်းမရှိတော့အောင် နှုတ်ဆိတ်ဆွံ့





အနေခဲ့လေတော့သည်။

သည်သို့ဖြင့် ဒေါ်အေမီလင်းနှင့် မြေးမလေး နှင်းအဥ္ဇလီတို့ နိုင်ငံရပ်ခြားသို့ ထွက်ခွာရန် အချိန်အခါကောင်း ဆိုက်ရောက်လာခဲ့လေတော့သည်။ ဒေါ်ခင်မမတစ်ယောက် ရင်တွင်းမှ တိတ်တဆိတ်ကြိတ်မှိတ်ခံစားချက်များက မထိန်းနိုင်မသိမ်းနိုင် ပွင့်အံကျလာခဲ့လေတော့သည်။

လေယာဉ်ကွင်းဝယ် မြေးအဘွားနှစ်ဦးကတော့ ပျော်လို့ရွှင်လို့ ပြုံးပန်းဝေနေကြလေသည်။ ဒေါ်ခင်မမတစ်ယောက်မှာသာ ဝမ်းနည်းကြေကွဲခြင်းများ မျက်ရည်စက်များက ပါးပြင်အနှံ့ စီးကျနေခဲ့လေသည်။

ရယ်မော ပျော်ရွှင်နေခဲ့သော နှင်းအဥ္ဇလီလေးမှာ ဒေါ်ခင်မမ၏ ရှိုက်ကြီးတငင်ငိုကြွေးမှုကြောင့် စိတ်ထိခိုက်သွားကာ ဒေါ်ခင်မမ၏ မျက်ရည်စက်များကို လက်ဝါးဖြင့် ပွတ်သပ်ပေးရင်း နှုတ်မှ ကြေကွဲဖွယ်၊ လွမ်းဆွတ်ဖွယ်ကောင်းသော နှုတ်ဆက်စကားသံများက ရှိုက်သံနှင့်နှောလျက် ထွက်ပေါ်လာခဲ့လေသည်။

"ကြီးမေ ကြီးမေနဲ့နေရတာ အရမ်းပျော်တာ သိလား။ မီးပြန်လာခဲ့မယ်နော်၊ ကြီးမေ နေ့တိုင်း မီးကိုမျှော်နေနော်၊ နောက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြီးမေဆီ မီးနေ့တိုင်းဖုန်းဆက်မယ်နော်၊ ကြီးမေနဲ့ စကားအများကြီးပြောမယ်နော်၊ ကြီးမေကလည်း ပြန်ပြောရမယ်နော်၊ ပြောလေ ကြီးမေ . ၊ မြေးပြောနေတာတွေ ကြားတယ်မဟုတ်လား ကြီးမေရဲ့ ဟင်း . ဟင်း _ ''

''အေးပါ . အေးပါ သမီးလေးရယ်၊ မငိုပါနဲ့၊၊ သမီးလေး ပျော်နေတာ ကြီးမေ မြင်ချင်ပါတယ်ကွယ်၊၊ ဟုတ်တယ် သမီးနဲ့ ကြီးမေ နေ့တိုင်းဖုန်းပြောကြတာပေါ့နော်၊၊ ဟုတ်လား သမီး''

တစ်ယောက်နှင့်တစ်ယောက် နှစ်သိမ့်ကြရင်း လေယာဉ်ပျံပေါ်သို့ တက်သွားသော မြေးအဘွားနှစ်ဦးကို မျက်ရည်များကြားမှ ငေးကြည့်ရင်း လေဆိပ်အတွင်း၀ယ် ဒေါ်ခင်မမတစ်ယောက် ရင်ကွဲပက်လက် ကျန်ရစ်ခဲ့လေတော့သတည်း။

သစ်ပင်ကိုင်းများထက်တွင် အတူယှဉ်တွဲနားခိုနေသော ငှက်ကလေးနှစ်ကောင်အနက် ငှက်ကလေးတစ်ကောင်က အားယူပြန်တက်သွားသောအခါ ကသုတ်ကယက် မငြိမ်မသက် ကိုင်းများထက်ဝယ် ကျန်နေရစ်ခဲ့သော ငှက်ကလေးမှာ သစ်ပင်ကိုင်းများ၏ လှုပ်ခတ်မှုများနှင့်အတူ ဘ၀၀ယ် အထီးကျန်ခြင်းဝေဒနာများဖြင့် ရင်တွင်း ပူပန်လှုပ်ရှားလျက် ကျန်ရစ်နေခဲ့သည်မှာ သဘာ၀ဖြစ်သည်။





သံယောဇဉ်ဆိုသည်မှာလည်း ခွဲခွာထွက်ပြေးသွားသူထံတွင်မရှိ။ ကျန်ရစ်ခဲ့သူထံတွင်သာ အတိရှိနေစမြဲပင် ဖြစ်သည်။

အထီးကျန်သူတို့၏ ရင်တွင်းမှ လှုပ်ခတ်မှုများကို အေးချမ်းငြိမ်းသက်စေသော အရာမှာ လွမ်းဆွတ်ကြေကွဲခြင်း မျက်ရည်စက်များကို အဖော်ပြုလျက် ထွက်သွားသူတို့အတွက် မေတ္တာပို့သခြင်းပင် မဟုတ်ပါလား။

ပြေးထွက်လွတ်မြောက်သူတို့ရင်တွင် ပျော်ရွှင်ချမ်းမြေ့ခြင်းများနှင့် ပြည့်၀နိုင်ကြပါစေသတည်း ။



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ရေးမညီ

သူမသည် သူမ၏ ချစ်သူမောင်အပေါ် တစ်မိုးအောက်တစ်ယောက်သာ ရှိသည်ထင်၏။ ထို့ကြောင့် ချစ်သူမောင် သဘောကျ ဘဝဟောဝတ အားလုံးဖြစ်စေခဲ့သည်။

"မင်းကို မောင်မခွဲနိုင်တော့ဘူး"

သည်စကားလေးတစ်ခွန်းတည်းဖြင့် မျက်စိစုံမှိတ်၍ နိုးရာလိုက်ပြေးခဲ့သည်။ ချစ်စခင်စကြင်နာစတွင် ကြားလေသွေးလျှင်ဝေးသည်ဟုပင် ထင်မှတ်ခဲ့သည်။ ပျော်တပြုံးပြုံး မော်မဆုံနိုင်ခဲ့ကြပေ။

ရက်ကိုလစား လကို နှစ်စားကာလများ တရွေ့ရွေ့ကြာလာခဲ့သည်နှင့်အမျှ သူမသည် လင်တော်မောင်၏ စိတ်သဘောထားတို့အပေါ် မလိုလားမနှစ်သက်မှုတို့ တစစပေါ်လာခဲ့သည်။ ယခင်က မခွဲနိုင်ပါဘူး ဟု ဆိုခဲ့ဖူးသော မောင်တစ်ယောက် ယခုမူ သူမထံပါးမှ ပျောက်ဆုံးနေချိန်များခဲ့သည်။ ဘဝအတွက် အလုပ်များ၍ လှုပ်ရှားနေခြင်းလားဟု အကဲခတ်ပြန်တော့လည်း မိဘအိမ်နေ၊ မိဘကျွေးတာ



BURMESE CLASSIC .com





စားပြီး အလုပ်တစ်ခုအတွက် လက်ကြောမတင်းချင်သော လင်တော်မောင်အတွက် စိတ်ညစ်စရာများခဲ့သည်။

ယောက္ခမများကသာ သားကိုမနိုင်၍ ချွေးမကို ဖိ၍မဲတော့သည်။ ယောက္ခမအိမ်မှာနေပြီး ယောက္ခမကျွေးသမျှစားနေရသောကြောင့် ယောက္ခမအိမ်မှာ ကျွန်မပမာ အောက်ခြေသိမ်းလုပ်ကိုင်ပေးခဲ့ရ၏။ လင်ဆိုးမယား တဖားဖားဖြစ်ခဲ့ရသည်။ ယောက္ခမ မျက်နှာမငြိုငြင်အောင် ပြင်ဆင်ဖီးလိမ်းချိန်ပင်မရ။ ကပိုကရို ဖရိုဖရဲ ဖြစ်သလိုနေချိန် များခဲ့သည်။ ထိုအခါ သူမ၏ လင်တော်မောင်က မျက်နှာရှုံ့စပြုလာသည်၊ သူမနေ့ပေါင်းများစွာ ပင်ပန်းခဲ့သည်၊ ညပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာ အိပ်ပျက်ခဲ့သည်။ အလွယ်တကူ အိမ်ထောင်ပြုမိသော မိမိ၏ မိုက်ပြစ်တို့ကို မိမိမြင်ယောင်လာသည်။

ယခင်က မောင်နှင့်မေ တူနှစ်ကိုယ် ရွှေလက်တွဲ၍ ချစ်ပွဲဝင်ခဲ့စဉ်က ပုံရိပ်များကို မြင်ယောင်ပြီး ကြေကွဲဝမ်းနည်းအားငယ်ခြင်းတို့ များခဲ့သည်။ လင်တော်မောင်၏ အညှုအစွဲတွင် သာယာမိခြင်းအတွက် နောင်တရမိသည်။ လင်တော်မောင်က ကြာလေအိမ်မကပ်လေ ဖြစ်လာသည်။ သူမသည် လင်ဖြစ်သူအပေါ် အချစ်မဝင်နိုင်ပဲ အပြစ်မြင်လာခဲ့သည်။ ကြာတော့လည်း ကြိတ်မှိတ် မျိုသိပ်ခံစားလာခဲ့သမျှတို့ ဖုံးမရ ဖိမရ စိတ်ဓာတ်တို့ ကြွလာပြီး ရန်စကားများ ပြောခဲ့သည်။

မျက်နှာချင်းမဆိုင်လိုက်နှင့် ရန်ပွဲစတော့သည်။ ယောကျ်ားကလည်း သည်းမခံ၊ သူမကလည်း သည်းမခံနိုင်တော့။ ထိုအခါ တစ်ဦးနှင့်တစ်ဦး သဘောကွဲလွဲမှုများ မကြာခဏ ပေါ်ပေါက်လာပြီး လျှင် ချစ်ရေးမညီနိုင်ကြတော့သဖြင့် ညောင်ညိုပင်စခန်းသို့ မရောက်မီ တရားရုံးတော်တွင် လူကြီးစုံရာရှေ့၌ တရားဝင်လက်မှတ်ရေးထိုး၍ ဖြတ်တန်းဖြတ်စာကိုယ်စီဖြင့် လမ်းခွဲကြရတော့သည်။

ထိုသူမသည် အိမ်ထောင်ပျက်ပြီး မကြာမီပင် ကျွန်မ၏





ဗေဒင်လက္ခဏာဟောခန်းရှိရာ ရန်ကုန်အာနန္ဒာစေတီတော်သို့ ရောက်ရှိလာခဲ့သည်။

ဘဝကို ရေစုန်မျှောလိုသော စိတ်ဓာတ်၊ တက်ကြွမှုတို့ဖြင့် သူမကိုယ်သူမ ပြန်လည် မွမ်းမံထားခဲ့သည်။ သူမအကြောင်းကို မသိလျှင် အိမ်ထောင်ပျက် တစ်ခုလပ်ဟုပင် ထင်ရက်စရာမရှိခဲ့။ လောကဘဝခရီးလမ်းတစ်လျှောက်တွင် ဒေါင်ကျကျ ပြားကျကျ ဖြစ်သမျှအကြောင်း၊ အကောင်းဟု·သဘောမထားပဲ ဘဝကို ပြန်စရဲသော သူမကို ကျွန်မ လက္ခဏာဟောခဲ့ရဖူးသည်။

သူမ၏ လက်ဝါးပြင်တွင် အဂ်ါဂြိုဟ်ခုံများက လွန်စွာအားကောင်းကြ၏။ ထို့ကြောင့် သတ္တိဗျတ္တိနှင့် ဘဝကို ရင်ဆိုင်ရဲသူဖြစ်မည်ဟု ဟောပြောခဲ့သည်။ အာယုလမ်းကြောင်း၊ ဉာဏ်စွမ်းလမ်းကြောင်း၊ မေတ္တာလမ်းကြောင်းတို့အား ကြည့်၍ အကောင်းအဆိုးတို့ကို ထုတ်ဖော်ဟောပြောခဲ့သည်။ ကံကြမ္မာထီးရိုးက အသက်နှစ်ဆယ့်ငါးနှစ်ကျော်မှစ၍ ဉာဏ်စွမ်းလမ်းကြောင်းအောက်ခြေမှ ထင်ထင်ရှားရှား ထွက်ပေါ်လာသောကြောင့် ယခုအသက်အနည်းငယ်အတွင်း ကိုယ့်ဒူးကိုယ်ချွန် ဘဝထူထောင်နိုင်မည်ဟု ဟောခဲ့သည်။

အိမ်ထောင်ရေးလမ်းကြောင်းကို ဟောပြောရန် မှန်ဘီလူး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်လိုက်သောအခါ အိမ်ထောင်ရေးလမ်းကြောင်းသည်အဖျား၌ ငါးမျှားချိတ်ပုံသဏ္ဍာန်အောက်ဖက်သို့ ကုတ်၍ ဆင်းနေသဖြင့်၊ သူမမျက်နှာကို ကျွန်မ စိတ်မကောင်းစွာကြည့်လျက် အိမ်ထောင်ရေးဟောကိန်းကို ထုတ်ခဲ့ရသည်။

''အင်း ... အိမ်ထောင်ရေးလမ်းကြောင်းကို ဟောရမှာတော့ စိတ်မကောင်းစရာပဲ ...''

''ရပါတယ် ဆရာမ ရဲရဲသာဟောပါ၊ ကျွန်မ အိမ်ထောင်ရေးအကြောင်းကို ကျွန်မစိတ်ဝင်စားပါတယ်၊''

''သမီးအိမ်ထောင်ရေးကတစ်သက်လုံးမနိုင်မြဲနိုင်ဘူးကွယ်''

''ဒါဆို အိမ်ထောင်နှစ်ဆက်ဖြစ်ကိန်းတို့ အိမ်ထောင်ဆက်ကိန်းတို့ ကျွန်မမှာ ရှိနိုင်ပါသလား ဆရာမ''

သမီးရဲ့လက်ဝါးပြင်ပေါ်က နှလုံးလမ်းကြောင်း အနေအထားနဲ့ ကြိုဟ်ခုံတွေရဲ့ အနေအထားအရတော့ အိမ်ထောင်ဆက်များစရာ မတွေ့ပါဘူးကွယ် ...''

သူမ ငြိမ်သက်စွာ နားထောင်နေခဲ့သည်။ ကျွန်မ ဆက်လက်ဟောပြောခဲ့ရသည်။

''သမီးအနေနဲ့ ပထမဆုံး အိမ်ထောင်ကတော့ ပျက်မှာ





အမှန်ပဲ၊ နောက်ထပ် အိမ်ထောင်ရေးကို စိတ်မဝင်စားခဲ့ရင်တော့ ဘဝမှာ မိအေးနှစ်ခါနာ ဇာတ်လမ်းမျိုးနဲ့ ကင်းဝေးလိမ့်မယ်''

''သမီးမှာ ယောကျ်ားတစ်ယောက်ကို မှီခိုအားထားပြီး ဘဝကို ရပ်တည်ရမယ့် လက္ခဏာမျိုးမရှိဘူး။ အသက် ၂၅ နှစ်ကျော်တာနဲ့ ကိုယ့်ထူးကိုယ်ချွန်ဘဝမှာ ရပ်တည်နိုင်ပါလိမ့်မယ်''

''အခု သမီးအသက်က ၂၃ နှစ်ဆိုတော့ နောက်ထပ် ၂ နှစ်လောက် အိမ်ထောင်မပြုပဲနေခဲ့ရင် သမီးဘဝမှာ အိမ်ထောင်ရေးဆိုတဲ့ အမည်းစက်အစွန်းမထင်းမရှိမှာ အမှန်ပဲ ...''

ကျွန်မစကားဆုံးတော့ သူမပါးပြင်ပေါ်တွင် မျက်ရည်စတို့ တလိမ့်လိမ့် စီးကျပြီး ငိုနေသည်ကို သတိထားလိုက်မိသည်။ အားရအောင်ငိုပြီးသည်နှင့် သူမထံမှ စကားသံတို့က လေးနက်စွာ ထွက်ပေါ်လာခဲ့သည်။

''ဆရာမ ဟောတာမှန်ပါတယ်။ ဆရာမနဲ့သာ စောစောက တွေ့ဆုံခွင့်ရခဲ့ရင် သမီးဘဝမှာ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ အမည်းစက် အစွန်းအထင်းကင်းမှာအမှန်ပဲ ...''

''ဒါဆို သမီးက အိမ်ထောင်ပြုပြီးသားပေါ့ ဟုတ်လား''

''ဟုတ်ပါတယ် ဆရာမ သမီးအိမ်ထောင်ရှိဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ခြောက်လလောက်ပဲ ပေါင်းသင်းခဲ့ရဖူးပါတယ်။ ဆက်လက်ပေါင်းနိုင်တဲ့ အင်အားမရှိတော့တာနဲ့ သမီးအိမ်ထောင်ဖက်နဲ့ တရားရုံးမှာတရားဝင်ကွာရှင်း ပြတ်စဲခဲ့ပါတယ်။ အခု သမီးအိမ်ထောင်ကွဲပြီး ၀ (၂)လလောက်ပဲ ရှိပါသေးတယ်''

''ဒါဆို သားသမီးတွေဘာတွေမရသေးဘူးပေါ့''

''ဟုတ်ပါတယ် ဆရာမ၊ မရတာ သမီးအတွက် ကံကောင်းသွားတာပါ ဆရာမ၊ သမီးဒီနေ့ကစပြီး ယောကျ်ားတွေကို လုံးဝယုံကြည်ချက်မထားပဲ ကိုယ့်ထူးကိုယ်ချွန်ဘဝကို ထူထောင်ပါတော့မယ်။''

''ကောင်းပါတယ် သမီးရယ်၊ သမီးဘဝ အခုကစပြီး လသာ ချိန်ရောက်လို့ အေးမြသာယာနိုင်ပါစေလို့ ဆရာမ ဆုတောင်းပေးလိုက် ပါတယ်ကွယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဆရာမ''





## မညော်သွားကျောတော်သကောပါ

ဒေါ်ခင်မမတစ်ယောက် ကလေးတစ်ဦး၏ မွေးသက္ကရာဇ်လေးကို ကျွန်မထံသို့ ယူလာခဲ့ပြီး ကလေး၏ ရှေ့ရေးနှင့် မွေးရာပါဇာတာစရိုက်တို့ကို တွက်ချက်စစ်ဆေးစေခဲ့သည်။ ထိုသူမလေးမှာ ဒေါ်အေ မီလင်း၏မြေးမလေးပင်ဖြစ်သည်။ သူ့ ယေ်သူယေ်ချင်းမ၏ တာဝန် ပေးချက်အရ ထိုမြေးမလေးကို စောင့်ရှောက်ရင်း၍ ဒေါ်ခင်မမတစ် ယောက် အလုပ်များနေခြင်းဖြစ်၏။

ကလေးမှာ မဟာဘုတ်(၄)ခုကြွင်း အင်္ဂါသမီးလေးဖြစ်သည်။ လှသည်ဟု မဆိုသာသော်လည်း ဆွဲဆောင်မှုအပြည့်အဝရှိသော မျက်လုံး၊ မျက်ဖန် မျက်လုံးအနေအထားတို့က ချစ်ခင်စဖွယ်ဖြစ်သည်။ နှုတ်ခမ်းပါးလေးနှင့် စကားပြောလျှင် ဂရုဏာသံလေးက စွက်နေတတ်သည်ဟု ဒေါ်ခင်မမက ထပ်ဆင့်ပြောပြ ညွှန်းဆိုခဲ့သေးသည်။ ထိုကလေးမလေးမှာ ၂၀၀၁ ခုနှစ်၊ မေလ ၃၀ ရက်မွေးသူလေးဖြစ်သည်၊ အမည်မှာ ခင်သူဇာဖြစ်သည်၊ မိခင်ဖခင်တို့၏ အမည်



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် တွဲဖက်မှည့်ခေါ်ထားခြင်းဖြစ်သည်။ ဂဏန်းသင်္ချာများဖြင့် ကလေး၏ ဇာတာကို ပုံဖော်ကြည့်ပါက သုညလေးလုံးပါနေသဖြင့် မေတ္တာအရာ၌လည်းကောင်း။ လွန်စွာထူးခြားဆန်းကြယ်သော ရင်တွင်းသံယောဇဉ်တစ်မျိုး ရှိနေတတ်လေသည်။ မြင်သူတကာကို မြင်မှုပြီးသား သိမှုပြီးသား ရင်နှီးမှုပြီးသား မိတ်ဆွေရင်းချာများပမာ ခင်မင်တွယ်တာမှု သံယောဇဉ်ရှိနေတတ်သော သဘာ၀က သူမကလေးကို ထင်ရှားစေ၏။

တွေ့မြင်သူတိုင်းကို ရင်းနှီးကျွမ်းဝင်စေခဲ့သည်။ အဆုံးအစမဲ့သော သုညဂဏန်းများက အရာအားလုံးကို ပြည့်ဝစေသော ကျော်လွန်နိုင်စေသော စိတ်တန်ခိုးသတ္တိတစ်မျိုး ရှိစေခဲ့သည်။ အရာအားလုံးနှင့် ပေါင်းစပ်နိုင်သော မိတ်ဖက်နိုင်သော ၅ ဂဏန်းတစ်လုံးကလည်း သူမကလေးမွေးလ၏ ၅ ဂဏန်းအဖြစ် ပါနေပြန်သဖြင့် အရာရာကို လိုက်လျောညီထွေပြေလည်စေခဲ့သည်။

၂၀၀၀ ခုနှစ်၏ ၂ ဂဏန်းကလည်း သူတစ်ပါး၏ မရိုးသားမှုများကို ချက်ချင်း ဖမ်းနိုင်သော အရည်အသွေးတစ်မျိုးရှိနေသည်။ လူတစ်ယောက်ကိုတွေ့လျှင် တွေ့လျှင်တွေ့ချင်း ထိုသူ၏ အခြေအနေမှန်ကိုသိအောင် စဉ်းစားနိုင်သူများဖြစ်သည်။ ထိုစဉ်းစားချက်မှာ





လည်း မှားသည်ဟူ၍ ဆိုခဲလှသည်။ ဤဂဏန်းသည် အာရုံခံစားမှု ပြင်းထန်သဖြင့် သမထအာရုံရရှိနေသူများဖြစ်သည်။ ၃၀ ရက် မွေးဂဏန်းမှ ၃ ဂဏန်းကလည်း သူတစ်ပါးနှင့်မတူအောင် နေတတ်ပြောတတ်သူများဖြစ်သည်။ လူအများနှင့်ဆိုင်သော အလုပ်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ လုပ်ပေးတတ်ကြလေသည်။ အတွေးကို စကားလုံးများဖြင့် ဖော်ပြတတ်ကြသူများ ဖြစ်၏။ စာရေးကောင်း၏။ လူမှုပေါင်းသင်းဆက်ဆံရေးတွင် သူမတူအောင် ကောင်းကြလေသည်။

ထို့ကြောင့် သူမကလေး၏ မွေးဖွားရာ ကိန်းဂဏန်းတို့မှာ အကောင်းလွန်လျက်ရှိလေ၏။ မူလမဟာဘုတ်အရလည်း စိတ်မြန်လက်မြန်သမားဖြစ်၏။ မွေးစားမိဘနှင့် နေရတတ်၏။ စိတ်လှုပ်ရှားမှုမြန်သလို လူကလည်း အစဉ်အမြဲလှုပ်ရှားမှုများနှင့် အလုပ်များနေတတ်သည်။ စိတ်နောက်ကိုယ်ပါသမားများဖြစ်သည်။ ပညာတတ်ညဉ်၊ ဆရာညဉ်ရှိသည်။ သူတစ်ပါးကိုလွှမ်းမိုးလိုသော စိတ်ကူးစိတ်သန်းတို့ဖြင့် ဆရာလုပ်တတ်သူများ ဖြစ်သည်။ အိမ်တွင်းရေးမိသားစုအရေးအခင်းများကတော့ မကောင်းတတ်ကြပေ။ အဝေးလူများနှင့်သာ ထာဝရ ပျော်ရွှင်စွာဖြင့် ပေါင်းသင်းနေထိုင်တတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အမည်ဂဏန်းမှာလည်း မွေးဖွားရာ မဟာဘုတ် အရ ရာဇ၊ အထွန်းနှင့် သိုက်နေရာမှ အမည်ဖြစ်သော်လည်း အင်္ဂါ နံတိုင်ဖြင့် ဖော်ပြကြည့်ပါက သောကြာနံ၊ တနင်္လာနံနှင့် သောကြာ နံခိုက်နေသောကြောင့် လှုပ်ရှားမှုများတွင် မတော်တဆ ထိခိုက်မိ တတ်ခြင်းများနှင့် မကြာခဏ ဖြစ်ပေါ်စေခဲ့သည်။ ထိုသူမလေးမှာ လည်း မကြာခဏ ပွန်းပဲ့ရှနာပြီး ထိမိခိုက်မိများစွာ ဖြစ်တတ်သည်ဟု သိရသည်။ ထို့ကြောင့် ကျွန်မက ဒေါ်ခင်မမအား ကလေး၏ အမည်ကို ပြောင်းလဲပေးလိုက်ပါက ကလေးအတွက် ပို၍ တန်ဖိုး ရှိလာနိုင်ကြောင်း ရှင်းပြလိုက်ရလေသည်။ ထိုအခါ ဒေါ်ခင်မမက ကျွန်မအား သည်သို့နှယ်ပြောဆိုအပ်နှံလေ၏။

''ဆရာမရယ် ့၊ ဒီကလေးမလေးအတွက် လုံးဝဥဿုံ ကောင်းစေမယ့် နာမည်လှလှလေးတစ်လုံးလောက် ရှာဖွေပေးပါရှင်။ ကလေးကောင်းစားဖို့အတွက်လုပ်တာမို့ သူ့အဘွားကလည်း ကျေနပ် မှာပါပဲ။ ကျွန်မတာဝန်ယူပါတယ်ရှင်''

''သူ့မိဘတွေကိုပဲ မေးပြီးမှ လုပ်ပါ ဒေါ်ခင်မမရယ်၊ တော် ကြာ သူ့မိဘနာမည်တွေကို ဖြုတ်ပစ်လို့ဆိုပြီး ပြဿနာပေါ်နေပါဦး မယ် _''





''အင်း ့ဆရာမပြောသလိုလည်း ဖြစ်နိုင်တာပါပဲ။ ဒါဆိုရင် ကျွန်မ သူ့အဘွား ဖုန်းဆက်တဲ့အခါမှာ သေသေချာချာ မေးထား လိုက်ပါ့မယ် _''

''အင်း ့ဒေါ်ခင်မမတစ်ယောက် ဒီကလေးမလေးနဲ့ ရင်း နှီးတာ ဘာမှမကြာသေးဘူး။ သိပ်ကို ဂရုစိုက်တတ်နေပြီနော်။ ကလေး မလေးက သူ့စိတ်နဲ့သူ့ကိုယ် ဖြစ်ချင်တာကိုပဲ ဦးစားပေးတာဆို၊ ဒေါ်ခင်မမက ဒီကလေးမလေးစိတ်နောက်ကို လိုက်နိုင်ရဲ့လားရှင်''

''ဘာပြောကောင်းပါ့မလဲ ဆရာမရယ်၊ သူ့စိတ်နဲ့ ကိုယ့် စိတ် ထပ်တူညီဖို့ ကျွန်မဘက်ကပဲ လိုက်ပြီးညှိပေးနေခဲ့ရတာပါ။ ရင်မောစရာကောင်းတာတွေတော့ အများကြီးပဲ။ ဒါပေမယ့် သူ့လှုပ် ရပ်လေးတွေကိုက ချစ်စရာကောင်းနေခဲ့တာ။ သူ့ပျော်ပါစေ၊ သူ့စိတ် ချမ်းသာပါစေဆိုပြီး ကျွန်မရင်ထဲက လှိုက်လှိုက်လှဲလှဲ ဖြည့်ဆည်းပေး နေမိတာပါပဲရှင် ့၊ ဆရာမပြောသလိုပါပဲ။ ရေစက်ကြောင့်ပဲ ထင်ပါရဲ့နော်''

သည်သို့ဖြင့် ဒေါ်ခင်မမတစ်ယောက် ခင်သူဇာလေးအပါးမှ မခွဲနိုင် မခွာရက် တွယ်တာမှု သံယောဇဉ်များက တစ်စတစ်စ ရစ် ပတ်နှောင်ဖွဲ့နေခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ခင်သူဇာလေး ဘဝရှေ့ရေး ကံကောင်းစေရန် အတွက် မှည့်ခေါ်ထိုက်သော အမည်လှလှလေးကို ရွေးချယ်ပေးရန် စဉ်းစားနေခဲ့မိလေသည်။ အင်္ဂါသမီးလေးဖြစ်၍ သူမ၏ ပဋ္ဌမ်ဗျည်း၊ ဆဗျည်း၊ အညွှန်းများဖြင့်သော အမည်မှည့်ခေါ်ပါမှ အနိုင်တိုင်းကံကောင်း နေမည်ဖြစ်သည်။ မူလမဟာဘုတ်မှာ ရစ်နစ်လျှင်တစ်ကြိမ်သာတိုက် ဆိုင်တတ်သဖြင့် နေ့စဉ်ကံကောင်းမှုနှင့် မည်သို့မျှ ချိန်ဆက်၍ မရနိုင်ပါ။ ထို့ကြောင့် အင်္ဂါသမီးမိန်းကလေးကို အဖက်ဖက်မှ ပြည့်စုံကောင်း စားစေလိုသော ဆန္ဒများဖြင့် ကျွန်မက နာမည်လှလှလေးတစ်ခုကို ရွေးချယ်စဉ်းစားထားလိုက်ရပါလေတော့၏။

ထိုအမည်နာမလေးမှာ ''နှင်းအဥ္စလီ'' ဟူ၍ ဖြစ်သည်။ ထိုအမည်နာမလေးကို အက္ခရာဂဏန်းတန်ဖိုးများနှင့် တွက်ချက်စစ် ဆေးအဖြေရှာကြည့်ပါက ''အနိုး'' ရသောအမည်ဖြစ်သည်။ အနိုး အငွေ့တို့သည် အမြင့်ကို တဖြည်းဖြည်းတက်နေသော သဘာဝ ဆောင်သည်။ ထိုမိန်းကလေးမှာ ထိုအမည်လှလှလေးဖြင့် အေးချမ်း စွာ အောင်မြင်တိုးတက်မည့် နိမိတ်ပုံတို့ဖြင့် ရှေ့ရေးကံကောင်းစေ နိုင်ပေလိမ့်မည်။

မြန်ဆန်လွန်းလှသောစိတ်နေသဘောဆန္ဒတို့ဖြင့် မှေးမှားလာခဲ့





သော မဟာဘုတ် (၄)ခုကြွင်း အင်္ဂါသမီးလေးကို အေးချမ်းတည်ငြိမ် တိုးတက်ကောင်းစားစေလေသော အမည်နာမလေးကို မှည့်ခေါ်ပေးမှု သာလျှင်မဟာဓာတ ဖြစ်နိုင်ပေ၏။

ကျွန်မ စိတ်သဘောဆန္ဒများသည်ပင်လျှင် အကြောင်းကြောင်း တို့ဖြင့် သူမကလေးကို မမြင်ဖူးသေးပါဘဲနှင့် ကောင်းစေချင်သော စေတနာ ဆန္ဒအလှများက ဝင်ရောက်စိုးမိုးနေခဲ့ခြင်းကို ပြန်၍ အောက်မေ့သယို သတိရလိုက်မိပါတော့၏။

ဒေါ်ခင်မမတစ်ယောက် ကျွန်မထံမှောက် ရောက်ရှိလာ သောအခါ ကျွန်မရွေးချယ်ပေးထားသော အင်္ဂါသမီး ခင်သူဇာလေး ၏ အမည်သစ်လေးကို သိစေလိုသော ဆန္ဒဖြင့် ကျွန်မက သည်သို့ ဖွင့်ပြောလိုက်ရလေသည်။

''ဒေါ်ခင်မမ ၊ ရှင့်သူငယ်ချင်းရဲ့ မြေးမလေး ခင်သူဇာ ကို အမည်ပြောင်းပေးဖို့ ကျွန်မ စဉ်းစားရွေးချယ်ပြီးသွားပြီ။ ရှင်မသိ ချင် ဘူးလား ''

''ကျွန်မ သိပ်ကိုသိချင်နေတာပါ ဆရာမ၊ မနေ့ကပဲ သူ့ အဘွားဆီက ခွင့်ပြုချက်ကိုရပါတယ်။ ကလေးက မူလတန်း တက် ကာစပဲရှိသေးတော့ နာမည်ပြောင်းရတာ လွယ်ကူတဲ့ အချိန်ပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသင့်တဲ့အမည်ကို ပြောင်းပေးပါတဲ့၊ ဆရာမကိုလည်း ကျေးဇူး တင်ပါတယ်တဲ့။ ခင်သူဇာလေးအတွက် ဆရာမ ဘယ်လိုနာမည်ပေး ထားခဲ့သလဲဟင်''

''သိရမှာပါရှင့်။ ဒီမှာ ကလေးအမည်ပေး စာအုပ်က လေးနဲ့ကို ရေးပေးထားတာပါ။ ရှင်စိတ်အေးလက်အေးသာ ဖွင့်ကြည့် ပေတော့''

ဒေါ်ခင်မမလည်း ကျွန်မလက်ထဲမှ စာအုပ်ကလေးကို လျင် မြန်စွာယူ၍ နာမည်ကို ရှာဖွေခဲ့လေသည်။ ပြီးလျှင် အံ့သြဝမ်းသာ သော မျက်နှာအမူအရာဖြင့် စကားသံတို့ ထွက်ပေါ်လာလေတော့ သည်။

''ဟယ် နှင်းအဥ္စလီ' ဆိုပါလား၊ နာမည်လေးက သမီးလေးနဲ့ လိုက်ပါတယ် ဆရာမရယ်၊ ဆရာမက ကလေးကို မမြင်ဖူးပဲနဲ့တောင် သူနဲ့လိုက်အောင် မှည့်တတ်တယ်နော် ။ ဒီနာမည်လေးရရင် ဒီကလေးမလေး ပျော်မှာ သေချာပါတယ်ရှင်၊ ဆရာမကို ကျေးဇူးတင်ပါတယ် ''

လှပသော အမည်နာမလေးမများဖြင့် လှပသောအေးချမ်း သာယာသော ဘဝလမ်းကို လျှောက်လှမ်းနိုင်ကြပါစေသတည်း ။





# ခေတ်သစ်ပဋ္ဋာစာရီ

သူမသည် ချစ်သူအပေါ်တွင် မိဘကိုင်ညှာ၍ စွန့်လွှတ် ဝံ့ခဲ့သည်။ သူမ၏ မိဘများပေးစားသော သူနှင့် အိမ်ထောင်ကျခဲ့ သည်။ သူမ၏ ချစ်သူနှင့် နောက်ဆုံး နှုတ်ဆက်ခွဲခွာကြစဉ်က သူမ၏မေတ္တာတရားကို ချစ်သူအား သစ္စာဆိုပြခဲ့သည်။

''မောင့်ကိုသာ ခင်တကယ် ချစ်ခင်စွဲလန်းတယ်ဆိုတာ ယုံပါမောင်၊ ခင်အိမ်ထောင်ကျသွားပေမယ့် မောင့်ကိုချစ်တဲ့ အချစ် မျိုးနဲ့ ဘယ်သူ့ကိုမှ ချစ်နိုင်မှာ မဟုတ်ပါဘူး မောင်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ခင်နဲ့မောင်ဆုံတွေ့ခွင့်ရမယ်ဆိုရင် မောင်နဲ့ ပြန်လည် ဆုံဆည်းနိုင်ခွင့်ရဖို့ ခင်ပြန်လည်ကြိုးစားယူမယ်ဆိုတာကို ဒီသစ္စာရေ သောက်ပြီး မောင့်ကို ကတိစကားဆိုခဲ့ပါတယ်''


မောင်ကလည်း သည်တုန်းက ရင်နင့်စွာ ခွင့်လွှတ်ခဲ့၏။ မောင့်မျက်ဝန်းမှ မျက်ရည်စတို့နှင့် ခင့်မျက်ဝန်းမှ မျက်ရည်စများ တပေါင်းတစည်းတည်းဖြစ်၍ ပါးပြင်နှစ်ခုကြားတွင် တသွင်သွင်စီးကျ



www.burmeseclassic.com

www.burmeseclassic.com





(က) ခေါင်းမျဉ်းပေါ်တွင် အဆုံးသတ်နေသော
အိမ်ထောင်ရေးမျဉ်းကြောင်း

နေခဲ့သည်။

သူမအိမ်ထောင်သက် ၁၅ နှစ်ခန့်ကြာသောအခါ လှပသော သမီးကညာလေးပင် အပျိုဖော်ဝင်စအရွယ်ရောက်ခဲ့သည်။ သူမ၏ မိဘများ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ မိဘများ ရက်လည်ပြီး တစ်လခန့်အကြာတွင် သူမ၏ သမီးကညာမှာ အူခေါက်၍ ဆေးရုံသို့ ပို့ခဲ့ရသည်။ သူမ၏ ရင်တွင်း သည်းထန်စွာ ပူဆွေးခြင်းတို့ ဖြစ်ခဲ့ရသည်။ မြေမကိုင်မိ၊ လက်မကိုင်မိ နေမထိ ထိုင်မသာ တုန်လှုပ်ခြင်း ကြီးစွာခံစားခဲ့ရ၏။ သူမဘဝသည် ကံဆိုးမိုးမှောင်များ ကျရောက်တော့မည့် အိပ်မက်ဆိုးများ ညစဉ်မက်ခဲ့သည်။





သမီးကညာလေးကို ပူပန်ခြင်းကြီးစွာ ကုသပါသော်လည်း သမီးလေး အသက်ဆုံးရှုံးသွားခဲ့သည်။ သူမ၏ ဘဝသည် ကမ္ဘာမြေကြီး အိုးထိန်းစက်လည်သကဲ့သို့ အရာရာအားလုံးတို့သည် ပြောင်းလဲလည့်ပတ်လျက် လှုပ်ရှားနေကြသည်။ သူမဘဝ အကျည်းတန်စွာ အထီးကျန်ဘဝကို ရောက်မှန်းမသိ ရောက်ခဲ့သည်။ နဂိုကတည်းကမှ မေတ္တာမထားနိုင်သော ခင်ပွန်းသည်အပေါ်တွင် မျက်နှာမကြည့်ချင်လောက်အောင် မုန်းတီးစိတ်တို့ စိုးမိုးဝင်ရောက်လာခဲ့၏။ သူမစိတ်တို့ လေလွင့်ခဲ့၏။ သူမအရွယ်မှာ ၃၀ ကျော်၍ ၅ နှစ်ခန့်ပင် ရောက်ရှိနေခဲ့ပြီဖြစ်သည်။ သူမ ဘုရားတန်ဆောင်းများတွင် တရားရှာခဲ့၏။ သူမ၏ စိတ်တို့ မငြိမ်းချမ်း မငြိမ်သက်ခဲ့၊ အလိုမပြည့်သောစိတ်၊ ဘဝကို နာကျည်းသောစိတ်တို့ဖြင့် ခရီးများစွာ ထွက်ခဲ့၏။ တစ်နေ့တွင် ချစ်သူမောင်နှင့် အမှတ်မထင် ပြန်လည်ဆုံတွေ့ခွင့်ရခဲ့သည်။ သူမ၏ စိတ်တို့ ချစ်သူမောင်အပေါ်တွင် အားကိုးအားထားပြုမိမိ တမ်းတလိုက်မိသည်။ သူမ၏ ချစ်သူမောင်ကလည်း သူမဘဝကို စာနာခြင်းများစွာဖြင့် ကြင်နာယုယမှုပြုခဲ့သည်။ သူမဘဝတွင် နွေးထွေးသော နှလုံးသား၏ တုန်လှုပ်ခြင်းများ ပြန်လည်စိုးမိုးလာခဲ့သည်။ သူမစွန့်စားလိုက်၏။ သူမ ဆုံးဖြတ်လိုက်၏။ သူမ၏ လင်တောင်မောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တရားဝင်ကွာရှင်းခွင့်တောင်းခဲ့၏။ လင်တော်မောင်က လွယ်ကူစွာ ခွင့်မပြုခဲ့။

သူမက အတိအလင်းကြေငြာခဲ့၏။ ငယ်ချစ်နှင့်ပြန်လည် ဆုံဆည်းပေါင်းသင်းတော့မည်ဟု ဖွင့်ပြောခဲ့၏။ သူမ၏ လင်တော်မောင်သည် ရှက်ခြင်း၊ တုန်လှုပ်ခြင်းကြီးစွာဖြင့် တားမြစ်ခဲ့၏။ သူမလက်မခံလိုတော့၊ ဆန့်ကျင်ဘက်ပြုခဲ့သည်။ မထေမဲ့မြင်ပြုခဲ့သည်။ ထိုအခါ လင်တော်မောင်က သူမကို တံခါးပိတ်ချုပ်ချယ်လာတော့သည်။ သူမ ရင်တွင်းမှ မကျေနပ်ခြင်း သည်းစွာဖြစ်လျက် လင်တော်မောင်၏ ဘဝအတွင်းမှ အပြီးတိုင် ထွက်ပြေးပုန်းရှောင်ခဲ့၏။

လင်တော်မောင်က တရားဝင်မယားအဖြစ် လူသိရှင်ကြားကြေငြာခဲ့၏။ သူမဘဝတွင် မလွတ်လပ်တော့၊ သူမ၏ ချစ်သူအားလည်း မခွဲခွာလိုတော့၊ သူမနေရာလေးတစ်ခုတွင် မထင်မရှားဘဝဖြင့် ဖြစ်သလို ဘဝကို စခန်းသွားတော့၏။ လိုအပ်သော အကူအညီကို သူမ၏ ချစ်သူထံ တောင်းခံလျက် လောကဓံကို ကြံကြံခံ ရင်ဆိုင်ခဲ့၏။

သူမ၏ ချစ်သူကလည်း ကာမပိုင်လင်ယောကျ်ားရှိသော မိန်းမတစ်ယောက်ကို လူသိရှင်ကြား မထောက်ပံ့ရဲခဲ့။ သူ့ဘက်တွင်





လည်း နိုင်မာသော မိသားစုက ရှိနေခဲ့ပြီဖြစ်သည်။ သူ၏ဘဝကို အပျက်မခံလို လင်နှင့်မယား သားနှင့်သမီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိနေသော မိသားစု ဂေဟာလေးအတွင်း သူ့ဘဝကို သူကျေနပ်ခဲ့သည်။ အချစ်အတွက်တော့ ဘဝကို မစွန့်စားရဲခဲ့။

သူမတစ်နေ့ထက်တစ်နေ့ ဆင်းရဲတွင်းနက်နေခဲ့သည်။ ချစ်သူနှင့် တစ်လလျှင်တစ်ကြိမ်ခန့် တွေ့ဆုံပြီး ချစ်သူ၏ ကူညီပံ့ပိုးမှု ထောက်ပံ့မှုကို အားကိုးအားထားပြုရင်း ဘဝကို ဖြစ်သလို ရပ်တည်နေခဲ့ရ၏။ သူမဘဝသည် သန်းခေါင်ထက်ပင် ညည့်နက်နေခဲ့ပြီဖြစ်သည်။ သူမရရာ အလုပ်လုပ်၏။ ဝမ်းစာရှာ၍ ရသမျှနှင့် တင်းတိမ်စွာ စခန်းသွားခဲ့သည်။

မိမိဘက်မှ ဆွေမျိုးများ၏ ပစ်ပယ်ခြင်း၊ အိမ်ထောင်ဘက်၏ ပစ်ပယ်ခြင်း၊ အိမ်ထောင်ဘက်ဆွေမျိုးများ၏ သပုတ်လေလွင့် ပြောဆိုခြင်းများရဲ့ဝှဲစွာ ခံရင်း သူမဘဝ ခရီးဆက်ခဲ့ခြင်းဖြစ်သည်။ တစ်နေ့သ၌ သူမ၏ချစ်သူ သူမထံရောက်မလာခဲ့တော့ပေ။ အမျိုးမျိုးအဖုံဖုံ လှုလှုတ်စုံစမ်းကြည့်သောအခါကျမှ သူမချစ်သူ ကျန်းမာရေး အခြေအနေဆိုးဝါးစွာ ဆေးရုံတွင် အတွင်းလူနာ အဖြစ်ရောက်ရှိနေကြောင်း သတင်းရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဆေးရုံသို့ အပြေးတပိုင်း ရောက်လာခဲ့သည်။ သူမချစ်သူအပါးတွင် ချစ်သူ၏ အိမ်သူသက်ထား သားသမီးတို့က စုံစုံညီညီ ဝိုင်းရံလျက် ပြုစုယုယနေခြင်းကို ရင်နင့်စွာ မြင်တွေ့နေရ၏။ သူမဘဝမှာ ချစ်သူ၏ မျက်နှာကို အနီးကပ်ပင် ကြည့်ခွင့်မြင်ခွင့်မရဖြစ်ခဲ့သည်။ မိုးရိပ်မှုပန်ခြင်း သည်းထန်စွာ ခံစားလျက် ထိုင်ခုံတစ်လုံးဖြင့် ထောင့်တစ်ထောင့်တွင်ထိုင်ရင်း မျက်ရည်ကျနေရုံမှတစ်ပါး သူမဘာဆိုဘာမှ မတတ်နိုင်ခဲ့ပေ။ မကြာမီရက်ပိုင်းအတွင်း သူမချစ်သူအသက်သေဆုံးသွားခဲ့သည်။ သူမချစ်သူ၏ နောက်ဆုံးမျက်နှာကို ဘဝတစ်သက်စာကြည့်ရန် ရေခဲတိုက်မှိုမည့်အချိန် ချစ်သူ၏ အသိုင်းအဝိုင်းပြန်သွားမည့်အချိန်ကို ရင်မောင်စွာ စောင့်ဆိုင်းခဲ့ရ၏။ ဆေးရုံလုပ်သားများ အချိန်တန်၍ ရေခဲတိုက်သို့ သွားရာလမ်းကြောင်းလေးရောက်မှ အပြေးတပိုင်း နောက်မှ လိုက်၍ ဆေးရုံလုပ်သားများကို တောင်းတောင်းပန်ပန် ကြည့်ခွင့်တောင်းခဲ့ရ၏။

သူမချစ်သူ၏ နောက်ဆုံးမျက်နှာကို သူမကြင်နာယုယစွာ ထွေးပိုက်ပွတ်သပ်လိုက်သည်။ သူမ၏ မျက်လုံးအိမ်သို့ မှောင်မိုက်သွားခဲ့၏။ ထိုသူမ ကြေကွဲခြင်းများစွာဖြင့် ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းရှိရာ ကျိုက်ဒေးယျ(ရန်ကုန်အာနန္ဒာ) စေတီတော်





သို့ ရောက်လာခဲ့၏။ သူမ၏ လက္ခဏာလမ်းကြောင်းမှာ အိမ်ထောင်ရေးလမ်းကြောင်းသည် လွန်စွာရှည်လျား၏။ အောင်မြင်ရေးလမ်းကြောင်းနှင့် ကံကြမ္မာထီးရိုးကို ဖြတ်ကျော်လျက် အင်္ဂါဂြိုဟ်ခုံအတွင်းသို့ ဖောက်ဝင်သွားခဲ့၏။ အိမ်ထောင်ဖက်ကောင်းရသော်လည်း အချစ်အတွက် ဘဝပျက်ရသော သင်္ကေတဖြစ်သည်။ ထို့ကြောင့် ထိုသူမကို ကျွန်မ ဤသို့ဟောပြောခဲ့သည်။

"အင်း ရှင့်ဘဝဟာ အသက် ၃၅ နှစ်ပတ်ဝန်းကျင်မှာ ယူပစ်သလို ပြောင်းလဲသွားလိမ့်မယ်။ အင်္ဂါဂြိုဟ်က ထွက်နေတဲ့ အဖျက်လမ်းတွေဟာ အိမ်ထောင်ရေးလမ်းနဲ့ ဦးတိုက်ထိစပ်နေကြတယ်။ အချစ်အတွက် ဘဝပျက်ရမယ့် နိမိတ်ပုံပဲ။ ရှင့်အချစ်ကို ဦးစားပေးရင်တော့ ပဋာစာရီလက်သစ်ဖြစ်လိမ့်မယ်။ ဘာသာရေးနဲ့စိတ်ကိုဖြေရင် အောင်မြင်နိုင်တဲ့ သင်္ကေတတွေ ရှင့်လက်ဝါးမှာ ပါရှိနေပါတယ်။ ရှင်တရားရမှာပါ"

ကျွန်မစကားဆုံးတော့ သူမငြိမ်သက်စွာဖြင့် စဉ်းစားနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## လူရောဂါဗေဒါ အိပ်မပျော်ခြင်း

ဒေါ်ခင်မမတစ်ယောက် ပိန်ချုံးချိနဲ့လျက် ကျွန်မ၏ ရှေ့မှောက်ထံသို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။ ကျွန်မလည်း သူမ၏ ပူပုံပွားရုပ်သွင်ကို တအံ့တသြငေးကြည့်လျက် နှုတ်ခွန်း ဆက်သလိုက်ရလေသည်။

''ဒေါ်ခင်မမပါလား။ နေမကောင်းဘူးထင်တယ်။ တော်တော်လေး ပိန်ချုံးသွားပါလား''

''ဟုတ်ပါတယ် ဆရာမ။ ဆရာမနဲ့ ဝေးကွာနေခဲ့ရတဲ့ကာလ တွေတုန်းမှာ သံယောဇဉ်ကြီးတွေရဲ့ ချည်နှောင်တင်းကြပ်ခြင်း ဝေဒနာ ခံစားချက်တွေနဲ့ မအိပ်နိုင် မစားနိုင်ဖြစ်ပြီး အခုလို ပိန်ချုံးသွားခဲ့ရတာ ပါပဲရှင် _''

''ဒေါ်ခင်မမရယ် ရှင့်မလည်းလူတွေကို သိပ်ပြီးတွယ်တာ တတ်တာကိုး။ ရှင်တွယ်တာတဲ့လူတွေကလည်း ရှင့်အတွက် အနိုက် အတန့်သာ နွေးထွေးမှုတွေ ပေးနိုင်ခဲ့ပြီး စွန့်ခွာထွက်သွားခဲ့ကြာတာ





တွေချည်းပဲနော်။ ရှင်ကတော့ ပုံမှန်လွမ်းဆွတ်ကြေကွဲခြင်းဝေဒနာတွေ ရင်မှာပိုက်ပြီး ခံစားချက် ဝန်ထုပ်ဝန်ပိုးတွေနဲ့ မသက်မသာ ဘဝကြီး ကို ပြန်ရောက်ခဲ့ရတာပဲကိုး _''

''ပြောပါဆရာမ၊ ကျွန်မရင်ထဲက နှလုံးသားဟာ ဘယ် လောက်များ ဒုက္ခပေးလိုက်သလဲဆိုတာ ဆရာမ အမြင်ပါပဲ။ မချစ် တတ်အောင် ကြိုးစားရင်းကကို ချစ်ခြင်းတရားတွေရဲ့ ရစ်ပတ်နှောင် ဖွဲ့ခြင်းတွေနဲ့ မွန်းကြပ်နေရစမြဲပါပဲရှင် _၊ ကျွန်မဘဝကြီးကို ကျွန်မ မမေ့လျော့နိုင်တော့ပါဘူး။ ကျွန်မဟာ ပေးဆပ်ခြင်းသက်သက်နဲ့ လူတွေကို ပတ်သက်နေတာချည်းပါပဲရှင် _၊ ကျွန်မအတွက် တန် ပြန်သက်ရောက်မှု မေတ္တာတရားဆိုတာ ဘယ်သောအခါမှ ပြန်လည် ရနိုင်ပါ့မလဲဆိုတာ ကွေးစလို့ လမ်းစဘယ်မမြင်နိုင်ဆိုတာလိုပါပဲ ဆရာမရယ်''

''ရှင်ဟာ သူတစ်ပါးတွေက ရှင့်ကို တွယ်တာစေချင်တဲ့ စိတ်နဲ့လိုက်ပြီး ဖြည့်ဆည်းပေးနေခဲ့တာကိုး။ ရှင်ဖြစ်ချင်တာနဲ့ ရှင် လုပ်နိုင်တာတွေက ဘယ်လိုမှ ပတ်သက်မလာခဲ့ပဲ ရှင့်ရဲ့ ဖြည့်စွက် မှုတွေကို အပြည့်အဝ ခံစားသွားခဲ့ကြသူတွေနဲ့ပဲ ဆုံဆည်းခွင့်ရပြီး ရှင့်ရင်ထဲက ဝမ်းနည်းကြေကွဲရခြင်းတွေဟာ လူသူမမြင်သာအောင်



www.burmeseclassic.com

www.burmeseclassic.com



တင်းကြပ်ပြည့်နက် ကျန်ရစ်ခဲ့ခြင်းပဲ မဟုတ်လား''

''ဟုတ်ပါတယ် ဆရာမ၊ ကျွန်မလည်း ဘယ်လိုမှ မတတ်သာပါဘူး။ လူတွေရဲ့ ကွက်လပ်ကလေးတွေကို ဖြည့်ဆည်းပေးနေရတာကို ဝါသနာလိုဖြစ်ပြီး ဖြည့်ဆည်းပေးနေရစဉ်က ကြည်နူးပျော်ရွှင်ရခြင်းတွေက ဖြည့်ပေးခွင့်မရတော့တဲ့အချိန်မှာ ဆွေးမြေ့ရခြင်းတွေအဖြစ် ကျန်ရစ်ခဲ့ရတာပါပဲ။ ဒါဟာလည်း ကျွန်မဘဝပဲ ထင်ပါရဲ့ရှင် ..''

''ဟုတ်မှာပါ ဒေါ်ခင်မမ၊ ရှင့်ရဲ့ဘဝအနေအထားကိုက ဒီလိုပဲဖြစ်ရမယ်ဆိုတာ နဖူးမှာစာပါလာပြီးပဲ ဖြစ်ပါလိမ့်မယ်။ ရှင်ကျေကျေနပ်နပ်ကြီးသာ ခံယူပေးဆပ်လိုက်ပါ။ ဒီဘဝမှာ ကျေသွားအောင် ပေးဆပ်နိုင်ရင် နောင်ဘဝစိတ်အေးရမှာပါရှင် ..''

''ရပါတယ် ဆရာမ၊ နောင်ဘဝအထိပါ ပေးဆပ်ရဦးမယ်ဆိုရင်တောင် ကျွန်မပေးဆပ်နိုင်အောင် ပြင်ဆင်ထားပြီးပါပြီ၊ ပေးဆပ်ခွင့်မရတော့မှာသာ ကျွန်မက စိုးရိမ်ပူပန်နေမိတာပါ ..''

''အင်း .. ရှင့်အတွေးအခေါ်နဲ့ ရှင့်အယူအဆကိုတော့ လူတွေက သာမာန်လို့ ယူဆကြမှာမဟုတ်ဘူးနော်။ ရှင်ဟာ ထူးခြားရင်ထူးခြား မထူးခြားရင်တော့ ရှင့်ကို အရူးစာရင်းမှာ သွင်းကြလိမ့်





မယ် ဒေါ်ခင်မမရဲ့ ..''

''ရူးနေတာက ပိုကောင်းပါတယ် ဆရာမ၊ ပြောချင်တာကို ပြောခွင့်ရှိတယ်။ လုပ်ချင်တာကို လုပ်ခွင့်ရှိတယ်။ ကျွန်မက မရူးတော့ လုပ်သင့်မလုပ်သင့် ပြောသင့်မပြောသင့် ချင့်ချိန်နေရင်းနဲ့ပဲ ကျွန်မဘဝရဲ့ မျှော်လင့်ချက်လေးတွေနဲ့ ဝေးဝေးသွားခဲ့ရတာပါပဲရှင် ..''

''ကဲ .. ဒါဆို ကျွန်မပြောတာတွေကို ဒီနေ့ကစပြီး ဒေါ်ခင်မမ လိုက်နာပေတော့၊ ရှင့်ကို ကျွန်မ ကောင်းကောင်းသဘောပေါက်သွားပြီ။ လိုက်နာနိုင်ရင် ရှင်ဟာ ထူးခြားမွန်မြတ်တဲ့ မေတ္တာရှင်တစ်ယောက်အဖြစ် လောကလူ့ဘုံမှာ ပျော်ရွှင်ချမ်းမြေ့ခြင်းတွေကို ပိုင်ဆိုင်ရလိမ့်မယ် ..''

''ပြောကြည့်ပါဆရာမ၊ လုပ်နိုင်တာဆိုရင် ကျွန်မလုပ်မှာပါ''

''ဥပေက္ခာတရားလို့ခေါ်တယ် ဒေါ်ခင်မမရဲ့၊ ရှင်နဲ့ပတ်သက်လာသူမှန်သမျှကို နေ့စဉ်လုပ်စရာရှိတာလုပ်ပေးပါ။ စေတနာသဒ္ဓါတရားထက်ထက်သန်သန်နဲ့ကိုလုပ်ပေးပါ။ ပြီးသွားတာနဲ့ ငါလုပ်ရမယ့်လုပ်ငန်းတစ်ခုပြီးဆုံးသွားပြီ ဒါတွေဟာဒီအလုပ်တွေဟာ ငါနဲ့ ဘယ်လိုမှမပတ်သက်ဘူး။ ငါဟာ ဝတ္တရားတစ်ခုကို ထမ်းဆောင်နေတာ။ အလုပ်လုပ်နေတာ။ အလုပ်တွေပြီးသွားရင် ငါ့တာဝန်ဝတ္တရားတွေကြေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒီအလုပ်တွေပေါ်မှာ ငါ ဘာမှပတ်သက်နေစရာ တွယ်တာစရာ အကြောင်းမရှိဘူး။ ငါအလုပ်ကို အကောင်းဆုံးဖြစ်အောင်လုပ်မယ်။ အလုပ်ရဲ့ရလဒ်က ငါမဟုတ်ဘူး။ ငါ့ရဲ့အောင်မြင်မှုက ပြီးဆုံးအောင် ဆောင်ရွက်ပေးလိုက်နိုင်ခြင်းသာ ဖြစ်တယ်ဆိုတဲ့ ဥပဒေသတရားလက်ကိုင်ထားပြီး ဒီနေ့ဒီအချိန်ကာစလို့ လုပ်ပြီးသမျှကို မေ့ဖျောက်ပစ်လိုက်တော့။ ခံစားချက်ဆိုတာ မလိုလားအပ်တဲ့ အဖျက်တရားတစ်ခုပဲ။ ဒါကိုလက်မခံရဘူးဆိုတဲ့ မာနစိတ်နဲ့ ခံစားချက်ဆိုတဲ့ အဖျက်တရားကို ရှင် နေ့စဉ်အနိုင်ရအောင် ကြိုးစားပေတော့။ ဥပေက္ခာတရားရင့်ကျက်လာရင် ခံစားချက်အဖျက်တရားကို ရှင်အနိုင်ရမှာ သေချာပါတယ်ရှင် _''

''ဟုတ်ကဲ့ပါ ဆရာမ၊ လွယ်တော့မလွယ်ပါဘူး။ ဒါပေမယ့် ဆရာမထားနိုင်းတဲ့ စိတ်စေတနာမျိုးနဲ့ အလုပ်သဘောတွေကို ကျွန်မ ပြောင်းလဲပစ်နိုင်အောင် ကြိုးစားလေ့ကျင့်ပါတော့မယ်။ ခံစားချက်အဖျက်ကိုလည်း အနိုင်ယူနိုင်အောင် ကြိုးစားပါ့မယ်။ အရှုံးအနိုင်ကိုတော့ ဆရာမကပဲ ဆုံးဖြတ်ပေးပါတော့နော် .''

''စိတ်ချ ဒေါ်ခင်မမ၊ ရှင်အနိုင်ရအောင် ကျွန်မက ရှင့်သားနားကနေ လိုအပ်သမျှကို ဖိအားပေးမှာပါ၊ ပင့်တင်ပေးမှာပါ။ ဒါကို





ရှင်ယုံကြည်နိုင်ပါတယ်နော် .''

''ယုံကြည်ပါတယ် ဆရာမ၊ တကယ်လို့ ကျွန်မ ရှုံးနိမ့်ခဲ့ရင်လည်း ဆရာမကပဲ တရားပြ နားချပေးပါဦးနော်။ ကျွန်မ ဆရာမကို အားကိုးပါတယ်။ လိုအပ်ရင်လည်း ကျွန်မယတြာတွေ ဘာတွေ လုပ်မှာပါ။ ကျွန်မဘဝကို ဆရာမထံမှာအပ်ပါတယ်ရှင် .''

''ကောင်းပါပြီ ဒေါ်ခင်မမ၊ ခုချိန်မှာတော့ ရှင် အရင်လုံးလုပ်သင့်တာက ရှင့်ကိုယ်ရှင်ကျန်းမာလာအောင်၊ ကိုယ်ခံအားကောင်းလာအောင် အားဆေးတွေသောက်ပါ။ အနားယူပါ။ ဆရာတစ်ယောက်ရဲ့ ကုသမှုကိုခံယူပါ။ နားနေပါ။ စိတ်လက်တွေအေးချမ်းအောင်၊ လူကျန်းမာ စိတ်ချမ်းသာ ဘဝမျိုးရောက်အောင် ရှင်ကိုယ်တိုင်လိုလိုလားလား ပြုပြင်ယူပါလို့ပဲ ကျွန်မ သတိပေးပါရစေရှင့်''

''ဟုတ်ကဲ့ ဆရာမ၊ ကျွန်မ ကျန်းမာရေးဆေးစစ်ချက်ခံယူပါ့မယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာ ရောဂါဝင်နိုင်မယ့် အားနည်းချက်ရှိနိုင်မယ့် နေရာတွေကို ရှာဖွေဖော်ထုတ်ဆေးကုသမှုခံယူပါ့မယ်ရှင်''

ဒေါ်ခင်မမတစ်ယောက် ဆေးခန်းတစ်ခုတွင် အေးချမ်းစွာ အနားယူနိုင်ရန်အတွက် စတင်စီစဉ်လေတော့သည်။ သူမ၏ ဆေးစစ်ချက်များအရ ်းချက်မှာ သွေးတိုးရောဂါနှင့် နှလုံးရောဂါ တို့က



www.burmeseclassic.com

www.burmeseclassic.com



အမိကဖြစ်နေခဲ့လေသည်။ ထိုဝေဒနာရပ်များသည် လုံးဝပျောက်ကင်း ချမ်းသာအောင် ကုသ၍မရသော နာတာရှည်ရောဂါများဖြစ်သဖြင့် အေးငြိမ်းချမ်းသာမှုကျင့်စဉ်များနှင့် ဆေးဝါးအချိန်မှန် မှီဝဲစားသောက်ခြင်း၊ အစားအစာဆင်ခြင်ခြင်းတို့ကို အများအယွင်း၊ အတိမ်းအစောင်းမဖြစ်ရအောင် သတိထားနိုင်ပါမှ လူနာမှာ သက်တောင့်သက်သာနေနိုင်ပေလိမ့်မည်။

အချိန်မှန်ပုံမှန်စားသောက်ခြင်း၊ အိပ်စက်အနားယူခြင်း၊ ဆေးဝါးပုံမှန်မှီဝဲခြင်းဖြင့် ဆေးခန်းတစ်ခုအတွင်း၊ ဒေါ်ခင်မမ တစ်ယောက် ဘဝ၏နောက်ပိုင်းအချိန်များအတွက် အားမာန်ပြည့်တင်းလျက်ရှိနေခဲ့လေတော့သတည်း။

ကျန်းမာရေး ညံ့ဖျင်းသူတိုင်း ငြိမ်းချမ်းစွာအနားယူအိပ်စက်ခြင်းဖြင့် ကုန်ဆုံးသွားသော အင်အားများကို ခန္ဓာကိုယ်အတွင်း ပြန်လည်ဖြည့်ဆည်းနိုင်ကြပါစေသတည်း။





# ချစ်သဝန်ကြောင်

သူမသည် ငယ်စဉ်ကာလ ကလေးဘဝတည်းက ဗိုလ်ကျတတ်သည်။ အလိုမကျလျှင် လက်ပါတတ်သည်။ စိတ်မြန်လက်မြန်သမားဖြစ်သည်။ မိဘမောင်ဘွားသားချင်းများအားလုံး အလိုလိုက်ထားရသည်။ ချစ်စရာလည်း အလွန်ကောင်းသည်။ ပြည့်ပြည့်ဝဝ ဖောင်းဖောင်းအိအိ လက်မောင်းသားလေးများဖြင့် ချစ်စဖွယ်ကိုက်ချင် နမ်းချင်စရာ ဖြစ်သည်။ ပါးဖောင်းဖောင်းလေးများကို ပိုင်ဆိုင်၏။ ဗိုလ်မရုပ်လေးကဲ့သို့ သဏ္ဌာန်ရှိသည်။

သူမ တစတစ ကြီးပြင်းလာသည်။ ပတ်ဝန်းကျင်ကလည်း သူမကို ဦးစားပေးသည်။ ဦးစားမပေးသူနှင့် တွေ့လျှင် ပြဿနာရှာတတ်၍ အားလုံးက အေးချမ်းစွာ အနိုင်ယူခွင့်ပေးထားသည်။ ထို့ကြောင့် သူမတစ်ဦးတည်းသာ စိတ်ထင်ရာဖြစ်နိုင်သူဟု ခံယူချက်ရှိသည်။


သူမ အပျိုတစ်ပိုင်း အရွယ်ရောက်လာသည်။ ချစ်သူပိုင်း



www.burmeseclassic.com

www.burmeseclassic.com





(က) [illegible]

(ခ) [illegible]

ဝိုင်းလည်နေ၏။ ချစ်သူအားလုံး၏ အရေးပေးခြင်း၊ အလိုလိုက်ခြင်းကိုလည်း ကံကောင်းထောက်မစွာ ရရှိခဲ့သည်။ ဒေါသမောဟများ လွှမ်းမိုးနေ၏။ အချစ်နှင့် ပတ်သက်လျှင် သဝန်တိုအမြင်ကျဉ်း၏။ သူမ ရုတ်တရက် အိမ်ထောင်ကျခဲ့၏။ သူမ၏ အိမ်ထောင်ဘက်ကလည်း သူမကဲ့သို့ စိတ်ဆတ်သူ လက်မြန်သူဖြစ်သည်။ သူမတို့ အိမ်ထောင်ရေး အစပိုင်းတွင် ပန်းကန်ခွက်ယောက်တို့ အပျက်အစီးများခဲ့သည်။ အိမ်တွင်းရန် ဗိန်းမောင်းသံများ မကြာခဏ ကြားရတတ်သည်။

သူမသည် လွန်စွာ ချစ်သဝန်ကြောင်သူ ဖြစ်သည်။ နေရာ





တကာတိုင်းတွင် ချစ်လင်ကို စိုးရိမ်ကြောင့်ကြစိတ်မကင်းဖြစ်သည်။ အမြင်မရှင်းသူဖြစ်သည်။ လူမှုရေးသဘောအရလည်းကောင်း၊ လုပ်ငန်းပိုင်ပေါင်းသင်းဆက်ဆံရေးတွင်လည်းကောင်း လာသမျှသော မိန်းမ ပျိုများနှင့် စွပ်စွဲပြောဆိုတတ်သည်။ ချစ်လင်မှာ လှုတော မတိုးနိုင် အောင် ဖြစ်ခဲ့သည်။

ချစ်လင်မှာ တစ်မိန်းတရံစာများနှင့် ဆက်ဆံရာတွင် အထူးသတိထားဆက်ဆံရ၏။ အထင်အမြင်လွဲစရာ ထင်ယောင်ထင်မှားဖြစ်သည်နှင့် မိုးမီးလောင်တော့သည်။ ပြေရှင်းမရဖြစ်သည်။ ချစ်လင်၏ အပေါင်းအသင်း မိတ်ဆွေများက သူမကို အပြစ်မြင်ကြသည်။ ချစ်လင်ကတော့ ချစ်လွန်း၍ သဝန်ကြောင်တာဖြစ်မှာဟူသော အတွေးဖြင့် သယာကျေနပ်နေတတ်သည်။

နေရာတကာတိုင်းတွင် နည်းနည်းလေးမှ အမှားခံ၍မရဖြစ်သည်။ မောင်နှစ်မတစ်ဝမ်းကွဲများနှင့် ဆက်ဆံရာတွင်ပင် မကျေနပ်သောသွင်ပြင်နှင့် ပါဝင်စွက်ဖက်နေတတ်သည်။ ကြာဘော့ လင်တော်မောင် စိတ်ပျက်ငြီးငွေ့လာခဲ့သည်။ ဤမျှ သဝန်ကြောင်လွန်း အမြင်ကျဉ်းလွန်းသော မိန်းမတစ်ယောက်ကို ပေါင်းရသင်းရသည်မှာ အချုပ်အနှောင်ခံရသော အကျဉ်းသားကဲ့သို့ ဖြစ်နေသည်။ လွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



မှုတို့ ဆုံးရှုံးခဲ့သည်။ လုပ်ပိုင်ခွင့်တို့ ပျက်ယွင်းခဲ့သည်။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တို့ ကျဉ်းမြောင်းခဲ့သည်။ သူမနှင့်အတူနေရသောကာလများတွင် ဘယ်ဇိုပြဿနာ ဘယ်လိုအကြောင်းကိစ္စများကြောင့် ကြဖန်ရန်ဖြစ်ရဦးမှာလဲ ဟူသော စိုးရိမ်ကြောင့်ကြစိတ် တို့ချစ်လင်မှာ စိုးမိုးနေခဲ့သည်။

လင်တော်မောင် သူမကို တစ်စတစ်စ သူမကို စိတ်ပျက်လာ၏။ သည်းခံရင်း သည်းခံရင်းမှ စိတ်လက်တို့ မကြည်မလင်ဖြစ်လာခဲ့သည်။ သူမအနီးအပါးတွင် မနေလို၊ မပျော်လို ဖြစ်လာခဲ့သည်။ လမ်းစရှာ၍ လမ်းထွက်ခဲ့သည်။ သူမကလည်း နေရာတကာတိုင်းတွင် ပြဿနာလိုက်ရှာသည်။ ထို့ကြောင့် သူသည် အရွဲ့တိုက်သည်။ မသောက်စဖူး အရက်သေစာတို့ သောက်လာတော့သည်။ သူမလည်း အိမ်မှ မကြာခဏ ဆင်းသွားတတ်သည်။

လင်တော်မောင်ကိုလည်း ကြာကြာခွဲ၍ မနေနိုင်သဖြင့် တော်ကြာကွာလိုက်၊ တော်ကြာပေါင်းလိုက်ဖြင့် သံသရာလည်နေ၏။ သူမ မိတ်ဆွေသားချင်းများအပေါ် ဆိုး၍ ရခဲ့လေသမျှ အိမ်ရှင်မဘဝတွင် သူမ ဝဋ်လည်ခဲ့တော့၏။ သို့သော် သူမ၏ ဒေါသနာတို့ကတော့ ပုံမှန်အတိုင်းဖြစ်၏။ အိမ်ထောင်ရေးသာယာမှုတို့





ကင်းမဲ့လာခဲ့သည်။

တစ်နေ့တွင် သူမအထင်လွဲစရာတို့ ဖြစ်လာသည်။ လင်တော်မောင်၏ စာအုပ်အတွင်းမှ မိန်းမလှလေးတစ်ဦး၏ ဓာတ်ပုံကို တွေ့မြင်ရ၍ ဖြစ်သည်။ ပြဿနာမရှာလိုတော့၊ မစစ်ဆေး မမေးမြန်းလိုတော့၊ သူမထက်ပို၍ ချောနေလှနေသော မိန်းမပျိုလေးဖြစ်၍ သူမကို ပစ်ပယ်သွားမည်ကို လွန်စွာစိုးရိမ်သွားသည်။ သူမ တစ်ဖက်သတ်အထင်အမြင်ဖြင့် လင်ဖြစ်သူအပေါ် မကြည်မလင်ဖြစ်လာခဲ့တော့သည်။ လင်ဖြစ်သူအပြောအဆိုတွင် အကျအန ကောက်လာခဲ့သည်။ လှုပ်ရှားမှုများတွင် အမှားအယွင်းများထင်လာခဲ့သည်။ လင်အပေါ် စိတ်ညှိုးထားခဲ့သည်။

မကျေနိုင် မချမ်းနိုင်စိတ်ဖြင့် သူမ ကျွန်မထံသို့ ရောက်လာခဲ့သည်။ လက္ခဏာကြည့်ရန် လာခြင်းဖြစ်သည်။ ဟောခန်းအတွင်း စောင့်ဆိုင်းနေရခြင်းကိုပင် သူမစိတ်မရှည်နိုင်အောင်ဖြစ်နေ၏၊ သူမအရင်ရောက်နှင့်နေသော သူတို့က သူမကို ကြည့်ပြီးပြဿနာမ ဖြစ်လို၍ ဟောခန်းအတွင်း အရင်ဝင်စေခဲ့သည်။ သူမ၏လက္ခဏာကိုကြည့်ပြီး ကျွန်မအသေးစိတ်ဟောပြောခဲ့သည်။ အဆုံးသတ်ပိုင်းတွင် သူမ၏ လက်မအနေအထားနှင့် မေတ္တာလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအနေအထားကိုကြည့်ပြီး သူမကို ကျွန်မ သတိပေး စကားပြောခဲ့သည်။

''ရှင့်ရဲ့လက်မဟာ အဖျားမှာပုဝိုင်းပြီး ခပ်တိုတိုနဲ့ ''တင်းပုတ် လက်မ'' လို့ခေါ်တယ်။ ဒီမှာတွေ့လား နောက်ပြီး ရှင့်ရဲ့မေတ္တာ လမ်းကြောင်းဟာလည်း အာယုလမ်းကြောင်း လို့ခေါ်တဲ့ အသက်လမ်း ကြောင်းရဲ့ အတွင်းအင်္ဂါဂြိုဟ် အဖိုကနေစပြီး ထွက်နေခဲ့တယ်။ ဒီလမ်း ကြောင်းနဲ့ ဒီလက်မပုံစံကြောင့် ရှင်ဟာ ဒေါသနဲ့ မာနတရားတွေ ကြီးမားလွန်းပြီး ဒုက္ခရောက်တတ်တယ်။ ရှင့်စိတ်တွေကို အထူးထိန်း ချုပ်ပါ.''

သူမ မျက်နှာထား သုန်မှုန်စွာ နားထောင်နေ၏။ မကြာမီ ရက်ပိုင်းအတွင်း သတင်းတစ်ခုကြားခဲ့ရသည်။ သူမတို့လင်မယား ရန်ဖြစ်ရာ လင်ဖြစ်သူက ဆံပင်ဆွဲ၍ ပါးရိုက်ခဲ့သည်။ သူမ နှုတ်ခမ်း ကွဲပြီး သွေးများထွက်လာသည်။ ထိုခဏ၌ ဒေါသကို ချုပ်တည်းခြင်း ငှာ မစွမ်းသာတော့ပဲ အနီးရှိ ထင်းခွဲဓားမကို စုံဆွဲကိုင်၍ တအားခုတ် ချလိုက်ရာ လင်တော်မောင်မှာ ပွဲချင်းပြီး သေဆုံးသွားရရှာသည်။ ထိုသတင်းကြောင့် ကျွန်မလွန်စွာ စိတ်ထိခိုက်မိ၏။





# တန်ပြန်သက်ရောက်ခြင်းမေတ္တာဓာတ်

တိုက်တိုက်ဆိုင်ဆိုင်ပင် ဒေါ်ခင်မမကို ဆေးကုသပေးနေ သည့်ဆရာဝန်ကလေးမှာ တစ်ချိန်က ဒေါ်ခင်မမ ဆရာမဘဝက ချစ်ခင်အလိုလိုက်ခဲ့ရဖူးသော မောင်တင်မောင်ဝင်းကလေးဖြစ်နေခဲ့ ပါသည်။ သည်ကလေးမှာ ပညာရေးဘက်တွင် အလွန်ထူးချွန်လျက် ဆေးပညာရှင်အဖြစ် ထွံထွံကြွားကြွား မြန်ရပြန်သောအခါတွင် ဒေါ်ခင်မမ မှာ အတိတ်မှ ဝေဒနာဟောင်းများက ပြန်လည်၍ တမ်းတကြေကွဲ စေမှုတို့ကို ခံစားရပြန်လေ၏။

''မင်းဟာ ဆရာမတစ်ချိန်က အလွန်အမင်းရင်းနှီးတွယ်တာ ခဲ့ရဖူးတဲ့ တပည့်လေးတစ်ယောက်ပါလားဆိုတာဟာ သိလိုက်ရတာ နဲ့ တစ်ပြိုင်နက် ဆရာမရဲ့ ရင်တွင်းက သောကဝေဒနာတွေဟာ သိသိသာသာ သက်သာလျော့ပါးသွားခဲ့ပါပြီ ကလေးရယ်.''

''ဟုတ်ကဲ့ပါ ဆရာမ၊ ဆရာမကိုယ်တိုင်ကလည်း တိုက် တိုက်ဆိုင်ဆိုင် ကျွန်တော်ဖွင့်ထားတဲ့ ဆေးခန်းကို လာရောက်ဆေးကု



www.burmeseclassic.com

www.burmeseclassic.com



သခံယူခြင်းက ပိုပြီးထူးခြားအံ့သြစရာပါခင်ဗျာ။ ဆရာမနဲ့ ကျွန်တော်က ရှေးဘဝက ပဋ္ဌာန်းဆက်ဆိုတာ သေချာပါပြီဆရာမရယ်၊ ဆရာမ အခြေခံပြီး သင်ပေးခဲ့တဲ့ ပညာရပ်တွေကနေ ခုလို အဆင့်မြင့်ပညာရှင်အဖြစ် ရပ်တည်ရှင်သန်ခွင့်ရတာမို့ ဆရာမက ကျွန်တော့်ဘဝရဲ့ လက်ဦးဆရာပါပဲ ခင်ဗျာ၊ ခုလို ကျွန်တော်တတ်ကျွမ်းတဲ့ ဆေးသိပ္ပံပညာနဲ့ ဆရာမကို ပြန်လည်တုံ့ပြန်ကျေးဇူးဆပ်ခွင့်ရတာမို့ ကျွန်တော့်ဘဝမှာ နှိုင်းယှဉ်လို့မရနိုင်တဲ့ ဝမ်းသာလှိုက်လှဲမှုတွေနဲ့ ပီတိအဖြစ်ရဆုံးအချိန်ကာလ တစ်ခုပါပဲဆိုတာ ဆရာမ နားလည်ပေးပါခင်ဗျာ''

''အေးပါ သားရယ်၊ မင်းရဲ့ ဆေးကုသမှုတွေကို ခံယူခွင့်ရလို့လည်းပဲ အလွန်အမင်းကြည်နူးရခြင်းတွေက ဘယ်လိုမှနှိုင်းယှဉ်ပြလို့မရအောင်ပါပဲကွယ်၊ ဟုတ်မှာပါ မင်းနဲ့ ဆရာမဟာ ရှေးဘဝက ပဋ္ဌာန်းဆက်တွေပါပဲ။ မင်းကလေးဘဝက တစ်ကြိမ်၊ ခုတော့ မင်းလူကြီးဘဝမှာ မင်းက ဆရာ၊ ဆရာမက မင်းရဲ့လူနာ အဟင်းဟင်း။ လောကကြီးရဲ့ ဖြစ်ပျက်မှုတွေဟာ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲဖြစ်တည်နေခဲ့တာပဲနော်။ အေး အေး မင်းကြိုက်သလိုသာ စမ်းသတ်ကုသပေးပေတော့၊ မင်းရဲ့ ကုသမှုအောက်မှာ ဆရာမ အပြုံးအပျက် လိုက်နာဆောင်ရွက်ခြင်း ဆရာမဘဝရဲ့ အားတွေမာန်တွေ ပြန်တက်လာအောင် ဆရာမကျန်းမာရေးကို အစွမ်းကုန်ကြိုးစားထူထောင်ပါတော့မယ် သားရယ်''

''ဆရာမ ပင်ကိုယ်က ဒီလောက် ဓာတ်ခံမညံ့ပါဘူး။ စိတ်ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ယာယီဝေဒနာလေးတွေရယ်ပါ။ အအိပ်အနေ၊ အစားအသောက်နဲ့ မှန်ကန်တဲ့ ဆေးဝါးကုသမှုကို ခံယူလိုက်ရင် သိသိသာသာ ပျောက်ကင်းသွားမှာပါ ခင်ဗျာ''

''ကျေးဇူးတင်ပါတယ် သားရယ်၊ သားရဲ့ ဆေးကုသမှုကို မခံရခင်ကတည်းက ဆရာမ ကျေနပ်ခဲ့ပြီးသားပါကွယ်၊ ဆရာမ ခုချိန်မှာ ဘာဆိုဘာမှ မကြောက်တော့ဘူး။ မစိုးရိမ်ရတော့ဘူး။ သေရမယ့် ဝေဒနာဝင်လာခဲ့ရင်တောင် ဆရာမ ပျော်ပျော်ကြီးသေဝံ့တယ်ဆိုတာ ယုံလိုက်ပါကွယ်၊ မင်းနဲ့ ပြန်လည်ဆုံတွေ့ခွင့်ရတာကိုပဲ ဆရာမ ပျော်ရွှင်ကြည်နူးပြီးသားပါ''

သည်သို့ဖြင့် ဒေါ်ခင်မမတစ်ယောက် နေ့စဉ် လေ့ကျင့်ခန်းလုပ်ခြင်း၊ အနားယူခြင်း၊ အိပ်စက်ခြင်း၊ အာဟာရပြည့်ဝအောင် ဖြည့်ဆည်းစားသောက်ခြင်းတို့ဖြင့် သိသိသာသာ သက်သာပျောက်ကင်းလာခဲ့လေသည်။ တစ်ခုထူးခြားသည်မှာ ညိုမျက်ဝန်းလေးက အဝေးတစ်နေရာကို ငေးကြည့်ဝေဝေတတ်ခြင်းသာ ဖြစ်သည်။ တစ်




www.burmeseclassic.com

www.burmeseclassic.com



ဦးတစ်ယောက်ကို မျှော်တွေးသတိရဟန် ပေါ်လွင်နေခဲ့သည်။

ထိုအချက်ကို ဒေါက်တာ တင်မောင်ဝင်းက ကျွန်မအား ဖွင့်ဟတိုင်ပင် ဆွေးနွေးခဲ့လေသည်။

"အန်တီ ၊ ဆရာမ အားလုံးပြည့်စုံကောင်းမွန်နေပါပြီ။ ဒါပေမယ့် စိတ်အာဟာရ တစ်ခုခုလိုအပ်နေသလိုမျိုး ကုသဖို့ခက်ခဲတဲ့ စိတ်ဝေဒနာ အသွင်အပြင်တစ်မျိုးသာ ကျန်နေတော့တာပါ။ အဲဒီ စိတ်အဟာရ ပြည့်ဝသွားခဲ့ရင် မူလပကတိပြန်ဖြစ်ချင်လည်း ဖြစ်သွားနိုင်တယ်။ ရုတ်တရက် ပြည့်ရှူလွန်ကဲခြင်း၊ နှလုံးသွေးကြောရပ်တန့်သွားခြင်းဆိုတဲ့ ပြင်းထန်တဲ့ ရိုက်ခတ်မှုတစ်ခုခုလည်း ဖြစ်လာနိုင်တယ်။ အဲဒါကြောင့် သိပ်ပြီး ဝမ်းသာခြင်း၊ သိပ်ပြီးဝမ်းနည်းကြေကွဲရခြင်းတွေ မရှိနိုင်အောင် ကျွန်တော်တို့ အန်တီတို့က စောင့်ရှောက်ကာကွယ်ပေးရမှာပဲ အဓိက ကနေပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့ပါရှင်၊ ဆရာပြောတာတွေကို ကျွန်မနားလည်သဘောပေါက်ပါတယ်။ အကောင်းဘက်ကို ရောက်နိုင်ပါစေဆိုတဲ့ ဆုမွန်ကောင်းတွေနဲ့သာ သူ့ဘဝရဲ့ တိုးတက်အောင်မြင်မှုအတွက် ကျွန်မတို့က တတ်နိုင်သလောက် ကာကွယ်စောင့်ရှောက်ပေးရမယ့် တာဝန်ပဲ ရှိပါတော့တယ်ရှင် ."





"ဟုတ်ပါတယ် အန်တီ၊ ဆရာမရဲ့ စိတ်အဟာရကိုလည်း မြန်မြန်ပြည့်ဆည်းပေးချင်ပါတယ်။ ဒါပေမယ့် ရုတ်တရက် ဖောက်ပြန်မှုတွေ ဖြစ်လာမှာကိုပဲ စိုးရိမ်ကြောင့်ကြမိပါတယ် ခင်ဗျာ။ ဆရာမ ကံကောင်းပါစေလို့သာ ကျွန်တော်လည်း ဆုတောင်းပေးရမှာပဲ။ အန်တီနားလည်ပေးတဲ့အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သည်သို့ဖြင့် ကျွန်မတို့မှာ ဒေါ်ခင်မမ၏ ကံတရားအပြောင်းအလဲကို စောင့်ကြည့်အကဲခတ်ပေးနေခဲ့ရပါသည်။ ကျွန်မ၏ ပညာရပ်ဖြင့် တွက်ချက်စစ်ဆေးအဖြေရှာကြည့်သောအခါတွင်လည်း ဒေါ်ခင်မမ ကံတရားက အကောင်းတစ်ဝက် အဆိုးတစ်ဝက် သက်ရောက်မှု ကံကြမ္မာနယ်မြေအတွင်း ရောက်ရှိနေခိုက်ဖြစ်၍ အကောင်းဘက်များ စေရန် အညံ့လွှတ်ယတြာများကို ကျွန်မကိုယ်တိုင် ဒေါ်ခင်မမကိုယ်စားပြုလုပ်ဆောင်ရွက်ပေးခဲ့ရပါသည်။

ရုတ်တရက်ဝမ်းသာခြင်း၊ ရုတ်တရက် ဝမ်းနည်းရခြင်း အဖြစ်အပျက်များကိုတော့ မည်သည့်ပညာရပ်နှင့်မျှ ဖယ်ရှားခွင့်မရနိုင်သည်ဖြစ်၍ ဘုရားသခင်၏ အလိုတော်အတိုင်းသာ စောင့်ရှောက်ပေးပါမည့်အကြောင်း ဆုမွန်ကောင်းတောင်းပေးရခြင်းသာ တတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။

အဆိုးဆုံးသော ကလေးမလေးတစ်ဦး၏ ရစ်ပတ်နှောင်ဖွဲ့ခဲ့သော မေတ္တာတရား သံယောဇဉ်မီးကြောင့်သာ ဒေါ်ခင်မမဆိုသော ရုပ်ခန္ဓာကြီးမှာ လူ့မမာဘဝသို့ ရောက်ရှိနေခဲ့ခြင်းက အဓိက အကြောင်းရင်း ဖြစ်နေခဲ့ခြင်းဖြစ်သည်။ ဒေါ်ခင်မမ၏ အသက်ဓာတ်မှာ ထိုသံယောဇဉ်မီးနှင့် တွေ့ဆုံချိန်တွင် အကောင်းဆုံးဖြစ်သွားသည်လား၊ အဆိုးဆုံးဖြစ်သွားသည်လား ဝေခွဲမရခက်ခဲခြင်းများက ကျွန်မ၏ ရင်တွင်း၌ ပူပန်သောကများ ဖြစ်စေခဲ့လေသည်။ သို့သော် ဒေါ်ခင်မမ၏ ဆန္ဒဓာတ်တို့ကို လိုက်လျောလိုတတ်သော ကျွန်မက ဒေါ်အေမီလင်းထံသို့ ဆက်သွယ်လျက် လက်ရှိအခြေအနေကို ဖွင့်ဟတိုင်ပင် လိုက်ရလေသည်။ ဒေါ်အေမီလင်းမှာ သူ့သူငယ်ချင်းကို ချစ်ခင်ရင်းစွဲလည်းရှိပြန်၊ မြေးမလေး၏ မေတ္တာတရားကို လက်လွှတ်ဆုံးရှုံးရမည်ကိုလည်း ပူပန်ကြောင့်ကြပြန်ဖြင့် မပြတ်မသား စကားများသာ ကျွန်မကို ပြန်လည်ပြောကြားနိုင်ခဲ့လေသည်။

နေ့နေ့ညည သူမ၏ ဆန္ဒဓာတ်များ ပြည့်ဝလျက် လန်းဆန်းစိုပြေသော ယခင်က ဘဝအနေအထားမျိုးသို့ ဒေါ်ခင်မမ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ပါစေဟုသာ တိတ်တခိုး ဆုတောင်းလျက်





ကျွန်မ၏ ရင်တွင်းမှ စေတနာဓာတ်များအတိုင်း ဒေါ်အေမီလင်းနှင့် မြေးမလေးနှင်းအဥ္စလီထံသို့ မေတ္တာအလီလီ ပို့သလျက်သာ ရှိနေခဲ့ပါလေသည်။

သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုတို့ ရရှိစေသော နိယာမသဘောများအတိုင်း မေတ္တာတရားသက်ရောက်မှုကြီးမားသူတိုင်း တန်ပြန်သက်ရောက်မှုမေတ္တာတို့ နိုဝင်ရောက်ရှိနိုင်ကြပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆားမြက်တဲ့ပြည်ပန်းညို

သူမသည် လှ၏။ ချော၏။ ယဉ်၏။ သို့သော် သူမ၏ ဘဝသည် တည်ငြိမ်မှုကင်း၏။ သူမတွင် မွေးချင်းမောင်နှမများစွာ ရှိသည်။ သူမ၏ အိမ်ထောင်ဖက်တွင်လည်း မွေးချင်းမောင်နှမသားချင်းများစွာရှိ၏။ နှစ်ဦးနှစ်ဖက် အိုကြီးအိုမ မိဘများလည်း ရှိကြသည်။ သူမသည် မိသားစုအတွင်း သမီးကြီးဖြစ်၏။ အိမ်တွင်းရေးတာဝန်များအားလုံးကို ဦးဆောင်ဦးရွက်ပြုရသူဖြစ်သည်။

ငယ်စဉ်ကာလကတည်းက ခြိုးခြံခဲ့ရသော ဘဝ၊ ငဲ့ညှာထောက်ထားခဲ့ရသော ဘဝဖြင့် အရွယ်ရောက်လာခဲ့သူဖြစ်သည်။ အိမ်ထောင်ပြုလိုက်လျှင် မိမိ၏ ထမ်းဆောင်ရမည့်တာဝန်များကို အိမ်ထောင်ဖက်အား ပခုံးပြောင်းပေးနိုင်လိမ့်မည်ဟု ထင်၏။ ထို့ကြောင့် သူမ အိမ်ထောင်ပြုခဲ့၏။ မှန်းချက်နှင့်နှမ်းထွက်မကိုက်ပဲ လင်သားတာဝန်ပါ ပိုး၍ ပိလာခဲ့သည်။ ထို့ကြောင့် သူမသည် ဘဝကို ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ပြီးတစ်ဦးတည်းရုန်းခဲ့သည်။ ယခင်က ပုံစံအတိုင်း မိသားစုတာဝန်များကိုလည်း မညည်းမညူ





ထမ်းဆောင် ခဲ့သည်။

ကာလကြာတော့ အိမ်ထောင်ဖက်က သည်းမခံနိုင်ဖြစ်လာ၏။ သူမဘဝအမှန်ကို မယူမီကတည်းက ပြောထားပြီးသား ဖြစ်၍ လင်သားအပေါ် ကျေနပ်အောင် မလိုက်လျောနိုင်ခဲ့။ သူမကို သာ တတ်နိုင်သရွေ့ အကူအညီပေးရန် တောင်းခံခဲ့သည်။ သူမ၏ အိမ်ထောင်ဖက်ကလည်း မကူညီပဲ ရန်ရှာနေခဲ့သည်။ သူသည် သူမ၏ မိသားစုအိမ်မှ မကြာခဏစိတ်ဆိုးပြီး ဆင်းသွားလေ့ရှိသည်။ ထိုအခါ သူမဖက်မှ မောင်နှမသားချင်းတို့က သူမ၏ အိမ်ထောင်ဖက်ကို အပြစ်မြင်လာကြ၏။ သူမ၏ အိမ်ထောင်ရေးတွင်လည်း ကြားဝင်စွက်ဖက်လာကြ၏။

သူမ၏ အိမ်ထောင်ဖက်ကလည်း သူမ၏ မိသားစုများထံတွင် မနေလိုတော့ပဲ သူမကို အနုနည်းဖြင့် စည်းရုံးခဲ့၏။ သူမ၏ လင်ယောကျ်ားဘက်မှ မိသားစုများအတွင်း၌ တာဝန်ယူစရာဟူ၍ ကြီးကြီးမားမားမရှိခဲ့။ အားလုံးမှာ အိမ်ထောင်သည်များဖြစ်ကြ၍ သူ့ဘဝနှင့်သူ ရပ်တည်နေနိုင်သူများ ဖြစ်ကြ၏။ သူမ၏ မိသားစုကဲ့သို့ ဥမမယ် စာမမြောက် အရွယ်မရောက်သေးသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိခဲ့။ မိအိုဖအိုကြီးနှစ်ဦးသာ ရှိခဲ့သည်။ ထိုအချက်ကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြ၍ သူမ၏ ယောကျ်ားက သူမကို သူ့မိဘများအိမ်သို့ လိုက်နေရန် စည်းရုံးသွေးဆောင်ခဲ့သည်။ အဝေးမှနေ၍ သူမ၏ မိသားစုများကို ကူညီထောက်ပံ့ရန် ခွင့်ပြုခဲ့သည်။ သူကိုယ်တိုင်လည်း ကူညီမည်ဟု ကတိပြုခဲ့သည်။ သူမစဉ်းစား၏။ ဆုံးဖြတ်၏။ ကောင်းမည်ထင်၍ သူမခေါင်းညိတ်လိုက်သည်။ သူမ ယောက္ခမအိမ်သို့ လိုက်နေခဲ့သည်။

ယောက္ခမအိုကြီး အိုမနှစ်ဦး၏ တာဝန်ဝတ္တရားများက သူမ မိသားစုများ၏ တာဝန်ဝတ္တရားလောက် များပြားခဲ့သည်။ ယောက္ခမ အထီးက အထီးပီပီ ဇိဇာကြောင်လွန်း၏။ အရိုးများသည် ချေးခါးသည်နှင့် ဘာဆိုဘာမှ စိတ်တိုင်းကျလှသူမဟုတ်ခဲ့။ ယောက္ခမ အမကြီးကလည်း အမပီပီ ဇိဇာကြောင်၏။ လူကြီးစိတ်ကလည်း မရှိ၊ မာနကလည်း တစ်ခွဲသားမကကြီး၏။ ဟိတ်တွေ ဟန်တွေလည်း များ၏။ ဘာမဆို သေးသေးတင်မခံချင်၊ ဒေါသထွက်လွယ် ပေါက်ကွဲလွယ်၍ ဆွေ့ဆွေ့ခုန် ရန်တွေ့ဆဲဆိုတတ်သူဖြစ်သည်။ ထိုမိအိုဖအိုကြီးတို့အကြားတွင် သူမ မပျော်နိုင်၊ ပြဿနာအခက်အခဲများစွာနှင့် သူမ ရင်ဆိုင်ခဲ့ရသည်။ စိတ်ပင်ပန်းခြင်းများလာလျှင် သူမ ထွက်ပေါက်ရာလျက် အိမ်မှဆင်းခဲ့သည်။ ထိုအခါများတွင် လင်ဖြစ်သူက လာခေါ်





ပြန်သွားလိုက်၊ သည်းမခံနိုင်၍ အိမ်မှဆင်းလိုက်ဖြင့် သံသရာလည်နေသော သူမ၏ ဘဝမှာ လူမြင်မကောင်းလောက်အောင် တည်ငြိမ်ခြင်းကင်းခဲ့သည်။

နှစ်ဦးနှစ်ဖက်သော မိသားစုများက သူမနှင့် သူမ၏ လင်ယောကျ်ားကို့အကြားတွင် တစတစ တိုးဝင်လာခဲ့ကြသည်။ ဝင်ရောက်စွက်ဖက်မှုများ ဝေဖန်မှုများ ဝင်ရောက်ရန်ပွဲဖွဲခြင်းများ။ တုတ်ဆွဲဓားဆွဲအထိ ဖြစ်လာခဲ့သည်။ သူမတို့ အိမ်ထောင်ရေးသည်လည်း တုတ်တပြက် ဓားတပြက် ဖြစ်လာခဲ့သည်။ ပြဿနာများက တစ်နေ့တစ်ခြား ကြီးထွား၍သာ နေခဲ့သည်။ ဘယ်သူမှန်သည် ဘယ်သူမှားသည် သူမ မသိနိုင်တော့ ဆုံးဖြတ်ရခက်ခဲသော ဘေးနံ ကျပ်ခြင်းများစွာဖြင့် သူမ၏ အိမ်ထောင်ရေးအပေါ်တွင် စိတ်ဓာတ် အကျကြီး ကျခဲ့သည်။

ထိုသူမသည် တောင်ဥက္ကလာပ လမ်းမကြီးပေါ်ရှိ ကျိုက်ဒေးယျ(ရန်ကုန်အာနန္ဒာ) စေတီတော်ရှိ ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းရှိရာသို့ ရောက်ရှိလာခဲ့သည်။ အနာဂတ်ကာလတွင် သူမ၏ ကံကြမ္မာကို သူမ မည်သို့မျှ ဆုံးဖြတ်၍ မရနိုင်တော့သဖြင့် လက္ခဏာကြည့်ရန် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ လက္ခဏာကို ကျွန်မ အသေးစိတ်ဟောပြောခဲ့၏။ ဂြိုဟ်ခုံများ၏ အနေအထား အကောင်းအဆိုးတို့ ခွဲခြားပြခဲ့၏။ အာယုလမ်းကြောင်းကြီးနှင့် ဒုတိယအာယုလမ်းကြောင်းများကြောင့် ဘဝတွင် အသက်ရှည်ခြင်း၊ သစ္စာတရားကြီးမားခြင်း၊ အိန္ဒြေသိက္ခာနှင့် လူ့စည်းကမ်းတို့ကို ထိန်းသိမ်းနိုင်ခြင်းတို့အကြောင်း စီကာပတ်ကုံး ဟောပြောခဲ့သည်။ သူမသည် တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေခဲ့သည်။

သူမ၏ အိမ်ထောင်ရေးလမ်းကြောင်းကို ဟောရန် အလှည့်ကျလာခဲ့သည်။ သူမ၏ လက်ဝါးစောင်းကို အနီးကြည့်မှန်ဘီလူးဖြင့် လေ့လာကြည့်ရှုလိုက်သောအခါ သူမ၏ အိမ်ထောင်ရေးလမ်းကြောင်းမှာ အပြတ်အတောက်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်နေသည်ကို မြင်လိုက်ရသည်။ သူမ၏ မျက်နှာကို ဝမ်းနည်းကြေကွဲစွာ စိုက်ကြည့်ပြီးမှ ကျွန်မ ဤသို့ ဟောပြောခဲ့သည်။

"မင်းရဲ့ အိမ်ထောင်ရေးလမ်းကြောင်းဟာ အပြတ်အပြတ်လေးတွေဆက်ထားသလိုဖြစ်နေတယ်။ ဒါကြောင့် မင်းရဲ့ အိမ်ထောင်ရေးဟာ မျက်လှည့်ပြနေသလိုပဲ မကြာခဏ ကွဲကွာလိုက်၊ ပြန်ပေါင်းလိုက်နဲ့ မှန်လုံးစက္ကူကပ်ဖြစ်နေလိမ့်မယ်။"

သူမ ကျွန်မ၏ မျက်နှာကို အံ့သြတွေဝေဟန်ဖြင့် မော့၍





ကြည့်လာခဲ့သည်။ ပြီးမှ စကားသံတို့ ထွက်လာခဲ့သည်။

"မှန်ပါတယ်ဆရာမ၊ ရှေ့ရေးကိုလည်း သိချင်ပါတယ်။

"အင်း. မင့်မကွက်ဟောရမယ်ဆိုရင် မင်းဟာ သာယာတဲ့ အိမ်ထောင်ရေး အဆင်ပြေချောမွေ့တဲ့ အိမ်ထောင်ရေးကို ဖန်တီးနိုင်ခွင့်ရဖို့ အင်မတန်မှ အခွင့်အလမ်းနည်းပါတယ်။"

"ဟုတ်ကဲ့ .ဆက်ရှင်းပြပါဦး ဆရာမ"

"မင်းရဲ့ အိမ်ထောင်ရေးလမ်းကြောင်း အရတော့ ပြည်ပန်းညို ချိုချင်ပါလျက် ဆားကပြက်၊ တူနှစ်ကိုယ် ကြင်နာပါလျက် ကြားကဖျက် ဆိုတဲ့ စကားအတိုင်း အတွင်းမီးတစ်ခုခု တောက်လောင်လို့ဖြစ်စေ၊ အပြင်မီးတစ်ခုခု ကူးစက်လောင်ကျွမ်းလို့ဖြစ်စေ၊ အပူကြီးစွာနဲ့ ရှင်ကွဲကွဲရကိန်းကြုံမယ်"

သူမမျက်နှာ လွန်စွာညှိုးငယ်သွားသည်။ ကျွန်မ၏ မျက်နှာကိုလည်း အားကိုးတကြီး မော့ကြည့်ခဲ့သည်။ ပြီးမှ သက်ပြင်းလေးလေးကြီးချလိုက်ပြီး စိတ်ကိုငြိမ်အောင် ထိန်း၍ စကားပြောခဲ့သည်။

"ဟုတ်ပါတယ် ဆရာမ၊ ကျွန်မနဲ့ အိမ်ထောင်ဖက်ရဲ့ကြားမှာ လွန်စွာကြီးမားတဲ့ အပူမီးက မကြာခဏ ထတောက်နေပါတယ်။ အတွင်းမီးပါ ဆရာမ၊ ဒီမီးက တစ်သက်လုံး ငြိမ်းမယ့်မီးမဟုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူတူတော့ စောစောကတည်းက သူနဲ့ကျွန်မ လမ်းခွဲလိုက်ကြတာ ကောင်းပါလိမ့်မယ်နော်။''

သူမ စကားအဆုံးတွင် ပြန်ရန် ပြင်လိုက်သည်။ ကျွန်မသည်လည်း မိန်းမသားတစ်ယောက်၏ ဘဝအခက်အခဲများကို ကိုယ်ချင်းစာနာစိတ်ကြီးစွာဖြင့် မှုဝေခံစားနေခဲ့မိရင်း သူမကို ငေးကြည့်နေခဲ့မိသည်။





# ချစ်တော်ကြပါစေ

ယနေ့ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ထုံးစံအတိုင်း ဒေါ်ခင်မမတစ်ယောက် ကျွန်မ၏ အိမ်သို့ စောစီးစွာ ရောက်ရှိနေခဲ့လေသည်။ နှုတ်မှလည်း ရောက်တတ်ရာရာ စကားများပြောနေခဲ့သည်။ လက်မှလည်း စားသောက်ဖွယ်ရာတို့ကို ပြင်ဆင်မွှမ်းမံနေလေသည်။ ယနေ့ ရွှေတောင်ခေါက်ဆွဲသုပ်လာတယ်ဟု ဆိုပြီး ကျွန်မနှင့်သူ အတူတကွ စားနိုင်ရန် စီမံနေလေသည်။ လူရောစိတ်ပါ တစ်ထပ်တည်းကျနေသော ပြုမှုလုပ်ရှားမှုများက သူမ၏ ပကတိ ဟန်ပန်အမူအရာ ဖြစ်သည်။

ကျွန်မလည်း သူမ၏ အကွက်စေ့စေ့ လုပ်တတ်ကိုင်တတ်ပုံ၊ စေ့စေ့စပ်စပ် သေသေချာချာ တွေးဆတတ် ဆင်ခြင်တတ်ပုံတို့ကို စဉ်းစားရင်း ငေးကြည့်နေခဲ့မိသည်။

''အင်း ဒေါ်ခင်မမက စားစရာသောက်စရာတွေ စီမံရင်လည်း အစပ်အဟပ်တည့်တယ်။ အရသာပိုင်းကို ခံယူရင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ခံတွင်းမြိန်စေတယ်။ စားရေးသောက်ရေးတွေမှာ လူတွေ ခံတွင်းတွေ့အောင် စားချင်သပ္ပယ်ဖြစ်အောင် စီမံတတ်တာကလည်း နဂိုမူလ ဓာတ်ခံမေတ္တာဓာတ်က အရင်းခံပဲထင်တယ်နော် ဒေါ်ခင်မမ ..."

"မှန်တာပေါ့ ဆရာမရယ် ..၊ အတွင်းက မေတ္တာဓာတ် အခံဓာတ်ပါပဲ။ နောက်တစ်ချက် လူတွေ သတိထားမိတတ်ကြတာက အဲဒီ အတွင်းခံဓာတ်ကို စားစရာတွေဆီရောက်အောင် ဘယ်သူက ပို့နေတာလဲဆိုတာကိုပဲ ..."

"ဟင် ..၊ ဒေါ်ခင်မမစကားကတော့ ပြောလိုက်ရင် စိတ်ဝင်စားစရာကြီးတွေချည်းပါပဲလား။ ပြောစမ်းပါဦးရှင် ..၊ ကျွန်မလည်း ဒေါ်ခင်မမပြောတဲ့လူတွေထဲက တစ်ယောက်ပါပဲ၊ အတွင်းက မေတ္တာဓာတ်ကို စားစရာဆီရောက်အောင် ဘယ်လိုများ ပို့ရတာလဲ။ ဘယ်သူကများ ပို့ပေးတာလဲရှင် ..."

"ဟင်း ..ဟင်း ..ဆရာမကလည်း မသိချင်ဟန်ဆောင်နေပြန်ပါပြီ။ မြင်နေတွေ့နေကျကိုများ ..."

"ဘယ်လိုများလဲ ဒေါ်ခင်မမရယ်၊ ဘာကိုမြင်ရတွေ့ရမှာလဲရှင် ..၊ ကျွန်မ မသိတာအမှန်ပါ ..."

"ဒါဆိုရင်တော့ ကျွန်မဘက် တွေးထားခံယူထားတာတွေ





ကို ကျွန်မနားလည်သလို ရှင်းပြမယ်နော်။ ဆရာမဘက်က အယူအဆက လက်ခံနိုင်သလား။ လက်ခံသင့်သလား၊ ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားဆိုတာတော့ စဉ်းစားသာကြည့်ပေတော့ပေါ့။"

"ဟိုး ရှေးရှေးတုန်းကတည်းက လူကြီးတွေရဲ့ စကားတစ်ခွန်းရှိတယ်လေ။ ဘာတဲ့ ..လက်ရေတစ်ပြင်တည်းဆိုတာလေ၊ ဆရာမ ကြားဖူးနားဝ ရှိပြီးသားမဟုတ်လား ..."

"ဟာ ဟုတ်တာပေါ့၊ ဒီစကားက လူတွေရဲ့ စည်းလုံးညီညွတ်မှုအင်အားကို ဖြစ်စေတဲ့စကားပဲ ကြားဖူးပါတယ်ရှင်"

"လင်ပန်းကြီးတစ်ချပ်မှာ စားစရာသောက်စရာတွေထည့်ပြီး ဟင်းရည်တွေဆမ်း။ ပြီး တစ်အိမ်လုံးမှာရှိကြတဲ့လူတွေ ဝိုင်းဖွဲ့စားသောက်ကြရတာလေ။ တစ်ယောက်ရဲ့လက်က ကျတဲ့အရည်က နောက်တစ်ယောက်စားမယ့် ထမင်းလုတ်ထဲကို စီးဝင်နေနိုင်တာပဲ မဟုတ်လား"

"အင်း ဟုတ်တယ်နော်၊ သူ့လက်က ကျတဲ့အရည်က သူ့များ ထမင်းလုတ်ထဲရောက်၊ မြိန်ရည်ယှက်ရည် စားသောက်တတ်ကြတယ်လေ။ ဟုတ်ပါတယ် ..၊ ဒီအလေ့အထက သိပ္ပံပညာ ထွန်းကားလာတဲ့ ခေတ်ကိုရောက်တဲ့အခါကျတော့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မှာရှိတဲ့ ရောဂါ နောက်တစ်ယောက်ကို ကူးလို့မယ်ဆိုပြီး သူ့ပန်းကန် ကိုယ့်ပန်းကန် ခွဲခြားစားသောက်ရင်းနဲ့ စနစ်ပျက်သွားခဲ့တာလေ။

ဒါပေမယ့် တချို့ ဒေသတွေမှာတော့ ဒီဓလေ့က ရှိနေသေးပါတယ်ရှင်၊ အဲဒါနဲ့ ပတ်သက်ပြီး ဒေါ်ခင်မမက ဘယ်လိုများ တွေးထားမြင်ထားတာရှိနေလို့လဲ။ တည့်တည့်သာ ပြောပြစမ်းပါ။ ကျွန်မ ရှင်းရှင်းသိချင်လို့ပါ -''

''ဟုတ်ကဲ့ပါ ဆရာမ။ လူတွေရဲ့ ရင်ထဲက မေတ္တာဓာတ်တွေဟာ အဲဒီလက်ကနေ တစ်ဆင့် နောက်တစ်ယောက်ရဲ့ ရင်ထဲကိုရောက်မယ့် မေတ္တာဓာတ်တွေကို စားစရာသောက်စရာတွေကနေ ပို့ပေးကြရတာလေ။ လက်က အလွန်အရေးပါပါတယ် ဆရာမရယ်။ ဒါကြောင့် စားစရာသောက်စရာ ဘာပဲလုပ်လုပ် လက်ကိုသန့်ရှင်းစင်ကြယ်အောင် ဆေးကြောပြီးမှ စားရမယ့် သောက်ရမယ့် အစာအဟာရတွေကို စိတ်လိုလက်ရ နယ်ဖတ်ပြီး ကိုယ့်ရင်ထဲကလည်း အရသာတွေ့အောင် မြည်းစမ်းရတယ်။ ကိုယ့်အကြိုက်ချည်းပဲ မတွေးပဲ ဒါက အငန်များတယ်။ ဒါကတော့ အစပ်ဖက်များတယ်၊ သင့်တင့်လျောက်ပတ်အောင် ပြုပြင်မွမ်းမံပြီးမှ မျှတတဲ့ စိတ်နဲ့ ကျွေးမွေးခဲ့ရင် သူလည်း စားလို့အရသာတွေ့၊ ကိုယ်လည်းခံတွင်းတွေ့ပြီး ကိုယ့်ရဲ့





လက်ရာလေးတွေကို မမေ့နိုင်အောင် စွဲလမ်းတမ်းတနေတတ်ကြတာ သဘာဝပါပဲရှင် -''

''အင်း တော်တော်နီးစပ်တာပဲ။ ဟုတ်တယ်၊ သူ စားကောင်းပါစေဆိုတဲ့ မေတ္တာဓာတ်ကို စားစေချင်တဲ့ ပစ္စည်းမှာ ရောက်အောင် လက်ကနေ ပို့ရတယ်ဆိုတာ ဖြစ်နိုင်တာပဲပေါ့ ဒေါ်ခင်မမရဲ့ -''

''အင်း ဆရာမ လက်ခံလိုက်ပြီနော်၊ ဒါဆိုရင် နောက်တစ်ခု ကျွန်မနားလည်ထားတာကို ပြောပြဦးမယ်။ ဟင်းချက်ရင် တောဓလေ့ လူတွေက လုံးချက်ထားတာလို့ ပြောလေ့ပြောထရှိတာ ရော ဆရာမကြားဖူးလား''

''အင်း ဟုတ်တယ် ကြားဖူးပါတယ်ရှင်၊ ဒီဟင်းက ဆီသတ်ပြီး ချက်တာမဟုတ်ဘူး။ လုံးချက်ထားတာဆိုတဲ့ အပြောအဆိုတွေကို နောက်ဖေးမီးဖိုချောင် ဝင်ဖူးသူ အိမ်ရှင်မတိုင်း ကြားဖူးနားဝ ရှိနေခဲ့ကြတာပဲလေ -''

''အဲဒီစကားက စကားအမှန်မဟုတ်သေးဘူးရှင့်။ အမှန်က လွှမ်းအောင်ချက်ထားတာလို့ ပြောချင်တာ၊ အဲဒါကိုရော ဆရာမ လက်ခံမှာလား -''



www.burmeseclassic.com

www.burmeseclassic.com



''ဒေါ်ခင်မမကာပဲ လက်ခံအောင် ပြောပြပေတော့ပေါ့ လက်ခံသင့်ရင် ကျွန်မဘက်က လက်ခံလိုက်ရုံပါပဲ -''

''လွှမ်းအောင်ချက်တာ ဆရာမရဲ့ အသားတွေ ငါးတွေ ဟင်းသီးဟင်းရွက်တွေကို ဆားတွေ၊ နနွင်းတွေ၊ ငံပြာရည်တွေ၊ ဟင်းချိုမှုန့်တွေထည့်ပြီး လက်နဲ့ ပယ်ပယ်နယ်နယ် နှမ်းဖတ်နေအောင် ပျော့ပျောင်းသွားအောင် နယ်ရတာလေ။ ကြက်သွန်ဖြူ ကြက်သွန်နီ ထောင်းထားတာတို့ ချင်းတတ်ထောင်းထားတာတို့ ငရုတ်သီးထောင်းထားတာတို့ကိုပါ ထပ်ထည့်ပြီး နှမ်းဖတ်နေအောင် နယ်ကြရတာလေ။ ဒီအခါမှာ အသားတွေ ငါးတွေ ဟင်းသီးဟင်းရွက်တွေ ဟင်းစပ်တွေထဲကို ရင်ထဲက မေတ္တာ စေတနာဓာတ်တွေ၊ သူ စားကောင်းပါစေဆိုတဲ့ အတွင်းက အရသာဓာတ်တွေကို လက်ကနေတစ်ဆင့် အသားတွေ ငါးတွေ ဟင်းသီးဟင်းရွက်တွေ ကြက်သွန်တွေထဲကို ရောက်အောင် ပို့ပေးနေတာလေ။ စားမယ့်သူကို လွမ်းတဲ့စိတ်၊ တမ်းတတဲ့စိတ်၊ ချစ်ချင်းမေတ္တာဓာတ်တွေက ရင်ထဲကနေတစ်ဆင့် အဲဒီစားစရာသောက်စရာတွေဆီကို စိမ့်ဝင်ရောက်ရှိနေခဲ့တာပဲပေါ့။ လွှမ်းအောင် နယ်ဖတ်ပြီးမှ ဆီလေးနည်းနည်းထည့်၊ လက်ဆေးရည်လေး နည်းနည်းထည့်ပြီး အိုးဖုံးကိုပိတ်ပြီး မီးပေါ်မှာ နှပ်ထားလိုက်တဲ့အခါ အဲဒီ





စားသောက်စရာတွေရဲ့ အရသာဟာ သူတစ်ပါးချက်ထားတဲ့ ဖွန်းတွေ ယောက်မတွေနဲ့နယ်ထားတဲ့ စားသောက်စရာတွေထက်ပိုပြီး အရသာတွေ့ စွဲမက်နှစ်သက်စေတာအမှန်ပါပဲရှင်၊ ဒါက ကျွန်မ ဘဝတစ်လျှောက်လုံး ကိုယ်တွေ့ပါပဲရှင်၊ ကျွန်မ ချက်ပြုတ်ရင် စားတဲ့လူတွေက မမေးရဘဲ စားကောင်းလိုက်တာဟယ်၊ ဟင်းချက်ကောင်းလိုက်တာလို့ အလိုလို ပြောယူကြရတာပဲ သိလား -''

''အင်း ဟုတ်မှာပါ၊ ဒေါ်ခင်မမက စေတနာကောင်းတော့ ရှင့်ရင်ထဲက ကောင်းကောင်းစားစေချင်တဲ့ မေတ္တာဓာတ်တွေဟာ အစားတွေထဲရောက်ပြီး စားတဲ့သူရဲ့ခံတွင်းမှာ အရသာတွေ့သွားကြရတာပဲဖြစ်မှာပါ။ ကျွန်မတို့ ဗေဒင်ပညာလောက ဓာတ်ရိုက်ဓာတ်ဆင်မှာတောင် ကိုယ်ကကျွေးတဲ့အစားအစာကို မမေးဘဲနဲ့ ကောင်းလိုက်တာလို့ပြောရင် အဲဒီယတြာဟာ အရမ်းအစွမ်းထက်သွားတတ်တယ် ဒေါ်ခင်မမရဲ့ -၊

''ဟုတ်လား ဆရာမ၊ ဒါဆိုနောက်ကို ယတြာလုပ်စရာရှိရင် ကျွန်မကိုယ်တိုင် လုပ်ပေးပါ့မယ်ရှင်၊ စားတဲ့လူက ကောင်းလိုက်တာဆိုတဲ့ စကားကို ဆရာမ ကြားကိုကြားရပါစေ့မယ်ဆိုတာ ကျွန်မ ကျိန်ပြောရဲပါတယ် -''



www.burmeseclassic.com

www.burmeseclassic.com



''အင်း ဒီတစ်ခါ ဒေါ်ခင်မမဆီက ရတဲ့ပဟုသုတက ကျွန်မအတွက် အသစ်အဆန်းဖြစ်သွားပြီ။ နောက်ဆို ကျွန်မ ဘာပဲလုပ်လုပ် လှမ်းအောင်ပဲလုပ်တော့မယ်။ အပေါ်ယံကြော နယ်တာမတ်တာတွေမဟုတ်ပဲ ရင်ထဲက သူတားကောင်းပါစေဆိုတဲ့ စေတနာမေတ္တာဓာတ်တွေကို လက်ကနေတစ်ဆင့် စားစရာတွေထဲကို ပို့တော့မယ်။ ကျွန်မ နေရင်းထိုင်ရင်းတောင် စေတနာတွေ ထက်သန်နေခဲ့ပြီ ဒေါ်ခင်မမရဲ့ ...''

''ဒါကတော့ ဆရာမရယ်၊ နဂို ဓာတ်ခံစေတနာကောင်းတဲ့ လူဟာ နောက်ထပ်စေတနာကောင်းတဲ့သူနဲ့ တွေ့ရတဲ့အခါ မူလစေတနာဓာတ်မှာ နောက်ထပ် စေတနာဓာတ်တွေ ထပ်ဝင်ပြီး စေတနာရှင်အစစ်ဖြစ်သွားရတာပါပဲ''

''ဟုတ်မှာပါပဲရှင့်၊ ကျွန်မတို့ ဗေဒင်လောကမှာလည်း ဆရာတွေဟာ လက်နဲ့လုပ်ရတဲ့ ဓာတ်တစ်မျိုးရှိနေသေးတယ်၊ ဥပမာ ကိုယ့်အပေါ် မကောင်းကြံတတ်တဲ့သူဟာ ကိုယ်မစားချင် မသောက်ချင်ပါပဲလျက် အတင်းအကြပ်စားစေသောက်စေချင်တဲ့ ပုံစံနဲ့ စားစရာသောက်စရာ ကျွေးလာရင် ကိုယ်က လူကြီးလူကောင်းပုံစံနဲ့ လူအများရှေ့မှာ စားရသောက်ရတော့မယ်ဆိုရင် သူ့ဘက်က မကောင်းဓာတ်





ပြယ်အောင် လက်နဲ့လုပ်ယူရတဲ့ ပညာရပ်တစ်မျိုးလည်း ရှိသေးတယ်ရှင့်၊ အဲဒါ ဒေါ်ခင်မမကြားဖူးလား ...''

''ကျွန်မတော့ ဘယ်သေသေချာချာ သိနိုင်ပါ့မလဲ ဆရာမရယ်၊ ဆရာမပဲ ပြောပြပါရှင် ...''

''အဲဒီ စားစရာ သောက်စရာ ပန်းကန်ထဲကို လက်ချောင်းထိပ်လေးထည့်ပြီး မွှေပစ်လိုက်ရတယ်။ ပန်းကန်ကိုလည်း လက်ဝဲရစ် မသိမသာ လှည့်ပစ်လိုက်ရတယ်။ ဒါဆိုရင် သူစပ်ထားတဲ့ ဆေးပြယ်သွားစေလိုတဲ့ သဘောပေါ့လေ။ အန္တရာယ်ကင်းအောင် လုပ်ယူရတာလည်း၊ လက်ပဲဆိုတာ ဒေါ်ခင်မမပြောလိုက်တာနဲ့ တစ်လက်စတည်း ကျွန်မသိလိုက်ရတာပါပဲရှင်''

''ဒါလည်း ကျွန်မအတွက် ပညာရပ်တစ်မျိုးတိုးတာပါပဲ၊ ဒီနေ့တော့ ဆရာမကို ကျွန်မဘဝဇာတ်ကြောင်းပြောပြဖို့ အချိန်မရတော့ဘူး။ သွားစရာလေးတွေ ရှိနေသေးလို့ ကျွန်မပြန်ရဦးမယ် ဆရာမရေ ...''

''ကောင်းပါပြီရှင့်၊ ဒီတစ်ပတ်က ရှင်နဲ့ကျွန်မရဲ့ အတွေ့အကြုံဆွေးနွေးပွဲလေးပဲ ထားလိုက်ပါတော့ ...''

ဒေါ်ခင်မမတစ်ယောက် ကျွန်မအား ကျွေးစရာရှိသည်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွေးမွေးပြီး ဆေးကြောစရာရှိသည်များကို ဆေးကြောကာ ပေါ့ပါးသော၊ ရှင်လန်းသော၊ လွတ်မြောက်သော ပျော်ရွှင်မှုဟန်ပန်များဖြင့် ကျွန်မ၏ အိမ်မှ ပြန်သွားခဲ့လေတော့သတည်း။

လက်ဖြင့် ရိုက်နက်ပုတ်ခတ်တတ်သူများ၏ ရင်တွင်းမှ ဒေါသတရားတို့က သူတစ်ပါးကို ထိခိုက်နာကျင်စေသကဲ့သို့ ရင်တွင်းမှ မေတ္တာစာတ်တို့အားလည်း လက်မှတစ်ဆင့် သူတစ်ပါး၏ ရင်တွင်းသို့ တိုးဝင်သွတ်သွင်းနိုင်ကြပါစေကုန်သတည်း ။





# ကြားဖလသွေး၏ မမေးဖေချင်

ညီအစ်ကိုနှစ်ယောက်တည်း တစ်ကမ္ဘာလုံးတွင် သူတို့လောက်ချစ်တတ်သူတွေ မရှိဟုဆိုရလောက်အောင် တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်မှ အပျောက်မခံ၊ ချစ်ကြလွန်းသူများဖြစ်၏။ အစ်ကိုကြီးက (၂၁)နှစ်၊ ညီလေးက (၁၆)နှစ်။ အစ်ကိုကြီးက ကျောင်းပြီး၍ အလုပ်ရှာဖွေတုန်း ညီလေးက အခြေခံပညာအထက်တန်းစာမေးပွဲဖြေရန် အရေးကြီးနေသော ကာလတစ်ခုဖြစ်၏။

''ဟော့ ညီလေး၊ မင်းက ပိုအရေးကြီးတယ်၊ အိမ်ကိစ္စတွေအားလုံး အစ်ကိုကြီးလုပ်လိုက်မယ်၊ မင်းစာမင်းကျက်၊ မင်း အမှတ်ကောင်းကောင်းနဲ့ လိုင်းကောင်းကောင်းရ အောင်လုပ်၊ မင်းက ဉာဏ်ကောင်းတယ်၊ ငါတို့ညီအစ်ကိုတွေ လူတော်တွေဆိုတာ အားလုံးသိအောင်လုပ်ရမယ်ကွ ညီလေးရ ။''

''ဟုတ် ၊အစ်ကိုကြီး၊ မေးခွန်းတွေ လွယ်ပါစေလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပေးပါ၊ လွယ်တာမှန်သမျှ ညီလေး အကုန်ရတယ်၊ ခက်ရင် အကြာကြီးစဉ်းစားရမယ်၊ အကြာကြီးစဉ်းစားရရင် အားလုံး မေ့ကုန်ရော ့၊ ညီလေးက မစဉ်းစားဘဲ မြန်မြန်ဆုံးဖြတ်ရင် အားလုံးမှတ်မိတယ် ့၊ စဉ်းစားလေ ဘာမှမသိတော့လေပဲ အစ်ကိုကြီးရ ့၊ အစ်ကိုကြီးက ညီလေးကိုများ ဉာဏ်ကောင်း တယ်တဲ့ ့၊ ရုတ်တရက် ဉာဏ်ကတော့ကောင်းတယ်၊ စဉ်းစားဉာဏ်ကတော့ ဘာကြီးမှန်းကိုမသိတာ အစ်ကိုကြီးရ ."

"အေးပါကွာ ့၊ မင်းဖြစ်ချင်သလိုပဲ မေးခွန်းတွေ လွယ်ပါစေလို့ ဆုတောင်းပေးပါ့မယ်၊ ချက်ချင်းဖတ် ချက်ချင်း ခေါင်းစဉ် ရေးချထား ့၊ ပြီးမှ အေးအေးဆေးဆေး ဖြေပေါ့၊ ဒါဆိုရင် မင်းဉာဏ်ကို ဘယ်သူမှ လိုက်လို့မမီတော့ဘူးပေါ့ ညီလေးရ ."

"ဟုတ်တယ်နော် အစ်ကိုကြီး၊ ဒါပဲကောင်းတယ်၊ အစ်ကိုကြီးက အဲဒီလို အကြံပေးတာတွေက သိပ်ကောင်းတာပဲ၊ အစ်ကိုကြီး အလုပ်ရတဲ့နေ့လည်း ပြောဦး။ ညီလေး ဝမ်းသာအားရ မုန့်တွေလိုက်စားမယ်နော် ."

"အေးပါကွာ အေးပါ၊ အစ်ကိုကြီး အတွက်လည်း မင်းက





ဆုတောင်းပေးဦး ့၊ အလုပ်မြန်မြန်ရပါစေလို့လေ ."

"အင်း ဆုတောင်းနေပါတယ် အစ်ကိုကြီးရဲ့ ခုတောင် ရစေချင်နေပြီ ့၊ ဒါမှ မုန့်မြန်မြန်စားရမှာ ."

သူတို့ညီအစ်ကိုနှစ်ယောက်ကြားသို့ မဝတ်မှုံဟူသော မိန်းကလေးတစ်ဦးက ဝင်ရောက်လာခဲ့လေ၏။ အိမ်နီးနားချင်း မိန်းကလေးဖြစ်၏။ ယခင်က ဘာသိဘာသာနေခဲ့ကြသူများဖြစ်၏။ ယခုတော့ အစ်ကိုကြီး၏ ဆက်ဆံမှုဖြင့် ညီအစ်ကိုနှစ်ယောက် ကြား မဝတ်မှုံ ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

"ညီလေးရေ့၊ မင်းကို ဆယ်တန်းဖြေဖို့ စာကူကျက် ပေးမယ့် မဝတ်မှုံရောက်လာပြီ၊ မင်း အဖော်နဲ့စာကျက်ရမှာဆိုတော့ မေ့မှာမဟုတ်တော့ဘူး၊ မဝတ်မှုံကလည်း မင်းကို မမေ့အောင် အမှတ်တရလေးတွေနဲ့ စာကျက်ပေးမယ်ပြောတယ် ့၊ မင်း ကံကောင်းပြီပေါ့ကွာ ."

"ဟုတ်ကဲ့ အစ်ကိုကြီး၊ မဝတ်မှုံက ဆရာမလား ."

"ဟုတ်ပါတယ် မောင်လေးရယ် ့၊ မဝတ်မှုံက ဆရာမပါ ့၊ ဘွဲ့ရပြီး ဆယ်တန်းကလေးတွေကို စုစည်းပြီး ကျူရှင်သင်တန်းလေး ဖွင့်ထားပါတယ်၊ ဘာသာရပ်အားလုံး



www.burmeseclassic.com

www.burmeseclassic.com



မဝတ်မှုံကပဲ အချိန်ပိုင်းပြီး သင်ပေးပါတယ်၊ ပြီးခဲ့တဲ့နှစ်ကဆိုရင် မဝတ်မှုံသင်ပေးတဲ့ ကလေး ၁၂ ယောက်လုံး အားလုံးအောင်သွားကြတယ်၊ ဒီနှစ်တော့ ကျူရှင်သင်ဖို့ နေရာပေးမယ့်အိမ်မရှိလို့ ခဏရပ်ထားရတယ်၊ မနှစ်က အောင်သွားတဲ့ကလေးတွေကို သင်ရမယ့်အိမ်ကလည်း နယ်ကို ပြောင်းသွားပြီလေ ့၊ အဲဒါကြောင့် ဒီနှစ်အားနေတုန်း ဘာလုပ်ရမှန်းမသိဖြစ်နေတာ ့၊ မင်းမစ်ကိုကြီးနဲ့ စကားစပ်မိတာနဲ့ မင်းကို စာကူကျက်ပေးပါဆိုလို့ လိုက်လာခဲ့တာပါ ့''

''ဟုတ်လား မဝတ်မှုံ၊ ဒါဆိုရင် အဆင်ပြေတာပေါ့၊ ကျွန်တော် သူငယ်ချင်းတွေ လေးငါးခြောက်ယောက်လောက် စုပေးမယ်လေ၊ ကျွန်တော်တို့အိမ်က အပေါ်ထပ်တစ်ထပ်လုံး အားနေတာပဲ ့၊ မဝတ်မှုံ စာသင်လို့ ရတာပေါ့ ့''

''ဟယ် ကောင်းလိုက်တာ ့၊ ဒါဆိုရင် အဆင်ပြေတာပေါ့၊ မဝတ်မှုံဆီမှာလည်း စာသင်ချင်တဲ့ကလေး ငါးယောက်လောက် ရှိနေတယ်၊ လူ ၁၀ ယောက်လောက် စာသင်ဖြစ်တော့မှာပေါ့နော်''

''မဝတ်မှုံ ့လူ ၁၀ ယောက်ဆိုရင် သိပ်ပြီးဆူဆူညံညံများ ဖြစ်နေမလား ့၊ ကျွန်တော့်အဘွားကလည်း နေမကောင်းတော့ သိပ်ဆူဆူညံညံလုပ်လို့မရဘူးထင်တယ် ့''

''ကျွန်မ အဆင်ပြေအောင် ထိန်းထိန်းသိမ်းသိမ်း လုပ်ပါ့မယ်၊ စာသင်ခွင့်ရတော့မှာမို့ ကျွန်မဝမ်းလည်းသာတယ်၊ ကျေးဇူးလည်းတင်ပါတယ်ရှင် ့၊ အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊

ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်လိုက်ကြ၏။ ဖြစ်ပါ့မလားဟူသော အကြည့်မျိုးနှင့်ဖြစ်၏။ မဝတ်မှုံကတော့ မရိပ်မိပါ။ စာသင်ချင်နေသော ဆရာမ တပည့်ရှာမှုမှာ နေရာပါရသွားသဖြင့် အပျော်လွန်နေခြင်းဖြစ်မည်ထင်၏။ မဝတ်မှုံတို့က ဆင်းရဲ၏။ အိမ်ခန်းကျဉ်းကျဉ်းလေးနှင့် ဖြစ်၏။ မိသားစုများအလွန်များ၏။ ဒီနေရာအိပ်၊ ဒီနေရာစားဘဝမျိုးဖြစ်၍ စီးပွားရေးလုပ်ရန် အဆင်မပြေ။ ကလေးတွေကို စာလိုက်သင်ရမှ ဝင်ငွေလေးလည်းရပြီး စိတ်လက်လည်း ပျော်ရွှင်ရသောဘဝဖြစ်၍ အိမ်မှာ မဝတ်မှုံ အချိန်ပြည့်နေ၍ မရ။ စိတ်နောက်စရာ အလွန်များသော မိသားစုဘဝရပ်တည်မှုက နုံချာလှသူဖြစ်၏။

ညီလေးက အစ်ကိုဖြစ်သူကို သတိပေး၏။ မဝတ်မှုံက





www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းတာ မှန်ပေမယ့် အရောမဝင်ရန်ဖြစ်၏။ သူမတို့ မိသားစုက စရိုက်ကြမ်း၏။ အစ်ကိုကြီးနှင့် မဝတ်မှုံက သက်တူရွယ်တူ။ မဝတ်မှုံ ကံကောင်းသည်က မဝတ်မှုံက ပညာရေးထူးချွန်သူဖြစ်နေခြင်းဖြစ်၏။

အစ်ကိုကြီးကလည်း ညီလေးတစ်ယောက် အဆင်ပြေစေချင်လွန်း၍သာ မလွဲမရှောင်သာ မဝတ်မှုံထံမှ အကူအညီယူရခြင်းဖြစ်၏။ မဝတ်မှုံကတော့ စာသင်ခွင့်ရတော့မည်ဖြစ်၍ ဝမ်းသာပျော်ရွှင်နေခဲ့၏။ အစ်ကိုကြီး၏ စိတ်တွင်း၌လည်း ညီလေးကို မဝတ်မှုံနှင့် ရင်းရင်းနှီးနှီး မပတ်သက်စေလိုပေ။ စာသင်ရန် ဆရာမသက်သက်သာ သဘောထားစေချင်၏။ ညီလေးက စိတ်ကောင်းရှိ၏။ သူစားလျှင် ဘာစားစား မဝတ်မှုံကိုပါ ကျွေး၏။ မဝတ်မှုံကလည်း ညီလေးကို သိပ်ပြီးဦးစားပေးလွန်း၏။ အစ်ကိုကြီး၏စိတ်ထဲတွင် ညီလေးနှင့် မဝတ်မှုံ ရင်းနှီးမှုကို သည့်ထက်ပို၍မဖြစ်စေချင်ပေ။

မဝတ်မှုံက လှ၏။ ညိုချောဖြစ်၏။ မျက်လုံးမျက်ဖန်က စွဲဆောင်နိုင်မှုအင်အားကြီးမား၏။ သြဇာသံဖြင့် အသံလွင်လွင်လေးက စာသင်သားများကို ထိန်းချုပ်ထားနိုင်၏။ မဝတ်မှုံသင်သော သင်ခန်းစာများမှာ မှတ်ရလွယ်ကူအောင် စနစ်ဖယားဖြင့် သင်ကြား





ပြသခြင်း ဖြစ်၏။ သင်ပြီးသူတိုင်း မမေ့မလျော့ မှတ်မိနေ ကြ၏။

ညီလေးမှာ အစ်ကိုဖြစ်သူအား မဝတ်မှုံ စာသင်ကောင်းကြောင်း၊ စာတွေ ဖတ်ရမှတ်ရလွယ်ကူကြောင်း၊ မမေ့အောင် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ညီလေး ဒီနှစ် ကံကောင်းကြောင်း ဖွင့်ပြောလျှင် အစ်ကိုကြီးမှာ မျက်မှောင်ကုတ်လျက် စဉ်းစားခန်းဝင်လေတော့၏။

''အင်း . မင်း စာရတယ်ဆိုတာတော့ ငါ ဝမ်းသာပါတယ်၊ ဒါပေမဲ့ မင်းက စာထက် သင်ပေးတဲ့မဝတ်မှုံကို သိပ်ညွှန်းလွန်းနေတယ်၊ မင်း ကြပ်ကြပ်သတိထား .၊ စာထဲမှာ စိတ်ကိုနှစ်ထား၊ ဆရာမ မပါစေနဲ့ ကြားလား .''

''ဟာဗျာ . ကိုကြီးကလည်း သူ သင်ပေးလို့ ညီလေး မှတ်တတ်လာတာ .၊ အရင်က ညီလေးက မျက်စိစုံမှိတ်ပြီး ကျက်တာပဲရှိတယ်၊ ဒီလိုအချက်အလက်လေးတွေနဲ့ အရေးကြီး မှတ်သားတတ်တဲ့ အလေ့အကျင့်မှ မရှိခဲ့တာ .၊ အဲဒီ မဝတ်မှုံကြောင့် ညီလေး တတ်လာတာပဲ၊ အစ်ကိုကြီးကလည်း ဘာမှန်းလည်း မသိပါဘူး .''

သူတို့နှစ်ယောက်၏ကြားမှ မဝတ်မှုံကြောင့် ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး သဘောထားများ ကွဲလွဲလာခဲ့ခြင်းကို မိခင်ဖြစ်သူက မျက်ဝါးထင်ထင် မြင်လာခဲ့ပြီး ညီအစ်ကိုနှစ်ဦး ယခင်ကကဲ့သို့ တစ်ယောက်စကားတစ်ယောက် နားထောင်ပြီး မေတ္တာစိတ်မပျက်စေရန် ရည်ရွယ်၍ ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းရှိရာ ကျိုက်ဒေးယျ (ရန်ကုန်အာနန္ဒာ) စေတီတော် ရှိရာသို့ သူမ ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

''ဆရာမရေ့ ကျွန်မက ဒီ ကလေးနှစ်ယောက်ကိုပဲ ချစ်နေ၊ အားကိုး နေရတာ့၊ သူတို့လေးတွေကို ထာဝရစိတ်ဝမ်းမကွဲစေချင်ပါဘူး၊ အဲဒါ ကျွန်မ ဘယ်လို ယတြာလေးတွေ လုပ်ပေးရမလဲဆိုတာ သိချင်လို့ ဆရာမဆီကို လာခဲ့ရတာပါ့''

''သားကြီးက တနင်္ဂနွေသားဆိုတော့ သူ့ရဲ့အညွန့်ပန်းက တနလာန်ပေါ့၊ သားငယ်က ဗုဒ္ဓဟူးသားဆိုတော့ သူ့ရဲ့အညွန့်ပန်းက ကြာသပတေးနံပေါ့၊ ဒီတော့ အစ်မကြီးသားတွေ မေတ္တာမပျက်စေဖို့ ကံကော်ညွန့် ၆ ညွန့်နဲ့ မေမြို့ပန်း ၁၇ ပွင့်ကို ပန်းတစ်အိုးနဲ့ သက်သက်ထိုးပြီး ညီနဲ့အစ်ကို ကြား ဘယ်သူကမှ ကြားလေသွေးလို့ မဝေးနိုင်ကြစေကြောင်း ဆုမွန်ကောင်းတောင်းပြီး ဘုရားမှာ အမြဲမပြတ် လှူဒါန်းပေတော့ပေါ့''





''ဟုတ်ကဲ့ပါ ဆရာမ၊ ဘုရားစင်ပေါ်မှာ ထာဝရလှူဒါန်းဆုတောင်းပေးပါ့မယ်၊ ကျွန်မသားလေးတွေက လိမ္မာကြပါတယ်၊ မိန်းကလေးတစ်ယောက် ကြားဝင်တာနဲ့ သူတို့ တွေရဲ့စိတ်တွေ မငြိမ်းမချမ်း မဖြစ်စေချင်လို့ပါ ဆရာမရယ်''

''ကောင်းပါတယ်ရှင်၊ ရှင့်ဆန္ဒတွေ ပြည့်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



# လင်ကောင်းသားကောင်း

သူမသည် မကြာခဏ ကျွန်မထံသို့ ရောက်လာလေ့ရှိသည်။ လာတိုင်းလည်း သူမ၏ အိမ်ထောင်ရေးနှင့် အိမ်ထောင်ဘက်၏ အတွင်းစိတ်သဘောထား အပြောင်းအလဲရှိမရှိကိုသာ အစဉ်အမြဲ မေးမြန်းလေ့ရှိသည်။ သူမ၏ ပုံသဏ္ဍာန်မှာ ရိုးသားကျော့ရှင်း၏။ အရာရာကို အကောင်းမြင်ဝါဒဖြင့် သုံးသပ်လေ့ရှိသည်။ သူမ သဘောထားကောင်းသလို သူမနှင့်ပတ်သက်သူများကလည်း သူမအပေါ် သဘောထားကောင်းစေချင်သော စိတ်ရှိသည်။ သူမ၏ အပြင်းပြဆုံးသော ဆန္ဒမှာ သူမ၏ လင်ကို လင်ကောင်းသားကောင်းဖြစ်စေချင်သော ဆန္ဒပင်ဖြစ်သည်။

''ဆရာမရယ် . သူ ရှာဖွေပေးသမျှလေးတွေနဲ့ ကျွန်မ အမြဲ လောက်ငအောင် သုံးစွဲပါတယ်။ ငွေရေးကြေးရေး စကားဆိုလို့ ကျွန်မတို့ လင်မယားကြားမှာ တစ်ခါတစ်ရံမှ အမေးအမြန်းအစစ်အဆေး မရှိခဲ့ဖူးပါဘူး။ သူကလည်း ရှာနိုင်သလောက် ရှာဖွေပေး







(က) [illegible] နှလုံးလမ်းကြောင်း

တယ်။ ကျွန်မကလည်း ခြိုးခြံနိုင်သလောက် ခြိုးခြံပြီး သုံးစွဲပါတယ်ရှင်''

''ကောင်းတာပေါ့ရှင်၊ လင်နဲ့မယား အပေးအယူတည့်နေရင် ငွေက အဓိက မဟုတ်တော့ပါဘူး .''

''ဟုတ်ပါတယ် သူ ကျွန်မအပေါ်မှာ ကြင်နာမှုလည်း ရှိပါတယ်။ ယုံကြည်မှုလည်း ရှိပါတယ်။ ''

''ဒါဆို အိမ်ထောင်ရေးက ပြီးပြည့်စုံနေပြီပဲ ဘာများလိုသေးလို့လဲ။''

''ဟုတ်ပါတယ် ဆရာမ၊ ကျွန်မရင်ထဲမှာ အစစအရာရာ



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေချောမွေ့နေတာ မုန်ပေမယ့် စိုးရိမ်ကြောင့်ကြစိတ်လေးတစ်ခုကတော့ ကျွန်မကို နှိပ်စက်နေပါတယ်။''

''ဘယ်လို စိုးရိမ်ကြောင့်ကြစိတ်မျိုးလဲဆိုတာ တတ်နိုင်သလောက် ရှင်းပြပါ၊ ဒါဆို ကျွန်မက ရှင်စိုးရိမ်နေသလို ဖြစ်မယ် မဖြစ်ဘူးဆိုတာ ဟောပြနိုင်မှာပါ ...''

''ကျွန်မရင်ထဲမှာလေ ကျွန်မ သူ့အပေါ် မယားဝတ္တရားကျေပွန်အောင် နေပါလျက်နဲ့ တစ်ချိန်ချိန်မှာ အသစ်မြင်လာတဲ့အခါ ကျွန်မအပေါ် အပြစ်တွေမြင်ပြီး အချစ်တွေ လျော့သွားမှာကိုပဲတွေးပြီး အုံ့ပုန်းမှု လူမသိဆိုတာလို တထိတ်ထိတ်နဲ့ စိုးရိမ်စိတ်တွေ ဝင်နေခဲ့တာပါ''

''ဒါဆို ရှင့်ဘက်က ဘယ်လိုအားနည်းချက်တွေ ရှိနေလဲ၊ ဥပမာ သူ့ရဲ့ အကျင့်စရိုက်က ခေတ်ဆန်မယ် ...ခေတ်မီမီ မော်ကြွားကြွားနေမယ်။ ရှင်က ရိုးသားနေမယ်။ သူနဲ့ အံ့ဝင်ဂွင်ကျဖြစ်အောင် မလိုက်လျောပဲနေမယ် ...ဒီလို ဆန့်ကျင်ဘက် အသွင်သဏ္ဌာန်တွေ ရှိနေလား ...''

''ဒီလိုမျိုးလည်း မဟုတ်ပါဘူး ဆရာမ ...သူကလည်း ရိုးရိုးသားသား အေးအေးဆေးဆေးသမားပါ ဒါပေမယ့် သူ့ရဲ့ အပေါင်းအသင်းတွေ တော်တော်များများကတော့ သူနဲ့ ဆန့်ကျင်ဘက်အသွင်သဏ္ဌာန်တွေရှိကြပါတယ်။ နိုက်ကလပ်သွားတာတို့ ကာရာအိုကေဆိုတာတို့ အပျော်အပါးမက်တဲ့ အပေါင်းအသင်းတွေက အလုပ်အားတာနဲ့ သူ့ကို လာလာခေါ်သွားတတ်ကြတယ်။''

''သူကရော လာခေါ်တိုင်း လိုက်သွားတတ်တာပဲလား''

''ဟုတ်ကဲ့ ဆရာမ၊ သူက အပေါင်းအသင်းကိုတော့ တော်တော်ခင်ပါတယ်။ တစ်ခါမှ ငြင်းဆန်လေ့မရှိပါဘူး။ ဒါပေမယ့် ကျွန်မကိုလည်း ခွင့်တောင်းပြီးမှ သွားတာပါ ...''

''ရှင်ကရော သူ့ကို နေ့တိုင်းခွင့်ပြုတာပဲလား''

''ဟုတ်ကဲ့ဆရာမ၊ သူ့ကို အမြဲတမ်း ညှာတာမိပါတယ်။ သူက အပေါင်းအသင်းခင်တာလည်း တစ်ကြောင်း၊ နောက်ပြီး အပေါင်းအသင်းတွေရှေ့မှာ ကျွန်မက ခွင့်မပြုလို့ သူသွားချင်ရက်နဲ့ မသွားရဘူးဆိုပြီး သူပျင်းနေ ငိုင်နေတာမျိုးလည်း မမြင်ရက်လို့ပါ''

''ရှင်ကရော သူပျင်းနေတာကို ပျော်အောင်လုပ်နိုင်စွမ်း မရှိဘူးလား။''

''ဟင်း ...ဟင်း ...ဟင်း ...ဆရာမက မေးတော့လည်း ကျွန်မဖြေရမှာပါပဲ။ သူက လူရိုးလူအေးကြီး လူကြီးလူကောင်းပုံ




www.burmeseclassic.com

www.burmeseclassic.com



နဲ့နေတာ ဆရာမရဲ့ ကျွန်မ သူ့ကို အပျော်အပျက် နောက်ပြောင်ဖော်ပြောင်ဖက် ... ပြောင်ဟယ်တောင် မလုပ်ဝံ့ပါဘူး၊ တစ်ခါတစ်လေ ရယ်စရာကောင်းတဲ့ အဖြစ်အပျက်လေးတွေတော့ ပြောပြတတ်ပါတယ်။''

''အင်း ဒါဆို ရှင်တို့အိမ်ထောင်ရေးမှာ ကလေးတစ်ယောက်လောက်တော့ ရှိသင့်နေပြီ''

''ဟုတ်ကဲ့ ဆရာမ၊ သူရောကျွန်မပါ ကလေးလိုချင်တဲ့ ဆန္ဒရှိပါတယ်၊ အိမ်ထောင်ရေးခိုင်မြဲမယ်ဆိုရင် တစ်ယောက်မဟုတ်ဘူး သုံးယောက်လောက်ကို မွေးလိုက်ချင်တာပါ ''

''ကဲ ဒါဆို ရှင့်ရဲ့ လက္ခဏာပြပေတော့၊ ရှင့်အိမ်ထောင်ရေးခိုင်မြဲမယ် ကလေးလည်း ရနိုင်မယ်ဆိုရင် ရှင်ကလေးမွေးပြီး ပျော်ရွှင်သာယာတဲ့ မိသားစုဘဝကို ပြုစုပြီးထောင်ပေတော့ ဟုတ်လား ...''

''ဟုတ်ကဲ့ပါ ဆရာမ၊ ဆရာမဟောပြောချက်အတိုင်း ကျွန်မ ရဲရဲဝံ့ဝံ့ ဘဝကို စခန်းသွားချင်ပါတယ် .''

သူမ၏ လက်ဝါးပြင်ပေါ်မှ ကံထီးရိုးလမ်းကြောင်း သောကြာဂြိုဟ်ခုံ အနေအထားတို့အရ သူမဘဝ မည်သို့ကောင်းစားမည်ကို ကျွန်မဦးစွာ ဟောပြောခဲ့ပါသည်။ နှလုံးလင်းကြောင်းဟောရန်





မှန်ဘီလူးဖြင့် ကြည့်လိုက်သောအခါ သူမ၏ နှလုံးလမ်းကြောင်းမှာ လက်ညှိုးနှင့် လက်ခလယ်ခွကြားမှ စ၍ ထွက်ပေါ်လာသောကြောင့် လင်ကောင်းသားကောင်းရမည်။ မိမိချစ်သူကို သူတစ်ပါးက ချစ်ခွင့်ပိုင်သွားမည်ကို အထူးစိုးရိမ်ကြောင့်ကြနေကြောင်း ကျွန်မယုံကြည်လိုက်သည်။ အိမ်ထောင်ရေးလမ်းကြောင်းကို ကြည့်လိုက်ပြန်တော့လည်း ရှင်းလင်းသပ်ရပ်၍ မှဲ့၊ အစက်အပြောက်၊ ကြက်ခြေ၊ ကျွန်းစသည်တို့ ကင်းလျက် ဖြောင့်တန်းနေသောကြောင့် အိမ်ထောင်ရေးအနှောင့်အယှက် ကင်းလျက်ရှိကြောင်း ကျွန်မယုံကြည်လိုက်သည်။ ပြီးမှ -

''ကဲ ရှင့်ကို ကျွန်မဟောမယ်၊ ရှင့်ရဲ့အိမ်ထောင်ရေးဟာ မိုးပေါ်က သိကြားမင်း ဆင်းဖျက်တာတောင် မပျက်ရေးချ မပျက်ပဲ၊ သားကောင်းသမီးကောင်းတွေလဲ ရလိမ့်မယ်။ ဒါပေမယ့် ရှင့်ရဲ့ နှလုံးလမ်းကြောင်းအရတော့ ရှင်ဟာ အိမ်ထောင်ဘက်အပေါ်မှာ အချစ်သစ်ပေါ်လာမှာကို တွေးပြီး တစ်သက်လုံး စိုးရိမ်စိတ်ဝင်နေအုံးမှာပဲ။ ဒါကိုတော့ တားလို့ရမှာမဟုတ်ဘူး။ ဒါပေမယ့် ရှင်ရတဲ့ ယောကျာ်းဟာ ရှင့်အပေါ်မှာ လင်ကောင်းသားကောင်းအစစ်ဖြစ်တယ်ဆိုတာ ကျွန်မ ရဲရဲကြီး ဟောပြောလိုက်ပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးတင်ပါတယ် ဆရာမရယ်. ဆရာမလေး ပြော တာကို ယုံလိုက်ပါပြီ . ကျွန်မ စိုးရိမ်ပူပန်တာတွေကို တတ်နိုင်သ လောက် ထိန်းပါ့မယ်ရှင် .''

ထို့နောက် သူမသည် ပျော်ရွှင်စွာဖြင့် ကျွန်မထံမှ ပြန်သွား ခဲ့လေသည်။





## အားမတန်၍ မာန်လျှော့လိုက်ရခြင်း

မောင်သစ္စာ၏ မျက်ဝန်းအိမ်တွင်း၌ လှုပ်ယမ်းနေသည်ကို မြင်တွေ့နေရလေသည်။ ချိန်ခွင်တစ်ဖက်တွင် မောင်သစ္စာ၏အဖေက ဝင်ရောက်ရပ်တန့်နေခဲ့ပြီး အခြားချိန်ခွင်တစ်ဖက်တွင် မောင်သစ္စာက ဝင်ရောက်ရပ်တန့်နေခြင်းဖြစ်သည်။ အဖေက အလျှော့ပေးလိုက်၊ သားက အလျှော့ပေးလိုက်ဖြင့် ချိန်ခွင်ဘောင်မှာ မတည်ငြိမ်ဘဲ ယမ်းခါနေခဲ့သည်။ ထိုအခါ အမှန်တရားကို ဖော်ပြရမည်ဖြစ်သော ချိန်ခွင်လျှာက မောင်သစ္စာတို့သားအဖကို ဤသို့အပြစ်တင်လေ တော့သည်။

''မင်းတို့သားအဖနှစ်ယောက်ရဲ့ မေတ္တာတရား လွန်ဆွဲနေ ခြင်းဟာ အမှန်တရားကို ပျောက်ဆုံးအောင် ပြုလုပ်နေကြခြင်းပဲ။ လောကရဲ့ အပြစ်ဒဏ်ပေးမှုကို အပြစ်ရှိတဲ့သူက ငြိမ်ငြိမ်ခံလိုက်တာ ကို အပြစ်မဲ့တဲ့သူကလည်း ငြိမ်သက်စွာ အသိအမှတ်ပြုပေးလိုက် ပါ။ ဒါမှ လောကသစ္စာအမှန်တရားပေါ်လာပြီး ချိန်ခွင်ဘောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်တန်းပြီး ရပ်သွားလိမ့်မယ်။ လောကသစ္စာမှန်ကန်ကြောင်းကို ကျုပ်တို့ ချိန်ခွင်လျှာကလည်း ငြိမ်သက်စွာရပ်တန့်ပြီး သက်သေပြ ခွင့်ရှိလိမ့်မယ်။ ဒီတော့ လောကသစ္စာအမှန်တရားပေါ်ထွက်လာဖို့ အားလုံး မှန်ကန်စွာ ရပ်တည်ပေးကြပါလို့ ကျုပ်မေတ္တာရပ်ခံပါရစေ လား ခင်ဗျာ''

ယမန်ကြီးနှစ်ပတ်ပြည့်၍ တရားခွင်တွင် စီရင်မေးမြန်းချက်များကို မကွယ်မဝှက် ဖော်ထုတ်ပြသလိုက်သော မောင်သစ္စာ ဖခင်ကြီး၏ ဖြောင့်ချက်စကားများကြောင့် မောင်သစ္စာမှာအချုပ်ခန်းအတွင်းမှ လွတ်မြောက်ခွင့်ရခဲ့သလို မောင်သစ္စာ၏ ဖခင်ကြီးမှာကား အချုပ်သား၊ တရားခံအဖြစ် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ဆယ်နှစ်ကျခံစေရန် အမိန့်ချအပြစ်ပေးခြင်းခံလိုက်ရလေတော့သည်။

လက်ထိပ်ခတ်လျက် အချုပ်သားများ တင်ဆောင်ရာ ကားပြာကြီးပေါ်သို့ ဦးခေါင်းငိုက်စိုက်ချလျက် လိုက်ပါသွားခဲ့သော ဖခင်ကို မချိတင်ကဲ သနားကြင်နာခြင်းများစွာဖြင့် ငေးကြည့်နေရင်းမှ မောင်သစ္စာမှာ မြေပြင်တွင် ဒူးထောက်ထိုင်ချကာဦးသုံးကြိမ်ချလျက် နောက်ဆုံးဂါရဝပြု ဆုတောင်းလိုက်လေသည်။ မောင်သစ္စာမှာ ကန်တော့ပြီး၍ ခေါင်းကို မော့ကြည့်လိုက်စဥ်မှာပင် အချုပ်သားတရားခံ





များကို တင်ဆောင်သွားသော ကားပြာကြီးသည် တရွေ့ရွေ့ဖြင့် ထွက်ခွာသွားနေခဲ့ပြီဖြစ်သည်။ ပါးပြင်ပေါ်သို့ ဖိုးဖိုးပေါက်ပေါက်ကျလာခဲ့သော မျက်ရည်များကြားမှ ဝေဝေဝါးဝါးအတွေးများဖြင့် မြေပြင်ပေါ်တွင် ဒူးထောက်လျက် ငေးမောကြည့်ရင်း ကျန်နေရစ်ခဲ့သောမောင်သစ္စာမှာ ရင်ခွင်မှ နာနာကျင်ကျင် ဆွေးဆွေးမြေ့မြေ့ ခံစားချက်များက မရှုမလှ နှိပ်စက်နေကြလေသည်။

ဤသို့သော ခံစားချက်များကို ဘဝတစ်သက်တာတွင် မိခင်သေဆုံးသွားစဥ်ကလည်း တစ်ကြိမ်ခံစားခဲ့ရပြီးဖြစ်သည်။ ယခုတစ်ကြိမ်ထပ်မံခံစားရပြန်သဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြီဖြစ်သော မိခင်ကြီးကိုပါ ပြန်လည် တသသတိရအောက်မေ့လွမ်းဆွတ်လျက် ဝမ်းနည်းကြေကွဲစိတ်များ ဝင်ရောက်လာခဲ့ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်လျက် ရှိုက်ကြီးတငင် ငိုကြွေးမည်တမ်းလိုက်လေတော့၏။

''အမေရယ်. သားနဲ့ အဖေရဲ့ ဘဝက ဝမ်းနည်းကြေကွဲစရာ ဖြစ်ရပ်ဆန်းတွေကို တမလွန်ဘဝကနေပြီး ကြည့်မြင်ပေးပြီး နောက်နောင်ဘဝဆက်တိုင်းဆက်တိုင်း သားတို့မိသားစုတွေ ခုလိုအဖြစ်ဆိုး၊ ဘဝဆိုးတွေနဲ့ ဘယ်သောအခါမှ မတွေ့ရ မဆုံရပါစေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဆုတောင်းမေတ္တာပို့ပေးပါ ခင်ဗျာ။ သားလုပ်သူမျှ ကုသိုလ်ကောင်းမှုတွေကိုလည်း အမေ့အတွက် မေတ္တာပို့ အမျှဝေပါရစေ ခင်ဗျာ ့၊ အမေ ရောက်ရာအရပ်ကနေ သာဓုသုံးကြိမ်ခေါ်နိုင်ပြီး ကောင်းရာမွန်ရာဘုံဌာနမှာ လွတ်မြောက်ပျော်ရွှင် ရပ်တည် ရှင်သန်နိုင်ပါစေလို့ ဆုတောင်းပါရစေဗျာ။ သားဆုတောင်းပေးလိုက်ပါတယ်ဗျာ ့ဟီး ့ဟီး ့''

မောင်သစ္စာ၏ စိတ်များသည် အစဉ်အမြဲ လေးလံထိုင်းမှိုင်းတွေဝေနေခဲ့လေသည်။ စိတ်လက်တို့ ကြည်လင်မှု၊ သာယာမှု ဆိတ်သုဉ်းပျောက်ကွယ်နေခဲ့ပြီး လေးလံသောရင်ခွင်၊ လေးလံသော ခြေလှမ်းများဖြင့် ခေါင်းငိုက်စိုက်ချလိုက် ခြေဦးတည့်ရာ လျှောက်သွားနေခဲ့လေတော့သည်။ တက်ကြွမှုများ ပျောက်ဆုံး ဆိတ်ကွယ်နေချိန်မို့ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကိုလည်း တွေတွေဝေဝေ မပြတ်သား မထင်မရှား ဖြစ်နေခဲ့လေသည်။ ရက်ပေါင်းအတန်ကြာ စိတ်လက်လေးလံမှုများ ဖြစ်ပေါ်နေခဲ့ခြင်းအပေါ် မောင်သစ္စာမခံမရပ်နိုင်သော မှန်းကျပ်မှုတစ်ရပ် ဖြစ်ပေါ်လာခဲ့ပြီး ထိုအရိပ်ဆိုးကြီးအောက်မှ လွတ်မြောက်အောင် ရှန်းထွက်လိုသော ဆန္ဒတို့ ဝင်ရောက်ကိန်းအောင်းလာခဲ့ပြီးနောက် အပေါ်အင်္ကျီအိတ်အတွင်းမှ တဲရော့ကတ်ပြား





ချပ်လေးများကို ထုတ်ယူလိုက်ပြီး ကောင်းကင်ဘုံကို အသိပေးတိုင်တည်ကာ ကတ်ပြားချပ်လေးတစ်ခုကို ဆွဲယူ၍ အဖြေရှာကြည့်လိုက်လေသည်။

မောင်သစ္စာမြင်တွေ့လိုက်ရသော ကတ်ပြားလေးမှ ပုံရိပ်မှာ တွဲလောင်းဆွဲခံနေရသော ရှန်းထွက်ရခက်သော သတ္တဝါတစ်ကောင်၏ ကျဆုံးခြင်းနိမိတ်ပုံနှင့်အတူ ထိုနိမိတ်ပုံချုပ်ငြိမ်းစေရန် စတေး ခံရတော့မည့် နိမိတ်ပုံကို မြင်တွေ့ခွင့်ရလိုက်လေတော့သည်။ အင်္ဂလိပ် အက္ခရာစာလုံးများကလည်း၊ THE HANGEDMAN ဟူ၍ ဖော် ပြနေခဲ့သည်။

ထိုကတ်ပြားမှ ပုံရိပ်တို့ကို သေချာစွာတွေးတောစဉ်းစားလျက် မောင်သစ္စာဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချမှတ်လိုက်နိုင်လေတော့သည်။

''အင်း ့ဖြစ်ချင်တိုင်းသာ ဖြစ်နေရပါလျှင် ဘယ်မှာ ဒုက္ခရှိမည်နည်း။ လိုချင်တိုင်းသာရနေပါလျှင် ဘယ်မှ ဆန္ဒရှိပါမည်နည်း။ စိတ်ညစ်တိုင်းသာ လေလွင့်နေပါလျှင် ဘယ်မှာ လမ်းမှန်ရောက်ပါမည်နည်း ့''

ငါဟာ လူတွေ အကျိုးရှိကြောင်း လမ်းစပေါ်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ထွက်လာခဲ့တာ၊ သံယောဇဉ်ဆိုတဲ့ တရားက တစ်နည်းနည်းနဲ့ ပိတ်ပင်တားဆီးနှောင့်ယှက်လာတာပဲ။ ဒါကို ရုန်းကန်တော်လှန်နိုင်မှ ဖြတ်တောက်နိုင်မှ ဘဝသစ်တွေ ဖြစ်လာရဦးမှာ။ ငါဟာ ဘဝဟောင်းရဲ့ သံယောဇဉ်သောက ဝဲဩဃထဲကနေ အခုပဲ လွတ်မြောက်အောင်ရုန်းထွက်ပြီး ရှေ့ကို ခရီးဆင်မှဖြစ်တော့မယ်။ အခုဆို အခုပဲ ဘဝသစ်စတော့မယ် ..''

ဟူ၍ လေးနက်သော ဆုံးဖြတ်ချက်ကို အလျင်အမြန် ချမှတ်နိုင်ခဲ့လေတော့သတည်း။





## မနောအာလူပန်းများသီရာဝယ်

''ဆရာမ .. ကျွန်တော်ရထားတဲ့ မိန်းမဟာ သိပ်ပြီး အတီးအတနိုင်လွန်းတယ်၊ စိတ်ဆိုးတယ်ဆိုတာလည်း မရှိဘူး၊ ရယ်မောပျော်ရွှင်တယ်ဆိုတာလည်း မရှိဘူး၊ တုံးဏှိဘာဝေ သူ့စိတ်တွေမှာ ခံစားချက်တွေ ကင်းမဲ့နေသလိုပဲ၊ အဲဒါ ကျွန်တော့် အိမ်ထောင်ရေးမှာ ကျွန်တော် အားမလိုအားမရဖြစ်နေရပါတယ်ဗျာ''

''ဟုတ်လား ..၊ ရှင့်မိန်းမဟာ အဲဒီ လိုကြီးနေတာ တော့ မှန်တယ်ပဲထားပါဦး ..၊ ရှင့်ကို ပြုကျင့်ရမယ့် ဇနီးမယား တစ်ယောက်ရဲ့ မယားဝတ္တရားတွေနဲ့တော့ ပြည့်စုံတယ်မဟုတ်လား''

''ဟုတ်ပါတယ် ဆရာမ၊ ကျွန်တော့် အတွက် အစစ အရာရာ အဆင်ပြေပါတယ်၊ စားဝတ်နေရေး၊ အနားယူရေးတွေ မှာပါ အားလုံး 'အိုကေ .. အဆင်သင့်' ဆိုတာလိုပါပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုလေသေးမရှိ လုပ်ကိုင်ဆောင်ရွက်ပေးထားပါတယ်၊ နောက်ပြီး ကျွန်တော့်ကိုပဲ အရိပ်တကြည့်ကြည့် ကြည့်နေတတ်ပါတယ်.၊ ကျွန်တော် လှုပ်ရှားမှုတွေမှာ လိုအပ်တာတွေကို သူက အလိုလို သိပြီး သွက်သွက်လက်လက် ကူညီဆောင်ရွက်ပေးပါတယ်."

"ဒါဆိုရင် ရှင့်အတွက် အဆင်အပြေ ဆုံးမိန်းမတစ်ယောက်ကို ရထားတာပဲ၊ ရှင် ကျေနပ်သင့်တာပေါ့."

"မဟုတ်ဘူး ဆရာမ၊ ကျွန်တော့်အတွက်ကတော့ မကျေနပ်စရာမရှိပါဘူး။ သူ့ကိုယ် သူအတွက် ကြားကနေ ကျွန်တော်က မကျေမနပ်ဖြစ်နေတာပါ.၊ လှုပီပီသသ ကိုယ် လုပ်ချင်တာတွေလုပ်တာမျိုး၊ ကိုယ်သွားချင်တာတွေ သွားတာမျိုး။ ပျော်ပျော်ရွှင်ရွှင်ဘဝခရီးတစ်ခုမှာ လှုပ်ရှားသွားလာနေတဲ့ မိန်းမရွယ် တစ်ယောက်လိုပုံစံမျိုးနဲ့ သူ့ကို မြင်ချင်တွေ့ချင်မိတာပါ."

"ဒါဆိုရင် ရှင်က သူ့ကို ပွင့်ပွင့်လင်းလင်းပဲ ဘယ်အချိန်မှာ ဈေးဝယ်ထွက်၊ ဘယ်အချိန်မှာ အနားယူအပန်းဖြေ၊ ဆွေမျိုးတွေအိမ် လည်ပတ်ဆိုတာမျိုးတွေ ပုံစံလေးချပြီး လုပ်နိုင်း ကြည့်ပါလား"

"အဲဒီလိုလုပ်ခိုင်းကြည့်ရင် သူလုပ်မှာ သေချာတယ်.၊





ကျွန်တော်ခိုင်းလို့လုပ်ရတဲ့ ပုံစံမျိုးကြီးနဲ့ပေါ့.၊ ကျွန်တော်က ဒီလိုဖြစ်စေချင်တာမဟုတ်ဘူး၊ သူ့အတွင်းစိတ်က တကယ့်လိုက် လဲ့တဲ့ ပျော်ရွှင်မှုမျိုးတွေကို သူ့မျက်နှာမှာ၊ သူ့လှုပ်ရှားမှုသဏ္ဌာန် တွေမှာ တွေ့ချင်မြင်ချင်မိတာပါ ဆရာမရယ်."

"ကျွန်မ တစ်ခုမေးမယ်နော်.၊ ရှင့်မိန်းမက ရှင် သဘောကျလို့ယူထားတာလား၊ မိဘပေးစားလို့ ယူထားရတာ လား"

"အဟဲ.ဝန်ခံပါတယ် ဆရာမရယ်၊ ကျွန်တော့်မှာ မိန်းမတစ်ယောက်ကို ကိုယ်ပိုင်အရည်အချင်းနဲ့ရှာဖွေလို့ မရနိုင်ခဲ့ပါ ဘူး။ မိဘတွေ ပေးစားလို့ ယူထားရတာပါ၊ သူက ကျွန်တော့်ထက် ခုနစ်နှစ်လောက် ငယ်ပါတယ်.၊ လူငယ်မိန်းကလေးတစ် ယောက်မို့ လူငယ်တစ်ယောက်ရဲ့ ပျော်ရွှင်လွတ်မြောက်မှုတွေနဲ့ တက်တက်ကြွကြွ စိတ်လိုလက်ရ နေစေချင်တာ ကျွန်တော့်ရင်ထဲ ကထားတဲ့ သူ့အပေါ်မှာ မေတ္တာတရားပါပဲဗျာ၊ ဒါကို သူသိပ်ပြီး သိစေချင်ပါတယ်"

"ဒါဆိုရင် ရှင်က မကြာမကြာ သူ့ကို ဖွင့်ပြောပြ သင့်တာပေါ့၊ သူ ပျော်ရွှင်လွတ်မြောက်နေတဲ့စိတ်နဲ့ ရှင့်ကို ပွင့်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းဆက်ဆံတာမျိုးကို မျှော်လင့်နေပါတယ်လို့လေ ။ သူက ရှင့်ကိုစိမ်းနေတာ ။ မပွင့်မလင်း မရဲမတင်း ဆက်ဆံနေတာကို ရင်ထဲမှာ မခံစားနိုင်တာတွေ ဖွင့်ပြောပြသင့်တာပေါ့ ရှင် ။ လင်နဲ့မယားပဲ ပွင့်လင်းမှုမရှိရင် ဘယ်လင်မယားအရာ မြောက်ပါ့မလဲ၊ ရှင် ရဲရဲတင်းတင်းသာပြောပြီး ပုံစံသွင်းပေတော့ပေါ့ ။''

''ရက်ကိုးရက်ကန်းအမှုအရာမျိုးလည်း သူ့မှာ မရှိဘူး ဆရာမ၊ သူ့ကိုကြည့်ရတာ တာဝန်နဲ့ဝတ္တရားအရ အိမ်ထောင်ပြုထားရတာမျိုး၊ တာဝန်ဝတ္တရားကျေရင် သူ အိမ်ရှင်မ ပီသတယ်ဆိုတာမျိုးလောက်ပဲ ဖော်ပြနေတာကိုပါပဲ၊ မိန်းမကောင်းတစ်ယောက် အနေနဲ့ အမှတ်ပြည့်ယူပြနေသလိုမျိုးကြီး ဆရာမ ။ ကျွန်တော့်ကိုတောင် ပတ်ဝန်းကျင်က အထင်အမြင်တွေ ကြာရင်လွဲလာနိုင်တယ်၊ မိန်းမက အဆင်ပြေအောင် ပေါင်းရဲ့သားနဲ့ မလိုအပ်ဘဲ သက်သက်အပြစ်ရှာနေတယ်လို့လေ ။

တကယ်က အပြစ်ရှာတာမဟုတ်ပါဘူး၊ သူက ကျွန်တော့်အပေါ်မှာ နှစ်နှစ်ကာကာ စိတ်မျိုးထားစေချင်တာပါ၊ တာဝန်ဝတ္တရားအရ အိမ်ထောင်ပြုထားရတဲ့ပုံစံမျိုးကြီးက ကြာရင် စိတ်ပျက်





ငြီးငွေ့စရာတွေ ဖြစ်လာနိုင်တယ်မဟုတ်လား ။

နောက်ပြီး ကျွန်တော့်ဘက်ကလည်း သူက ဒီလိုကြီးနေနေတော့ ပေါင်းသင်းဆက်ဆံရတာ ခက်ခဲနေပါတယ်၊ ခပ်တန်းတန်း ခပ်မှန်မှန် နေထိုင်တတ်တဲ့သူအကျင့်ကြောင့် ကျွန်တော်ပါ ခပ်မှန်မှန် ပြောဆိုဆက်ဆံနေရတဲ့ ပုံစံကို ဝင်မှန်းမသိ ဝင်နေပါတယ် ။''

''ဒါဆိုရင် ရှင်တို့လင်မယားကြားမှာ ကလေးလေးတစ်ယောက် မြန်မြန်ဖြစ်ထွန်းဖို့ လိုတယ်၊ ကလေးဆိုတဲ့ ပေါင်းကူးတံတားလေးဟာ ရှင်နဲ့သူရဲ့ ရင်းနှီးခင်မင်မှုကို ပိုမိုတိုးပွားလာစေမှာ အမှန်ပါပဲ ။ နောက်ပြီး ရှင်က ကြာသပတေးသား၊ သူက အင်္ဂါသမီးဖြစ်တာကြောင့် အိမ်ထောင်ဖက်အတွင်းမိတ်လည်း မှန်ပါတယ် ။

ရေရှည်မှာ မေတ္တာဓာတ်တွေ နီးကြားလာဖို့ကတော့ သောကြာနာမ်နဲ့ ဗုဒ္ဓဟူးနာမ်တွဲ အညွန့်အခက်တွေကို ဘုရားစင်ပေါ်မှာ မကြာခဏ ပန်းမွှေ့ရာခင်းပေးပါ ။ သရက်ညွန့်တွေ သီဟိုဠ်ညွန့်တွေ လှူဒါန်းပြီး သူ့ရင်ထဲက ငုပ်လျှိုးပျောက်ကွယ်နေတဲ့ မေတ္တာဓာတ်တွေ ရှင့်အပေါ်မှာ တစိမ့်စိမ့် ရှင်သန်ပေါ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



လာနေတာကိုလည်း ရှင့်ရင်ထဲက တွေးထင်ပြီး အာရုံပြုနေရမယ်၊

ရှင့်မိန်းမရဲ့ရင်ထဲက နလုံးသွေးတွေဟာ အေးစက်နေရာ ကနေ နွေးထွေးလာပါလိမ့်မယ် ..၊ တစ်ယောက်နဲ့တစ်ယောက် လည်း စွဲမြဲတဲ့မေတ္တာစိတ်တွေနဲ့ ပေါင်းသင်းဆက်ဆံရေးတွေမှာ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ဖြစ်လာပါလိမ့်မယ်၊ အဲဒီအခါကျမှ ရှင့်မိန်းမရဲ့ ရုက်စနိုးအမူအရာတွေ၊ သက်ဝင်လှုပ်ရှားမှုတွေဟာ ရှင့်စိတ်တိုင်းကျပုံစံ ပေါ်လာပါလိမ့်မယ်၊

အဲဒီလိုအချိန်အခါမျိုးကျမှသာ ပေါင်းသင်းဆက်ဆံရေး ဟာ ပွင့်လင်းသွားပြီး သူ့အလို ကိုယ့်အလို၊ ကိုယ့်အကြိုက် သူက သိပြီး လင်နဲ့မယားကြားမှာ လိုအပ်နေတဲ့ ကွက်လပ်တွေဟာ ပြည့်ဖြိုးလာပါလိမ့်မယ်ရှင် ..''

''ဆရာမပြောတဲ့ ယတြာလေး ဓာတ်ဆင်လိုက်ရုံနဲ့ သူ့ဘက်ကသာ ဒီလိုပြောင်းလဲ သွားမယ်ဆိုရင်တော့ ဆရာမရယ် ဘယ်ပြောကောင်းမလဲ၊ သရက်ပင်တွေ တစ်ခြံလုံးစိုက်ပြီး သရက်ညွန့်တွေ နေ့တိုင်း ဘုရားရှေ့မှာ ပန်းမွေ့ရာခင်းနေပါ့မယ် ဆိုတာ ဆရာမယုံပါ၊ စိတ်မဆိုးနဲ့နော် ဆရာမ၊ ဒါလေးလုပ်ရုံနဲ့တင် ကျွန်တော့်အိမ်ထောင်ရေး စက်ယန္တရားကြီးက ပြောင်းလဲလှည့်





ပတ်နိုင်မယ်ဆိုတာ တကယ်လားဟင် ..''

''လက်တွေ့ကျကျ လုပ်ကြည့်ပါဦး၊ လေ့လာသုံးသပ် ကြည့်ပါဦး ..၊ ထူးခြားမှုဆိုတာ ရှင့်မှာ ရှိလာတဲ့အခါ ကျွန်မဆီ ပြန်လာခဲ့ပါ၊ မထူးခြားဘူးဆိုရင်တော့ ကျွန်မကို ရဲရဲသာ ရန်လာ တွေ့ပေတော့ ..၊ ကျွန်မတို့ဗေဒင်ပညာရပ်ဟာ အရိုးအရှင်းဆုံး ဓာတ်တွေနဲ့ လူတွေရဲ့ရင်ထဲက အမှန်တရားတွေကို နှိုးပေးနေ တာ ဟိုးပဝေသဏီခေတ်တွေကတည်းကပါ၊ အမှန်တရားနဲ့ နီးစပ်လေလေ လုပ်တဲ့ကိုင် တဲ့ပုံစံတွေက ရိုးစင်းလေလေပါပဲ၊ ရိုးတယ် အ.တယ်ဆိုတာ သိပ်ပြီးမှန်တဲ့လူတွေဆိုတာ ရှင် နားလည်ထားရင် ရှင့်မိန်းမရဲ့ ရိုးခြင်း၊ အ.ခြင်း ဟာလည်း ရှင့်အပေါ်မှာ မှန်ကန်ခြင်းတွေပါပဲဆို တာ ရှင်ကိုယ်တိုင် မကြာမီမှာ နားလည်သဘောပေါက်လာပါလိမ့်မယ်ဆိုတာ ကျွန်မ ပြောလိုက် ပါရစေရှင် ..''

''ဟုတ်ကဲ့ပါ ဆရာမ၊ ကျွန်တော့် စကားတွေမှာ အမှားပါရင် ခွင့်လွှတ်ပေးပါဗျာ ..နော်''

''ကောင်းပါပြီရှင် ..၊ ရှင် အဆင် ပြေပါစေ''

''ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ ဆရာမ''



www.burmeseclassic.com

www.burmeseclassic.com



# ပြဒါးတစ်လမ်းသံတစ်လမ်း

သူမသည် သူနှင့် အိမ်ထောင်ကျ၍ ကလေးနှစ်ယောက်ပင် ဖွားမြင်ခဲ့ပြီးပြီဖြစ်၏။ ပထမကလေးကိုယ်ဝန်ရှိစဉ်ကလည်း သူမနှင့် သူ မကြာခဏရန်ဖြစ်ကြ၏။ သူမကလည်း ရန်ဖြစ်တိုင်း အိမ်မှဆင်း သွားခဲ့သည်။ သူကလည်း မကြာခဏ ပြန်လိုက်ခေါ်လေ့ရှိသည်။ သည်လိုနှင့် ကလေးမီးဖွားချိန် ရောက်ခဲ့၏။ မီးတွင်းမှာလည်း သူမနှင့် သူမတည့်။ တကျက်ကျက်ပင်။ သူက တုံးတိုဘာဝေသမား။ သူမ က ဗျစ်တောက်ဗျစ်တောက်နှင့် ပါးစပ်မှ တရစပ် စက်သေနတ်ပစ် တတ်သူဖြစ်သည်။

ကလေးမွေးဖွားပြီး လသားအရွယ်တွင် ကလေးလေးကို ထားခဲ့ပြီး သူမအိမ်မှဆင်းသွားခဲ့ပြန်သည်။ မိခင်နို့စို့နေသော ကလေး မှာ ဒုက္ခများစွာရောက်ခဲ့သည်။ ထိုအခါ ကလေးကို အကြောင်းပြု ပြီး သူက သူမကို လိုက်ခေါ်ခဲ့သည်။ သည်ပုံစံအတိုင်း အကြောင်း ဆက်ပေါင်းဖက်ပြီး နောက်ထပ်ကလေးတစ်ယောက် ဖွားမြင်ခဲ့ပြန်





သည်။ သူမနှင့် သူ၏ အိမ်ထောင်သက် ခုနစ်နှစ်တာကာလအတွင်း သူမ အကြိမ်ပေါင်းများစွာ အိမ်ပေါ်မှ ဆင်းသွားလေ့ရှိခဲ့သည်။ သူက လည်း အကြိမ်ပေါင်းများစွာ ပြန်လည်ခေါ်ယူပေါင်းသင်းခဲ့သည်။

''နင့်ကို ငါ မပေါင်းနိုင်တော့ဘူး . နင့်ကိုငါကွဲမယ်''

သူမ သည်စကားမျိုး များစွာပြောခဲ့သည်။ သူကလည်း ကြားနေကျစကားဖြစ်၍ နားရိုးနေပြီး တုန်လှုပ်ခြင်းမရှိ။ ပုံမှန်အတိုင်း နေမြဲသွားမြဲ ဖြစ်သည်။ သူမ၏ ပတ်ဝန်းကျင်ကတော့ သူမအကြောင်း သိပြီးဖြစ်သော်လည်း ကလေးနှစ်ယောက်အမေက ကွဲမယ်ကွာမယ် ပြောနေခြင်းအတွက် လှောင်ပြောင်ရယ်မော ပြက်ရယ်ပြုစကားများ ပြောလာခဲ့သည်။ သူမ မခံနိုင် ဆတ်ဆတ်ကြဲ ရန်တွေ့ခဲ့သည်။

တကယ်တမ်းဆန်းစစ်ကြည့်လျှင် သူမသည် သူ့အပေါ် လွန်စွာအလိုလိုက်၏။ လွန်စွာအကြိုက်ဆောင်၏။ သူရယ်နေပြုံးနေ လျှင် သူမလည်း လွန်စွာအူမြူးနေတတ်သည်။ သူမ၏ မိခင်စိတ် ဓာတ်ကလည်း သူတပါးအံ့သြယူရလောက်အောင် ကြီးမားသူဖြစ် သည်။ သူမ၏ သားသမီးများကိုလည်း သူမ၏ အဖိုးထိုက် ဥစ္စာပစ္စည်း ပမာ သဘောထားခဲ့သည်။ ဘယ်သူ့မှ သူမထက်ပိုပြီး ချစ်မပြလေနှင့်။ ထိုသူ၏ လက်တွင်းသို့ သူမ၏ကလေးကို အရောက်မခံတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



လင်နှင့်သားသမီးများအပေါ် လွှန်စွာသံယောဇဉ်ကြီးသော်လည်း သူမအနေဖြင့် လင်နှင့်သားသမီးများကို စွန့်ပစ်ထားခဲ့ပြီး အိမ်မှ မကြာခဏဆင်းသွားနိုင်ခဲ့ခြင်းကို သူတပါးတို့က နားမလည် နိုင်ကြပေ။ သို့သော် သူမ၏ လင်ဖြစ်သူကတော့ သူမ ဘာဖြစ်နေ သည်ကို အလိုလို နားလည်ပြီးဟန်ရှိသည်။ ထို့ကြောင့် သူနှင့်သူမ တို့ ကွဲလည်းမကွဲနိုင်ကြ မြဲလည်းမမြဲနိုင်ခဲ့ကြပေ။

သူမ၏ မိခင်သည် သူမ၏ လင်အပေါ်သူတစ်ပါးတို့ထက် သာစေချင်သူဖြစ်သည်။ သူမ၏ ရင်သွေးများကိုလည်း သူတပါးတို့ထက် ပို၍ ဝတ်စေစားစေချင်သော စေတနာဆန္ဒတို့ လွှန်ကဲနေခြင်း ဖြစ်သည်။ သို့သော် သူမယူထားသောလင်က ရိုးသားပြီး အေးအေး နေချင်သူ ဖြစ်နေခဲ့သည်။ ရတာလေးနှင့် တင်းတိမ်ရောင့်ရဲနေလိုသူ ဖြစ်သည်။ သူမ၏ ဆန္ဒနှင့် လင်တော်မောင်တို့၏ ဆန္ဒတို့က ပြဒါး တစ်လမ်း သံတစ်လမ်း ဖြစ်နေသည်။ သို့သော် သူမ၏ ဘဝတွင် သူတပါးထက် အောက်ကျနောက်ကျနေခြင်းကား မရှိခဲ့ပါ။ သူတပါး တို့နှင့် တန်းတူညီတူနေရသော ဘဝမျိုးသာဖြစ်သည်။ သူမ၏ လောဘစိတ်က သူမကို မတည်ငြိမ်အောင် ပြုမူနေခြင်းသာဖြစ်သည်။

တစ်နေ့သ၌ သူမ ကျွန်မထံသို့ ရောက်လာ၏။ သူမသည်





ခေတ်မီသူဖြစ်သည်။ ခေတ်ပုံစံဝတ်စားဆင်ယင်မှုတို့နှင့် ဖြစ်သည်။ ကလေးများသာပါမလာခဲ့လျှင် သူမကို ကလေးနှစ်ယောက်မိခင်ဟု ထင်ရက်စရာပင်မရှိသော လုပ၍ ခေတ်မီခြင်မျိုးဖြစ်သည်။

သူမက ကျွန်မကို တွေ့တွေ့ချင်း ရင်းနှီးဖော်ရွေစွာ ပြုံးပြခဲ့သည်။ ကလေးနှစ်ယောက်ကို အခန်းအပြင်ဘက်တွင် ကလေးထိန်းနှင့်ထားခဲ့ပြီး တစ်ဦးတည်း ဟောခန်းအတွင်းဘက်သို့ ဝင်လာခဲ့ခြင်း ဖြစ်သည်။ ကျွန်မလည်း အသက်(၂၅)နှစ်ခန့်ရှိသော သူမကို ကျောင်းသူတစ်ဦးဟုပင် ခန့်မှန်းထားခဲ့မိသည်။ သူမ၏ အဆင်အယင် အသွင်အပြင်ကလည်း ယနေ့ခေတ် တက္ကသိုလ်ကျောင်းသူများ ဝတ်စားဆင်ယင်ထားသကဲ့သို့ ပုံစံမျိုးဖြစ်သည်။

ကိုယ်ကြပ်အင်္ကျီ ကြည်ပြာရောင်ဖျော့ဖျော့ကို အပေါ်ပိုင်း၌ ဝတ်ဆင်ထားပြီး ချာလီပင် နက်ပြာရောင်ရင့်ရင့်နှင့် တွဲဖက်ဝတ်ဆင်ထားခြင်းဖြစ်သည်။ ခွေးရုပ်မွေးပွ စလင်းဘတ်ဂ်အိတ်ကို ပခုံးမှာ လွယ်ထားပြီး ဝင်လာခဲ့ခြင်းဖြစ်သည်။ နားတွင် မတ်စေ့ခန့်အဝန်းရှိသော ရွှေရောင်နားကွင်း၊ လည်ပင်းတွင် အလှူမိနီယမ် အရောင်လက်လက် ကြိုးတစ်ကုံး၊ တဖြတ်ဖြတ် အရောင်ထွက်နေသော ကျောက်ရောင်စုံလက်စွပ်၊ လက်ကောက်များနှင့် ဖြစ်သည်။ ကျွန်မသည်



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အပြင်အဆင် သိမ်းကြုံး၍ တခဏချင်း ကြည့်လိုက်ခြင်း ဖြစ်သည်။

သူမ၏ မျက်လုံးတို့ကလည်း ကျွန်မအပေါ် စူးစမ်းသော မျက်လုံး၊ အကဲခတ်လေ့လာသော မျက်လုံးစူးစူး တောက်တောက် များဖြစ်ကြောင်း ကျွန်မ အလိုလို သိမြင်ခဲ့သည်။

''ကဲ . သမီး . ပြော . ဆရာမ ဘာကူညီရမလဲ''

ကျွန်မက စတင်၍ သူမကို မေးခဲ့သည်။ သူမက သွက် လက်စွာ ပြန်ဖြေခဲ့သည်။

''သမီး . လက္ခဏာကြည့်မလို့ လာတာပါ ဆရာမ''

ကျွန်မ တည်ငြိမ်စွာ ခေါင်းညိတ်ပြပြီး သူမ၏ လက္ခဏာ ကို ဟောပြောရန် ပြင်ဆင်လိုက်သည်။ ပြီးနောက် သူမ၏ လက္ခဏာ ကို အသေးစိတ်ဟောပြောပေးလိုက်၏။ သူမ ငြိမ်သက်စွာ နာခံနေခဲ့ သည်။ ယခု သူမ၏ အိမ်ထောင်ရေးလမ်းကြောင်းကို ဟောပြော ရမည်ဖြစ်၍ သူမကို သတိပေးလိုက်သည်။

''ဒီလမ်းကြောင်းကတော့ သမီးဘဝမှာ အရေးအပါဆုံး လမ်းကြောင်းပဲ၊ သမီးရဲ့ အိမ်ထောင်ရေးကို ဒီလမ်းကြောင်းအရ ဆရာမ ဟောရမယ်ဆိုရင် သမီးရဲ့ အိမ်ထောင်ရေးလမ်းကြောင်း





ပုံစံဟာ အဆုံးပိုင်းမှာ ငါးကြင်းမြီးပုံစံ အစွယ်လေးတစ်ခု ပေါ်နေတယ်။ ဒီမှာတွေ့လား .''

''ဟုတ်ကဲ့ပါ ဆရာမ၊ တွေ့ပါတယ်။''

သူမ စိတ်ဝင်စားစွာ လိုက်ကြည့်ခဲ့သည်။ ကျွန်မကလည်း ဆက်၍ ဟောပြောခဲ့သည်။

''အဲဒီ အစွယ်လေးနှစ်ခုဟာ တစ်ဖက်နဲ့တစ်ဖက် အစွန်းညီ နေတာ တွေ့ရခြင်းအားဖြင့် သမီးအိမ်ထောင်ကျခဲ့ရင် သမီးနှင့် စိတ် ချင်း၊ သဘောထားချင်း၊ ဆန္ဒချင်း၊ အမြဲတမ်းမတိုက်ဆိုတဲ့ လူမျိုး နဲ့ အိမ်ထောင်ကျလိမ့်မယ်။ မကြာခဏ နောင်ကျိန်ဇာတ်ထုတ်တွေ ခင်းရလိမ့်မယ်။ အိမ်ထောင်ပရိဘောဂပစ္စည်းတွေ အပျက်အစီးများ လိမ့်မယ်။''

''ဒါဆို . ဆရာမ၊ သူနဲ့ ကျွန်မ အိမ်ထောင်ရေးက မြဲပါ့ မလားဟင် -''

သူမ အလောဆုံးဆယ် သိချင်လာပြီး ဖြတ်မေးခဲ့သည်။ ကျွန်မက သူမကို တစ်ချက်ကြည့်လိုက်ပြီးမှ ဆက်ဟောခဲ့သည်။

''စိတ်ချသမီး . သမီးရဲ့အိမ်ထောင်ရေးဟာ အိုးခွက်ပန်း ကန်တွေသာ ကွဲပြီးရင်းကွဲမယ်၊ သမီးတို့ လူချင်းမှာတော့ တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံးကွဲမှာမဟုတ်ဘူး။ နေမြင့်လေ အရှူးရင့်လေဆိုတာလို သံယောဇဉ် မီးပွားတွေသာ ပွားပွားပြီး သားတွေ သမီးတွေသာ တစ်ယောက်ပြီးတစ်ယောက် တိုးလာလိမ့်မယ်။ သမီးရဲ့ အိမ်ထောင်ကတော့ ကွဲလိမ့်မယ်မဟုတ်ဘူး။





# ချစ်ကိုယ်ရံတော်

အိမ်ဝိုင်းကြီးအတွင်း အိမ်ငယ်လေးများ တစ်လုံးစီ တစ်လုံးစီဆောက်လျက် မိသားစုများ ဥမကွဲသိုက်မပျက် နေနိုင်ရန် ဘိုးဘွားတို့က စီမံကြစည်ပေးခဲ့ကြသည်။ သူမနှင့် မောင်သည် ဆွေမကင်းမျိုးမကင်း မောင်နှမသုံးဝမ်းကွဲခန့်တော်စပ်သည်။ စိတ်တူကိုယ်တူ ငယ်စဉ်ကာလကလေးဘဝကတည်းက ပျော်ရွှင်ရင်းနှီးစွာ လက်တွဲခဲ့ကြသည်။

သူမက မောင့်ထက် အသက်ခြောက်လခန့် ပိုကြီးသည်။ ငယ်စဉ်ကတည်းက သူမက မောင့်ကို မောင်ဟု တစ်လုံးတည်း ခေါ်ဝေါ်ခဲ့သည်။ ယခု ဆယ်ကျော်သက်အရွယ် လူလားမြောက်ချိန်အထိလည်း မောင် ဟုသာ ချစ်စနိုးခေါ်ဝေါ်နေဆဲဖြစ်သည်။ သူမနှင့်မောင်သည် သွားအတူ လာအတူ ကစားလည်း အတူတူဖြစ်သည်။ အားကစားလိုက်စားပုံခြင်းလည်းတူသည်။ စာကြည့်တိုက်သွားခြင်းလည်း အတုံပါခဲ့သည်။ သီချင်းဆိုခြင်း၊ ပျော်ပွဲရွှင်ပွဲများတွင် လည်း



www.burmeseclassic.com

www.burmeseclassic.com



ပတ်သွားလာခြင်းတို့တွင်လည်း တက်ညီလက်ညီ ဖြစ်သည်။ လူကြီးမိဘတို့သည် နှစ်ကိုယ့်တစ်စိတ်မောင်နှမဟု ကျေနပ်စွာ ကင်ပွန်းတပ်ထားခဲ့သည်။

သူမဘဝတွင် အခက်အခဲကြုံတိုင်း မောင်က အောင်မြင်စွာ ဖြေရှင်းပေးတတ်ခဲ့သည်။ သူမ ဘာလုပ်ချင်သလဲ၊ မောင်က ကြိုတင်သိနှင့်ပြီးဖြစ်သည်။ သူမအတွက် အရာအားလုံးသည် မောင်၏ ဖြည့်စွက်မှုများဖြင့် အဆင်သင့်ဖြစ်နေသည်ချည်းဖြစ်သည်။ သူမ အကျပ်အကည်းဖြစ်နေချိန်တွင် မောင်ရောက်လာတတ်မြဲဖြစ်သည်။ ထို့ကြောင့် သူမဘဝတွင် မောင်မပါဘဲ ရပ်တည်၍မရနိုင်အောင် မောင်က အရေးပါအရာရောက်ခဲ့သည်။

မောင်၏ သူငယ်ချင်းများက သူမကို စေ့စေ့ကြည့်လျှင်ပင် မောင်က လက်မခံ။ ပြတ်သားစွာရင်ဆိုင်ပစ်တတ်သည်။ မောင်သည် သူမအပေါ် မည်သူ၏ သေးသေးတင်ခြင်းကိုမျှ လက်မခံခဲ့။ ပင်တိုင်တာဝန်ယူ ဖြေရှင်းပြီးသားဖြစ်ခဲ့သည်။ ထို့ကြောင့် သူမကို လူချစ်လူခင်ပေါသလောက်၊ မောင့်ကို လူမုန်းများကြသည်။ ကြက်တူရွေးက တော်တော်၊ မယ်ဘော်ကသည်းနေတာဟု မောင့်ကို ငြူစူစောင်းမြောင်း အတင်းစကားပြောကြသည်။ မောင်က အပြုံးမပျက်၊





သူမမေတ္တာကို သူတစ်ဦးတည်းပိုင်ဆိုင်နေရခြင်းအပေါ် ကျေနပ်ကြည်နူးနေနိုင်ခဲ့သည်။ ဘယ်သူ့ မေတ္တာပျက်ပျက် မောင်သည် သူမက မေတ္တာမပျက်လျှင် အသက်ရှင်ရပ်တည်နိုင်မည့်သူဖြစ်သည်။

စုံတွဲတေးသီချင်းများ သီဆိုဖျော်ဖြေရာတွင်လည်း မောင်ကသူနှင့်သာ တွဲဖက်သီဆိုခဲ့သည်။ တခြားသူမများနှင့် ဘယ်သောအခါမှ တွဲမဆိုတတ်ခဲ့။ သူမကိုလည်း တခြားယောက်ျားဖော်များနှင့် စုံတွဲသီချင်း သီဆိုခွင့်မပြုခဲ့။ အခါအားလျော်စွာ သူမ အားကိုးအားထား ပြုနိုင်သူမှာ မောင်တစ်ယောက်သာဖြစ်သည်ဟု သူမကိုယ်သူမလည်း နားလည်လက်ခံထားခဲ့သည်။ ထို့ကြောင့် သူမသည် မောင်၏ သဘောထားများကို ဘယ်သောအခါကမျှ မဆန့်ကျင်ခဲ့။ မောင်၏ သဘောအတိုင်း အစဉ်အမြဲဖြစ်စေခဲ့သည်။ ထို့ကြောင့် မောင်ကလည်း သူမကို ကျေနပ်၏။ သူမကလည်း မောင့်ကို အပြစ်မမြင်တတ်ခဲ့။ သံယောဇဉ်ကြိုးတို့သည် ခိုင်မာသည်ထက် ပိုမိုခိုင်မာလာခဲ့ကြသည်။

ကျောင်းပြီး၍ လုပ်ငန်းခွင်ဝင်ရတော့မည့် အရွယ်ရောက်လာပြီမို့ သူမနှင့်မောင် အလုပ်အတွက် ဆွေးနွေးကြရတော့သည်။ ဝန်ထမ်းအလုပ်သည်မလွတ်လပ်သဖြင့် သူမနှင့်မောင် စိတ်မဝင်စားခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်စီးပွားရေးတစ်ခု ဖောက်ချလုပ်ကိုင်နိုင်ရန် ဆွေးနွေးတိုင်ပင်ခဲ့သည်။ မောင်တစ်ထမ်း မယ်တစ်ရွက် တက်ညီလက်ညီလုပ်ကိုင်နိုင်မည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်ခဲ့သည်။

''မောင် ့ တို့နှစ်ယောက် နေ့ကလေးထိန်း မူကြိုကျောင်းလေး ဖွင့်ကြရအောင်လားဟင် ့''

မောင်က သူမစကားအဆုံးတွင် ထောက်ခံခဲ့သည်။

''ကောင်းသားပဲ။ မောင်တို့က အုပ်ချုပ်ကွပ်ကဲမယ်။ ကလေးထိန်းကျွမ်းကျင်တဲ့ ဆရာမလေးတွေ ခန့်ထားမယ်၊ လိုအပ်တဲ့ ပစ္စည်းပစ္စယတွေကို မောင်တို့နှစ်ယောက် အပြင်ထွက်ဝယ်ပေးကြမယ်၊ စီမံခန့်ခွဲပေးကြမယ်၊ ကလေးတွေနဲ့ ဘဝအသန့်ရှင်း အစင်ကြယ်ဆုံးဖြစ်အောင် ကွပ်ကဲကြမယ်။ ဉာဏ်ရည်ဉာဏ်သွေးမီအောင် လိုအပ်တဲ့ ကစားစရာလေးတွေဝယ်မယ်။ စာဖတ်မြန်မြန်တတ်ကျွမ်းအောင် ကတ်ဆက်ခွေလေးနဲ့ စာသင်သံ စာအံသံတွေကို နားယဉ်အောင် ဖွင့်ပြပေးမယ်။ ကလေးလေးတွေ ပျော်ရွှင်နေအောင် ပျော်ပွဲရွှင်ပွဲလေးတွေ ကျင်းပပေးမယ်လေ ့နော် မကောင်းဘူးလား''

သည်သို့သည်နှယ် အပေးအယူသင့်မြတ်ကြသည်။ တစ်ယောက်၏ ရည်ရွယ်ချက်ကို တစ်ယောက်က ထောက်ခံအားပေး





တတ်သည်။ တစ်ယောက်၏ လုပ်ငန်းစဉ်ကို တစ်ယောက်က ပံ့ပိုးပေးတတ်သည်။ ထို့ကြောင့် သူမနှင့်သူ တပူးပူးတတွဲတွဲ မခွဲမခွာ အစဉ်အမြဲနီးစပ်ခြင်း ရှိကြသည်။ သံယောဇဉ်အကြင်နာတရား လွန်စွာကြီးကြ၏။ တစ်ယောက်နှင့်တစ်ယောက် စားအတူတူ နေအတူတူ ထိုင်အတူတူ သွားအတူတူ လာအတူတူ အမြဲတမ်း တူနှစ်ကိုယ် ယှဉ်တွဲလျက်ရှိနေခဲ့ကြသည်။

သံယောဇဉ်ကြိုးများ ခိုင်မာလာပြီး ဘဝ၏ ထာဝရ လက်တွဲဖော်များအဖြစ် ပေါင်းသင်းနေထိုင်လိုခဲ့ကြသည်။ လူကြီးမိဘများကလည်း သဘောတူခွင့်ပြုခဲ့သည်။ ခွင့်မပြုရ၍လည်း ရမည်မဟုတ်သော အကြောင်းတရားများက ခိုင်ခိုင်မာမာ ရှိနေကြပြီးဖြစ်သည်။ ထို့ကြောင့် တွက်ချက်စစ်ဆေးလိုသောကြောင့် ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းရှိရာ အာနန္ဒာစေတီတော်သို့ သူမသည် မောင်နှင့်အတူ ရောက်ရှိလာခဲ့သည်၊ သူတို့နှစ်ဦးစလုံး၏ လက္ခဏာပုံသဏ္ဍာန်သည် လွန်စွာတူ၏။ အိမ်ထောင်ရေးလမ်းကြောင်းများပေါ်တွင် ကျွန်းကလေးများ ကိုယ်စီပါ၏။ လက်မ၏ ဒုတိယအဆစ်နှင့် သောကြာကြိုလ်ခုံအကြားတွင်လည်း ကျွန်းကလေးက အထင်အရှားပေါ်လွင်နေသည်။ ထို့ကြောင့် သူတို့နှစ်ဦးကို ကျွန်မသည် သည်သို့ ဟောပြော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

''ရှင်တို့နှစ်ယောက်ဟာ ဆွေမကင်းမျိုးမကင်း သွေးသားချင်းတွေပဲ ဖြစ်ရမယ်။ ဒေဝဒဟကောလိယနယ် မောင်နှင့်နှမ တိုင်းပြည် တည်ထောင်သလိုမျိုး အစစအရာရာ အဆင်ပြေမယ်။ သာယာမယ်။ ကြင်နာမှုလည်း ထားတတ်ကြတယ်။ ဒါပေမယ့် ယခုခေတ်မြင်ကွင်းနဲ့တော့ အံချော်နေတာမို့ ပတ်ဝန်းကျင်ရဲ့ မေးငေါ့ခြင်း အတင်းပြောခြင်းတွေတော့ ခံကြရလိမ့်မယ် ့''

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ကျေနပ်နေခဲ့ကြသည်။





## နှလုံးသွေးများ ရွှေးရွေးပါစေ

''ဆရာမရယ် ့၊ ကျွန်မမှာ သမီးနှစ်ယောက်ရှိပါတယ်၊ ငယ်ငယ်လေးကတည်းက ချစ်လာခဲ့တဲ့ ညီအစ်မနှစ်ယောက်က ခုတလော ဘယ်လိုဖြစ်တယ်မသိပါဘူး ့၊ တစ်ယောက်နဲ့တစ်ယောက် စကားမပြောကြလောက်အောင်ကို ခပ်ကင်းကင်း ခပ်ခွာခွာဖြစ်နေခဲ့ကြပါတယ် ့၊ ကျွန်မသမီးလေးတွေဟာ နှစ်နှစ်ကြီး နှစ်နှစ်ငယ်ဆိုပေမယ့် အရုပ်အမောင်းကလည်း ညီညီညာညာပဲ၊ ကိုယ်လုံးကိုယ်ပေါက်တွေကလည်း ခပ်ဆင်ဆင်ပဲဆိုတော့ သူများတွေက အမြွှာပူးညီအစ်မလို့တောင် ထင်ထားကြတာ ့၊

အသားအရည် အရောင်အဆင်းကလည်း ရွှေဝါရောင်ဝင်းဝင်းလေးတွေနဲ့ အကြောစိမ်းစိမ်းလေးတွေကလည်း နှစ်ယောက်လုံးမှာ ထင်ထင်ရှားရှား စိုစိုပြည်ပြည် လှလှပပပါပဲ၊ ဆံပင်နွယ်ခွေခွေလေးတွေလည်း ဆင်တူကြပါတယ်၊ အင်မတန်လိုက်ဖက်ညီတဲ့ ညီအစ်မဆိုပြီး လူတွေက သူတို့ကို ခင်မင်တွယ်တာကြပါတယ်၊ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးရဲ့ မိတ်ဆွေအပေါင်းအသင်းတွေကလည်း အတူတူပါပဲ ..။ မကွဲမပြားကြပါဘူး။

အစ်မနဲ့ခင်တဲ့လူက ညီမနဲ့လည်း ခင်မင်ခဲ့တာပါပဲ ..။ တစ်ယောက်ကိုတစ်ယောက်လည်း ညီအစ်မနှစ်ယောက်က လူအထင်ကြီးအောင် စောင့်ရှောက်ပြောဆိုဆက်ဆံတတ်ကြပါတယ် ..။ သူတို့အချင်းချင်း အဆင်မပြေရင်နေရမယ်၊ သူများအထင်အမြင်သေးစကားပြောရင်တော့ အစ်မထိလည်း ညီမက မခံပါဘူး။ ညီမထိလည်း အစ်မက မခံမရပ်ဖြစ်တတ်ပါတယ်၊ အဲဒီလောက်ရှိသေလေးစားချစ်ခင်ကြတဲ့ ညီအစ်မနှစ်ယောက်မှာ ဘယ်လိုအကြောင်းကိစ္စ ပေါ်ပေါက်လာပြီး ခပ်စိမ်းစိမ်းဖြစ်နေကြတယ်ဆိုတာ ကျွန်မ တွေးဆလို့မရပါဘူးရှင် ..''

''ဒါဆိုရင် အမေလုပ်တဲ့သူက သမီးနှစ်ယောက်ကို ပွင့်ပွင့်လင်းလင်း ဖွင့်မေးကြည့်လိုက်ပါလား ..''

''ဘယ်နေပါ့မလဲ ဆရာမရယ် ..။ မေးကြည့်ပြီးပါပြီ၊ အကြီးမကြီးကလည်း အမေနဲ့မဆိုင်ပါဘူး။ လျှောက်တွေးမနေနဲ့၊ အမေလုပ်စရာရှိတာ အမေလုပ်တဲ့ ..။ အငယ်မကလေးကလည်း အမေရာ သမီးစိတ်ညစ်နေတဲ့အချိန်မှာ အေးအေးဆေးဆေးနေစမ်း





ပါရစေတဲ့ ..။ ဘာမှအဖြေရှာလို့မရဘူးဖြစ်နေတယ်၊ အဲဒါနဲ့ ကျွန်မလည်း သမီးနှစ်ယောက်စလုံးကိုပဲ ပြန်ပြောခဲ့ပါတယ်၊

ငါကတော့ ဒီသမီးလေးနှစ်ယောက် ချစ်လှချည်ရဲ့လို့ဆိုပြီး တွေးပျော်နေခဲ့ရတာ .. ညည်းတို့ကတော့ ငါထင်သလိုမဟုတ်ပါလား။ ညီအစ်မချင်းသွေးစည်းမှု၊ ညီညွတ်မှု ဘေးလူ သူစိမ်းတွေက ညည်းတို့ကို မှန်မှန်ကန်ကန်ဆက်ဆံကြမှာပေါ့၊ သွေးကွဲနေရင် ခြေထိုးမယ့်လူတွေပေါ်လာပြီး ညည်းတို့ရဲ့ဘဝအနေအထားတွေပဲ ညှိုးမှိန်သွားကြမှာ ..။ အဲဒါကို ကြပ်ကြပ်တွေး၊ ကြပ်ကြပ်သတိထား ကြားလားလို့ပဲ သတိပေးစကားပြောထားလိုက်ရပါတယ် ဆရာမ ..။

ဒါပေမဲ့ သူတို့ဘက်က အရင်လိုပုံစံပြန် ဖြစ်မလာတာ ရက်ပေါင်းတော်တော်လေး ကြာနေခဲ့ပြီ၊ တစ်လကိုးသီတင်းဖြစ်နေခဲ့ပြီမို့လို့ သူတို့ရှေ့ရေး ဘာတွေဖြစ်မလဲဆိုတာ သိချင်လို့ ဆရာမဆီကို ရောက်လာခဲ့ရတာပါရှင် ..''

''ကဲ ကောင်းပါပြီ၊ ရှင့်သမီးနှစ်ယောက်ရဲ့ ကံကြမ္မာတွေကို တွက်ချက်စစ်ဆေးကြည့်ပါဦးမယ် ..''

ကျွန်မလည်း သမီးနှစ်ယောက်၏ ကံကြမ္မာကို တွက်ချက်စစ်ဆေးကြည့်လိုက်ရာ အငယ်မ ဗုဒ္ဓဟူးသမီးမှာ ၁၈ နှစ် ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



စနေသက်ရောက်အခါသမယဖြစ်နေခဲ့၏။ ကံညံ့နေသူ ဖြစ်၍ စိတ်ထင်ရာစိုင်းသည့် နိမိတ်ပုံက ပေါ်ပြူနေခဲ့၏။ အစ်မကြီးဖြစ်သူမှာ ကြာသပတေးသမီး၊ အသက် ၂၀ ဖြစ်၍ တနင်္ဂနွေသက်ရောက်အခါသမယဖြစ်နေခဲ့၏။ ကြာသပတေးဂြိုဟ်အနေ မကောင်းသဖြင့် စိတ်ကြီးဝင်ဘဝင်မြင့်နေသော ကာလဖြစ်၏။

၎င်းတို့သည် လေးလတာကာလအတွင်း မိမိစိတ်ကိုယ်မိမိမထိန်းသိမ်းနိုင်ကြဘဲ သေးသေးတင်မခံနိုင်သော စိတ်နေစရိုက်အနေအထားမျိုးနှင့် ကိုယ်စီကိုယ်ငှ ဆုံးဖြတ်နေထိုင်ကြခြင်းဖြစ်လိမ့်မည်။ ရုတ်တရက် သာမန်ညှိနှိုင်းမျိုးခြင်းဖြင့် အဆင်မပြေနိုင်ကြ။ သူတို့၏ ကံကြမ္မာကို သေသေချာချာရှင်းပြပြောဆိုနိုင်မှသာ တစ်ယောက်အပေါ်တစ်ယောက် သနားကြင်နာစိတ်ဝင်ပြီး ပြန်လည်သင့်မြတ်နိုင်ကြမည်ဖြစ်သည်ကို ကျွန်မ တွေးဆကြည့်လိုက်မိလေ၏။ ပြီးလျှင် သောကပူပန်မှုများနေသော မိခင်အိုကြီးကို သည်သို့ရှင်းပြလိုက်ရလေ၏။

''ရှင့်ရဲ့သမီးအငယ်မလေးက စနေဂြိုဟ်ရဲ့ အုပ်စိုးမှုကိုခံနေရတယ်၊ သူလုပ်သမျှတွေဟာ အမှားမှားအယွင်းယွင်းတွေဖြစ်နေပြီး သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေတဲ့ကာလပါပဲ၊ ဒါကို သနားကြင်





နာစိတ်နဲ့ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ပြုပြင်ကူညီပေးမှ နဂိုမူလသူမစိတ်အတိုင်း ပြန်ပြီးတည် ငြိမ်သွားပါလိမ့်မယ် ."

''ဟုတ်လား ဆရာမ၊ ဒါဆိုရင် သမီးငယ်လေးကို ဘယ်လိုလုပ်ပေးရမလဲဆိုတာ နည်းပေးပါဦးရှင် ."

''လွယ်ပါတယ်၊ သမီးငယ်လေး ညံ့နေတယ်၊ သမီးငယ်လေးစိတ်ထဲမှာ ထင်ရာမြင်ရာတွေကို အမှန်ထင်ပြီးလုပ်နေရင် အောင်မြင်မှုတွေ ပျက်စီးလိမ့်မယ်၊ ဒီတော့ ဒီနေ့ကစပြီး ကံကြမ္မာကောင်းအောင် အဓိဋ္ဌာန်ပုတီးလေးစိပ်ပါဦးလို့ ဆိုပြီး ဂုဏ်တော် ၉ ပါးကို တစ်နေ့တစ်ပါး (၉) ပတ်စီ စိပ်နိုင်းလိုက်ပါ၊ (၉)ရက်အဓိဋ္ဌာန်ပြည့်ပြီးတဲ့အခါ သူ့မှာ ညံ့နေတဲ့ကံကြမ္မာကနေ အနိုက်အတန့်လွတ်မြောက်မှုရပြီး စိတ်တွေ တည်ကြည်ငြိမ်သက်လာပါလိမ့်မယ် ."

''ဟုတ်ကဲ့ပါ ဆရာမ၊ ကျွန်မသမီးငယ်လေးကို အဓိဋ္ဌာန်ဝင်ဖြစ်အောင် ပြုပြင်ပေးပါ့မယ်၊ သမီးကြီးကိုလည်း ဘာလုပ်ပေးရမလဲဆိုတာ ပြောပါဦးရှင် ."

''ရှင့်ရဲ့သမီးကြီးကတော့ ကံကြမ္မာကောင်းနဲ့ အောင်မြင်မှုအခွင့်အလမ်းကောင်းတွေရမယ့်နှစ်ပါပဲ၊ ဒါပေမဲ့ ကြာသပတေးဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com



အနေမကောင်းတာကြောင့် သူမှာ ခန္ဓာကိုယ်တွင်း စိတ်လက်မကြည် လင်တာတွေ၊ ကျန်းမာရေး ချူချာနေတာတွေ၊ လူမသိသူမသိ ခံစား နေရပါလိမ့်မယ်၊ ဒီတော့ သူဟာ စိတ်လက်မရှည်သူ ဖြစ်နေမှာပေါ့၊ အရာရာကို သည်းခံနိုင်စွမ်းနည်းပါးနေမှာပေါ့ ."

"ဟုတ်လား ဆရာမ၊ သူမှာ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘယ်လိုဝေဒနာမျိုးတွေ ခံစားနေရပါသလဲရှင် ."

"ဒါကလည်း လွယ်ပါတယ်၊ သူက အသက် ၂၀ ဆိုတော့ (၅) နဲ့ မြှောက်လိုက်ရင် (၁၀၀) ပေါ့၊ (၇)နဲ့ စားလိုက်ရင် (၂)ကြွင်း တာပေါ့၊ (၂)ကြွင်းရင် အကြောနဲ့ပတ်သက်တဲ့ရောဂါဝင်နေ တတ် တယ်၊ အကြောအခြင်တွေ ကိုက်ခဲနေတာ၊ တောင့်တင်းနေတာ ကြောင့် သူမှာ စိတ်လက်မကြည်မလင်ဖြစ်နေတာဖြစ်မှာပေါ့ .၊ ဒီညီအစ်မ နှစ်ယောက်ဟာ တစ်ယောက်ရဲ့အားနည်းချက်ကို တစ်ယောက်ကမသိဘဲ ပြောဆိုဆက်ဆံကြတဲ့အခါမှာ အမှားမှား အယွင်းယွင်းတွေဖြစ်ပြီး စကားမပြောချင် မခေါ်ချင်တာတွေ ဖြစ်နေ ကြတာ ဖြစ်မှာပါ"

"ဒါဆို သမီးအကြီးမကြီး ကျန်းမာရေး ကောင်းအောင် ဘာလုပ်ပေးရမလဲ ဆရာမ"





"ကျန်းမာရေးကောင်းအောင်တော့ ဆေးကုသရမှာပေါ့၊ အကြောနဲ့ပတ်သက်တဲ့ ဆရာဝန်တွေပြပြီး ဆေးထိုးဆေးစားရမှာပေါ့၊ သူ ကျန်းမာလာရင် အင်အားပြည့်ဝလာပြီး ကံကြမ္မာ ကောင်းသူဆို တော့ စိတ်လက်ကြည်လင်ရွှင်ပျလာပါလိမ့်မယ်၊ အဲဒီအချိန်ကျတော့မှ ညီမလေးက ကံဇာတာညံ့နေလို့ သူ့ကို သနားတဲ့စိတ်နဲ့ ကူညီပြုပြင် ပေးကြရအောင်လို့ စည်းရုံးလိုက်ရင် ဒီညီအစ်မ တစ်ယောက်နဲ့တစ် ယောက် သနားကြင်နာစိတ်တွေဝင်လာပြီး ပြန်လည်ညီညွတ် ချစ်ခင် ကြပါလိမ့်မယ် ."

"ဟုတ်ကဲ့ပါ ဆရာမ .၊ သမီးတွေကို ပြုပြင်ပေးရ မှာတော့ သိပါပြီ၊ အဲဒီသမီးနှစ်ယောက် အတွင်းစိတ်တွေ ပြန်ပြီးရင်းနှီး နွေးထွေးလာအောင် လုပ်ရမယ့်ယတြာကိုတော့ ကျွန်မ လုပ်ချင်ပါ သေးတယ်၊ အဲဒါလေးတော့ ကျွန်မ စိတ်ချမ်းသာမှုရအောင် ကူညီပါဦး ဆရာမ ."

"ကောင်းပါပြီရှင် .၊ ရှင့်သမီးနှစ်ယောက်က ဗုဒ္ဓဟူးနဲ့ ကြာသပတေးဆိုတော့ သူတို့တွေရဲ့ အညွန့်ပန်းတွေကို စဉ်းစားလိုက် ရင် ဗုဒ္ဓဟူးရဲ့ အညွန့်က ကြာသပတေးနံပန်း၊၊ ကြာသပတေးရဲ့ အညွန့်က သောကြာနံပန်းဆိုတော့ ကြာသပတေးနဲ့ သောကြာ



www.burmeseclassic.com

www.burmeseclassic.com



အတွဲကို စဉ်းစားမယ်ဆိုရင် ပျဉ်းတော်သိမ်ညွှန့်နဲ့ သပြေညွှန့်ရမှာပေါ့၊ ပျဉ်းတော်သိမ် (၅) ညွှန့်ရယ်၊ သပြေ (၆) ညွှန့် ရယ်ကို အပ်ချည်ကြိုးနဲ့ ရှင့်ရဲ့သက်စေ့ပူးချည်ပြီး အိမ်ရဲ့လေတိုက်ရာအရပ်မှာ ချိတ်ဆွဲထား လိုက်ရင် အဲဒီအညွှန့်အခက်တွေဟာ လေတိုက်တိုင်း လှုပ်နေလိမ့်မယ်၊ ရှင်သမီးနှစ်ယောက်ရဲ့ ရင်ထဲက တင်းခံနေတဲ့ အမုန်းစိတ်တွေကလည်း အရည်ပျော်ပြီး တစ်ယောက်ရင်ထဲကိုတစ်ယောက် မေတ္တာရေတွေ စီးဝင်လာပါလိမ့်မယ်ရှင် ..''

''ဟုတ်ကဲ့ပါ ဆရာမ၊ ကျွန်မ အိမ်ပြန်ရောက်တာနဲ့ ချက်ချင်းကို လုပ်လိုက်မှာပါ။ ပြီးမှ တစ်ယောက်ပြီးတစ်ယောက် ကံကြမ္မာအခြေအနေတွေကို ပြောပြရမယ်၊ သူတို့လေးတွေ အရင်လို ချစ်ချစ်ခင်ခင် ပြန်ဖြစ်လာကြရင်တော့ ကျွန်မလောက်ပျော်တဲ့လူ ဒီကမ္ဘာမှာ မရှိနိုင်တော့ပါဘူး ဆရာမရယ် ..''

''ဟုတ်ကဲ့၊ ရှင် ပျော်ရွှင်နိုင်ပါစေရှင်''

''ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ ဆရာမ၊ ကျွန်မကို ပြန်ခွင့်ပြု ပါဦးနော် ..''

သူမလည်း ကျွန်မ၏ရှေ့မှောက်မှ ချာခနဲ လှည့်ထွက်သွား ခဲ့လေတော့၏။ သုံးရက်ခန့်ကြာသောအခါတွင် သမီးနှစ်ယောက်၏





လက်ဝါးပုံစံလေးများကို မင်နှိပ်လျက် သမီးနှစ်ယောက်ဘဝရှေ့ရေးကို လက္ခဏာပညာဖြင့် ဟောပြောပေးပါရန် ပြန်လည်ရောက်ရှိလာခဲ့ပြန် လေ၏။ ကျွန်မလည်း အလွန်အလုပ်များနေသဖြင့် လက္ခဏာပုံစံလေး များကို ဟောစာတမ်းထုတ်လျက် ပြန်လည်စစ်ဆေးပေးမည် ဖြစ်ကြောင်း၊ နောက်နှစ်ပတ်လောက်မှ လာယူပါရန် ပြန်လည်ပြော ကြားပြီး လက္ခဏာဟောစာတမ်းထုတ်ရန် ယူထားလိုက်ရလေတော့ သတည်း။

သူမကလည်း ပျာပျာသလဲအမူအရာ ဖြင့် –

''ရပါတယ် ဆရာမ၊ အေးအေးဆေး ဆေးသာလုပ်ပါ၊ သူတို့ ဘဝတစ်သက်တာမှာ ဘာတွေဖြစ်မလဲဆိုတာကို သိချင်လို့သာ ဆရာမ ကို အပူကပ်ရတာပါ .၊ အလောသုံးဆယ် မဟုတ်ပါဘူးရှင်၊ ဆရာမကို ကျေးဇူးတင်တယ် သိလား .၊ သူတို့နှစ်ယောက် အရင်လိုပုံစံ ပြန်ဖြစ်သွားကြပါပြီဆိုတာ ဆရာမကို သတင်းထူး လာပေးချင်တာ အဓိကပါ ဆရာမ .''

''ဟုတ်လား .၊ ဒါဆိုရင် ရှင် သိပ်ပြီး ပျော်နေရပြီပေါ့ နော်''

''ဟုတ်ပါတယ် ဆရာမရယ် .ဟီး .ဟီး .''



www.burmeseclassic.com

www.burmeseclassic.com



# အဖော်ရှာရအောင်

တစ်နေ့သ၌ ကျွန်မ၏ ဗေဒင်လက္ခဏာဟောခန်းရှိရာ ကျိုက်ဒေးယျ(ရန်ကုန်အာနန္ဒာ) စေတီတော်သို့ သူမရောက်ရှိလာခဲ့သည်။ သူမ၏ အမည်မှာ ဥမ္မာခင်ဖြစ်သည်။ လှပပြည့်ဖြိုးသော တင်းတင်းရင်းရင်း အသွေးအသားများက သူမ၏ နုပျိုမိုပြည့်မှုကို ထင်ရှားပေါ်လွင်စေခဲ့သည်။ သူမ၏ ဘဝအနေအထားတို့ကို သူမက ရွှန်းရွှန်းဝေဝေဆာဆာ ရင်ဖွင့်ပြောကြားသွားခဲ့တော့၏။

''ဆရာမရယ်၊ အသက်နှစ်ဆယ်ကျော်ရင်ပဲ ဝင်ငွေကလည်း တော်တော်ကောင်းတဲ့ လုပ်ငန်းတစ်ခုရခဲ့တယ်။ အရေးပါ အရာရောက်တဲ့ နေရာမှာ ပါဝင်ထမ်းဆောင်ခွင့်ရခဲ့ပါတယ်ရှင်။ ရလိုက်တဲ့ငွေတွေဟာ နေ့ချင်းညချင်း စုမိဆောင်းမိဖြစ်လာပြီး ကျွန်မဘဝရဲ့ ရှေ့ရေးမျှော်လင့်ချက်လေးတွေ ဝင်လာခဲ့ပါတယ်။

ငါငွေရှာနိုင်ပြီပဲ။ ဒီငွေတွေနဲ့ ဘဝတစ်ခုကို ရပ်တည်မှုရအောင် တိတိကျကျ အသုံးချရမယ်။ ဒီတော့ ငါ့ဘဝမှာ အဖော်လိုတယ်။ ဘဝအဖော်ကောင်းရမှ ရှေ့ရေးအတွက်လှမ်းရမယ့် လှေကားထစ်တွေဟာ ချောမောနိုင်မယ်။ နှစ်ယောက်တစ်ဘဝ လက်တွဲရှာကြရင် စီးတဲ့ရေ ဆည်တဲ့ကန်သင်းလို ကြီးပွားချမ်းသာပြည့်စုံမှုတွေ မြန်ဆန်လာမှာ၊ ဟုတ်တယ် ငွေတွေကို ဘဏ်မှာသွင်းထားပြီး အဖော်ကောင်းရှာလို့ တိုးပွားအောင် ကြံစည်ဆောင်ရွက်မှ တော်ကာကျမယ်''

သူမလည်း စိတ်ကူးများဖြင့် မြူးကြွရွှင်လန်းပြီး လက်ဖျစ်ကလေးများ တီးလျက် လက်တွဲဖော်ကောင်းရှာဖွေခဲ့သည်။

ထိုစဉ်ကာလအတွင်း ငွေကြေးတိုးပွားအောင် ကြံစည်ဆောင်ရွက်နည်း စာအုပ်စာပေးများကိုလည်း ရှာဖွေဖတ်ရှုမှတ်သားနာယူခဲ့ပြန်၏။ ခေတ်မီသော မိန်းကလေးပီပီသသ လင်ယောက်ျားရွေးချယ်ရာတွင်လည်း ဘဝတစ်သက်တာ အားကိုးအားထားပြုနိုင်မည့် တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်ရုံမျှမက သူပိုင်အရည်အချင်းဖြင့် ငွေကြေးရှာဖွေသိမ်းဆည်းတတ်သူလည်းဖြစ်စေရန် ရွေးချယ်နေရခြင်းဖြစ်လေသည်။

ကမ္ဘာ့ဝန်ထမ်း မန်နေဂျင်းအဆင့်မှအသက်အစိတ်အရွယ်ခန့်ထင်ရသော ဖျတ်လတ်သန်စွမ်းမှု၊ ဝေဖန်ပိုင်းခြားမှု၊ စီမံဖန်တီး





www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ချတတ်မှုတို့နှင့် ပြည့်စုံသော အတွေးအခေါ်ကောင်းသည့် ချစ်သူမောင်ကို သူမရင်းနှီးစွာ ရှာဖွေတွေ့ရှိခွင့်ရခဲ့လေသည်။

သူမနှင့်မောင်တို့ ခေတ်မီမီတွေးဆလျက် ငွေကြေးရင်းနှီး မြှုပ်နှံမှုရှယ်ယာများ လုပ်ကိုင်ကြရင်းမှ တစ်စတစ်စ ကြီးပွားချမ်းသာလာသောကိန်းဆိုက်လျက် လန့်ဒန်၊ မြန်မာနှင့်ရွှေ ဂယောပေးဆက် လျက် ထိမ်းမြားလက်ထပ်ဖြစ်ခဲ့ကြလေသည်။ စီးပွားဖက်မှန်၍လား မသိ။ အသက်သုံးဆယ်ပင် မပြည့်တတ်သေးမီ ငွေသိန်းပေါင်းများ စွာ ကြွယ်ဝလျက် ပစ္စည်းဥစ္စာဂုဏ်ဓန မျက်နှာပွင့်စရာများနှင့်သာ ထည့်ထည့်ဝါဝါနေခွင့်ရခဲ့ကြလေသည်။

လူ့ဘဝသည် ပြည့်စုံမှုများကြားတွင် ခံနိုင်ရည့်စွမ်းအားနည်းပါးသူတို့အဖြစ် အပျော်ဘက်သို့ ဦးစားပေးလျက် ဘဝတွင်ပျော်စရာဟူသာ ရှာဖွေလိုက်စားတတ်ကြသည်မှာ ဓမ္မတာဖြစ်၏။ ပုံမှန်ပမာဏကြီးမားစွာ ဝင်လာနေသော ငွေအလျှံတွင် ပျော်ရွှင်မှုများ၍ စွက်ဖက်လာသောအခါ၌ အကြင်လင်မယားတို့သည် စည်လုံးမှုတို့ ပြိုကွဲစပြုလေတော့သည်။ သယာချိုမြိန်သော ခံစားခြင်းတို့နောက်သို့ တစိုက်မက်မက် လိုက်ပါရင်းမှ နွေးထွေးမှုမေတ္တာဓာတ်များ ပျောက်ကွယ်လျက် စိတ်ထင်ရာစိုင်းခြင်းကိုသာ မက်မောတတ်ကြလေ





တော့သည်။

ဥမ္မခင်၏အဖြစ်ကလည်း သည်သို့နယ် ဖြစ်လာခဲ့လေသည်။ ငွေကြေးအတွက် လုံးဝ ပူပန်ကြောင့်ကြစရာမရှိသော ကာလအတွင်းလင်ယောကျ်ား၏ စောင့်ရှောက်ဖေးမမှုတို့နှင့် ဝေးကွာခဲ့ရသည်။ မေတ္တာရင်ငွေ့နှင့် နိုလုံရမှုဝေးခဲ့သည်။ အလုပ်ကိုအကြောင်းပြလျက် ခရီးများစွာထွက်နေတတ်သော လင်ကို ပူပူပင်ပင် ကြောင့်ကြောင့်ကြကြ ဖြစ်လာရတော့သည်။

သူမကိုယ်တိုင် စိန်နှင့် ရွှေနှင့် ငွေကြေးပိုးဖဲကတ္တီပါတို့နှင့် ပြည့်လျှမ်းနေခဲ့သည်။ သူမ၏ ရင်တွင်း မေတ္တာလှိုင်ပြင်တွင်တော့ ပူပြင်းခြောက်သွေ့မှု သဲကန္တာရပမာ အကျည်းတန်နေခဲ့သည်။ သူမဘဝတွင် တကယ်တမ်းပျော်မွေ့မှုရှာဖွေ၍ မရနိုင်တော့ဘဲ မေတ္တာငတ်ခြင်း ချည့်ခြင်းတက်လေတော့သည်။

``ဆရာမရယ် ့။ ကျွန်မလေ ပြည့်စုံမှုတွေကြားမှာ ပျော်စရာတွေရှာရင်းကကို ပျင်းရိငြီးငွေ့ခြင်းတွေ၊ စိတ်ပျက်ပင်ပန်းခြင်းတွေ၊ အသက်ရှူမဝခြင်းတွေ အလိုဆန္ဒမပြည့်ဝခြင်းတွေသာ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ရင်ဆိုင်နေခဲ့ရပါတယ်ရှင်။ အဲဒါ ဘဝမှာ မိသားစုဘဝလေးရဲ့ ပျော်ရွှင်ချမ်းမြေ့မှု အသီးအပွင့်တွေကို မျှ



www.burmeseclassic.com

www.burmeseclassic.com



ဝေခံစားခြင်းတွေနဲ့ ဘဝမှာရေ့ရေးရင်အေးချမ်းမြေ့ရှိချင်ပါတော့တယ်။ မိသားစုရိပ်မြုလေးတစ်ခုမှာ တွေ့ကြုံလာရမယ့် ပျော်ရွှင်ခြင်းတွေ ဖြေရှင်းပေးရမယ့် အခက်အခဲအနှောင့်အယှက်တွေ၊ ဖန်တီးပေးရမယ့် အနာဂတ်တွေကို ပြုစုပျိုးထောင်ရင်းနဲ့ပဲ ပျော်မွေ့ချင်ပါတော့တယ်ရှင်။

ဒါပေမယ့် . ဒီအချိန်မှာ ကျွန်မရဲ့ အိမ်ထောင်ဖက်က သာယာမှုတွေနောက်မှာ မိန်းမောပြီး သားသမီးယူမယ်ဆိုရင်လည်း လုပ်ငန်းတွေက အများကြီး။ ကလေးတွေကို ဂရုစိုက်နိုင်မှာမဟုတ်ဘူး။ ငယ်ပါသေးတယ်။ နောက်တစ်နှစ်၊ နှစ်နှစ်လောက်မှ ယူကြတာပေါ့နဲ့ အချိန်တွေဆွဲပြီး သူနေချင်သလိုသာ နေနေပါတော့တယ်။

ဒါပေမယ့် သူ့ဘဝဟာ နှပျိုပြည့်မှုတွေ ပိုကဲလာပြီး ရွှင်လန်းအားရတက်ကြွမှုတွေကလည်း အပြည့်အဝပါပဲရှင်၊ သူ့ဘဝကို သူ တကယ်ပျော်နေတာပါ။ ကျွန်မလည်း ကျွန်မပျော်စရာလမ်းကြောင်းပေါ်က ခဏဆင်းပြီး သူ့ဘဝနောက်ကို တစေ့တစောင်းလှေလာအကဲခတ်ကြည့်မိတော့မှ ကျွန်မရင်တွင်းမီးတောင်ကြီးပေါက်ကွဲသွားသလို ခံစားချက်ပြင်းထန်ခြင်းတွေနဲ့ နပူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတော့တာပါပဲရှင်''

''ဟုတ်ကဲ့ ဆက်ပြောပါဦး .၊ ကျွန်မနားထောင်နေပါ





တယ် .''

ရက်စက်လိုက်တာ ဆရာမရယ်၊ သူက အငယ်အနှောင်းနဲ့ သားသမီးတောင် ထွန်းကားနေခဲ့ပြီပဲ။ ကျွန်မနဲ့သာ ကလေးမယူတာ .၊ နောက်မိန်းမနဲ့ကျတော့ သားသမီးနဲ့ပါလားဆိုပြီး ကျွန်မရင်မှာ နာကျင်ခံစားခက်ခြင်းဝေဒနာတွေ စိုးမိုးနေခဲ့တာကြာပါပြီရှင်။ ရှေ့တိုးရလည်းအခက် နောက်ဆုတ်ရလည်း အခက်နဲ့ ကျွန်မဘဝရှေ့ရေး ဘယ်လိုဖြေရှင်းနေထိုင်ရမယ်ဆိုတာပဲ သိချင်နေမိပါတော့တယ် .၊ ဒါကြောင့် ဆရာမဆီမှာ ဗေဒင်လက္ခဏာကြည့်ရင်း ကျွန်မရှေ့ရေးအဖြေကို ရှာကြည့်မိခဲ့တာပါ ဟင်း .''

သူမလည်း မောသွားဟန်ဖြင့် သက်ပြင်းရှည်ကြီးချပြီး ငြိမ်သက်တိတ်ဆိတ်သွားခဲ့လေသည်။ ကျွန်မ၏ လုပ်ငန်းတွင် သည်သို့သော ဖြစ်ရပ်များက မကြာခဏပေါ်ပေါက်လာတတ်သည်မို့ ကျွန်မဘက်မှ သူမကို ကူညီဖြည့်ဆည်းပေးရန် တွက်ချက်စဉ်းစားအဖြေရှာဖွေပေးခဲ့ရလေတော့သည်။

''ရှင့်ယောက်ျားနောက်မိန်းမယူထားတာကို ရှင်သိကြောင်း ရှင့်ယောက်ျားကို ပြဿနာတွေနဲ့ ရင်ဖွင့်ပြီးသွားပြီလား .''

''ဘယ်နေပါ့မလဲ ဆရာမရယ် .၊ ရင်ဖွင့်ရုံသာမကဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ သူပိုင်ဆိုင်သမျှတွေအားလုံးကို ကျွန်မနာမည်နဲ့ လွှဲပြောင်း တာဝန်ယူခဲ့ရတော့တာပါပဲ ..။''

''ဒီတော့ သူ့ဘက်က ရှင့်ဆန္ဒတွေကို လိုက်လျောတာပဲလား ..။''

''လိုက်လျောရုံတင်ဘယ်ကမှာလဲ၊ သူက ကျွန်မမခံချင်အောင်တောင် ပြောသွားခဲ့ပါသေးတယ်။''

အေး မင်းလိုချင်တဲ့ ပစ္စည်းဥစ္စာငွေကြေးတွေကို ငါက မက်မက်မောမော မရှိလှပါဘူးကွာ။ ငါ တကယ်လိုချင်နေတာက ကြင်နာမှုမေတ္တာတရားပါ။ ဒါတွေကို မင်းနဲ့ပေါင်းသင်းလာသမျှ ကာလပတ်လုံးမှာ ငါတစ်ကြိမ်တစ်ခါမှ မခံစားခဲ့ရသေးပါဘူးကွာ.။ မင်းကို ကျေးဇူးတင်ပါတယ်။ မင်းပစ္စည်းတွေ မင်းထိန်းသိမ်းလိုက်ပြီဆိုတော့ တစ်ဖက်က မိန်းကလေးအတွက်လည်း သိမ်ငယ်မှုတွေ ကင်းမဲ့သွားခဲ့ရတာပါပဲ။ လူမသိ သူမသိ ပေါင်းသင်းနေထိုင်ရတဲ့ ဘဝကနေ လူသိရှင်ကြားနေထိုင်ခွင့်ရခဲ့ပြီပဲတဲ့ .။ သူ့ဘက်က ကျွန်မအပေါ်မှာ လုံးဝကိုစိမ်းစိမ်းကားကားကြီး ဖြစ်သွားခဲ့ပါတယ်ရှင်''

သူမ ပြောရင်း ရင်ကွဲပက်လက် မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် စီးကျလာလေတော့သည်။ သူမ၏ လင်သားက အနိုင်





နင့်ပိုင်းလိုက်ခြင်းကို အမှန်တကယ် ခံစားလိုက်ရခြင်းဖြင့် မခံချိ မခံသာ ဝေဒနာတို့ဖြင့် ရှေ့ဆက် သူမ မျှော်လင့်သလို ဘဝ၏ သာယာချမ်းမြေ့မှုများကို မရနိုင်တော့ရုံမျှမက လုံးဝဆုံးရှုံးခံလိုက်ရခြင်းပင် ဖြစ်လေတော့သည်။

ကျွန်မလည်း သူမကို စိတ်လိုလက်ရ ကြေကွဲခွင့် အခိုက်အတန့်ပေးထားပြီးမှ ကျွန်မဘက်မှ သူမကို စတင်၍ ကူညီလိုက်ပါလေတော့သည်။

ရှင့်ဘက်က မေတ္တာတရား မှန်ကန်ခဲ့ရင် ရေရှည်မှာ ရှင်လိုချင်တဲ့ သာယာချမ်းမြေ့ခြင်းဘဝကို ပြန်ရနိုင်ဦးမှာပါ။ ရှင်စိတ်မလျှော့ပါနဲ့။ အခုလို စိတ်တွေနေချိန်မှာ ဒီအသိုက်အဝန်းနဲ့ ခပ်ကင်းကင်းလေးနေပြီး ရှင့်စိတ်တွေကို တည်ငြိမ်ငြိမ်သက် ရှင့်ကျက်သွားအောင် ကြိုးစားအားထုတ်နေတော့ပေါ့။ အချိန်ကာလတစ်ခုခုကို ရောက်လာဦးမှာပါ။ ဒီအချိန်မှာသာ ရှင့်ရင်ထဲက နာကျည်းမှုတွေ၊ မုန်းတီးမှုတွေ၊ စိုးရိမ်မှုတွေ၊ သောကတွေနဲ့ လုံးထွေးနေတဲ့ အကြောက်တရားတွေကို ဖယ်ထုတ်လိုက်ပြီး သူ့ပေါ်မှာ ကြင်နာမှု မေတ္တာတရား ရင်ငွေ့နဲ့ ပြန်လည်ပေးဆပ်နိုင်အောင် ကြိုးစားထားပါ။ ဒီလိုမှ ခံနိုင်ရည်အင်အားသတ္တိတွေကို ရှင်မမွေးမြူဘူးဆိုရင်တော့ ရှင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးမှာ အရှုံးတရားကြီးများစွာနဲ့ ဘဝမှာ အထီးကျန်ဆန် သွားလိမ့်မယ် ..''

''ဟုတ်ကဲ့ ဆရာမ၊ ကျွန်မယောက်ျားဘက် ကျွန်မကို ပြန်ပြီးနားလည်လာနိုင်မယ့် အချိန်ထိအောင် ကျွန်မစိတ်တွေကို ခံနိုင်ရည်စွမ်းအင်အားပြည့်ဝအောင် စောင့်ရှောက်ရင်း မျှော်လင့်နေပါတော့မယ်။ ကျွန်မရဲ့ အားနည်းချက်တွေကို ပြည့်ဆည်းနိုင်ဖို့ ဆရာမ တို့ ပညာရပ်တစ်ခုခုနဲ့ ကူညီပေးပါရှင် ..''

ကျွန်မလည်း သူမနေ့စဉ် ရွတ်ဖတ်ရန် စိတ်တည်ငြိမ်မှု အဓိဋ္ဌာန်ကို ရေးပေးလိုက်ရလေတော့သတည်း။

''ငါ့စိတ်တွေကို အတည်ငြိမ်ဆုံးနေဖို့ ငါအဓိဋ္ဌာန် ပြုလိုက်ပြီ။ ငါ့စိတ်မှာဖြစ်နေတဲ့သောကတွေ၊ စိုးရိမ်မှုတွေ၊ မုန်းတီးမှုတွေ ကြောက်လန့်မှုတွေကို ဖယ်ထုတ်လိုက်ပြီ ..''

''ငါဟာ တကယ်အေးချမ်းတယ် ..၊ တကယ်တည်ငြိမ်တယ်။ ပကတိတည်ငြိမ်နေတဲ့ ရေကန်လို ငါ့စိတ်ဟာ ဖြစ်သွားပြီ။ ငါဟာ တည်ငြိမ်အေးချမ်းနေတဲ့စိတ်နဲ့ စကြဝဠာစွမ်းအားထုတ်ကြီးထဲကို ထိုးဖောက်ဝင်ရောက်တော့မယ်''

အဲဒီစာတန်းလေးကို နေ့စဉ် ၁၀၈ လုံးပုတီးနဲ့စိပ်ရင်း ရွတ်





ဆိုပေတော့ပေါ့ ..၊ တစ်နေ့ ပုတီးတစ်ပတ်စိပ်နိုင်ရင် ရှင်ဟာ မကြာခင်အချိန်လေးအတွင်းမှာပဲ စိတ်စွမ်းရည်တွေနဲ့ ပြည့်စုံသူ မိန်းမသားတစ်ဦး ဖြစ်လာမှာအမှန်ပါပဲရှင် ..''

''ကျေးဇူးတင်ပါတယ် ဆရာမ''

**ရွှေယမင်းဦး**



www.burmeseclassic.com